မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၂၄]

အတတ်ပညာနှင့်တူသောဉစ္စာမရှိ

* အတတ်ပညာနှင့်တူသောဉစ္စာသည်မရှိ၊
* အတတ်ပညာကို ခိုးသူတို့မခိုးနိုင်၊
* အတတ်ပညာသည် ယခုဘဝ၌ အဆွေခင်ပွန်းဖြစ်၏၊
* တမလွန်လောက၌ ချမ်းသာကို ဆောင်စေတတ်၏။

စည်ပင်ဖွံ့ဖြိုး အလုတိုး၊ သာယာရှင်ပျော် နေပြည်တော်

နေပြည်တော် မြို့မဈေးကြီးကို ဤသို့တွေ့ရသည်။

ငါးဈေးကွက်ကြီးဖြစ်လာမည့် ကြို့ကုန်း ငါးတင်/ချ ဆိပ်ခံတံတားနှင့် ငါးလေလံဈေးဖွင့်

စာမျက်နှာ-၃

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ ဂျီနီဗာ၌စတင်

စာမျက်နှာ-၄

ဗီယက်နမ်စီးပွားရေးလုပ်ငန်းကုမ္ပဏီများအတွက် အလားအလာကောင်းနေသော မြန်မာပြည်ဈေးကွက်

ဘာသာပြန်-စိန်ရင်

ဗီယက်နမ်စီးပွားရေးလုပ်ငန်းကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်သင့်ကြောင်း၊ ဗီယက်နမ်ကုမ္ပဏီများ၏ အဆင့်မြင့်ထုတ်ကုန်များအပေါ် မြန်မာနိုင်ငံရှိ လူဦးရေ ၅၅ သန်း၏ ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း ဟိုချီမင်းစီးတီးရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုစင်တာ၏ ထုတ်ပြန်ချက်အရသိရသည်။

၎င်းစင်တာ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ဖန်သီဟိုင်း၏ပြောကြားချက်အရ ဗီယက်နမ်ကုမ္ပဏီများ၏ အဆင့်အတန်းမြင့် ထုတ်ကုန်များအပေါ်တွင် မြန်မာပြည်သူများ၏ စာမျက်နှာ ၅ ကော်လံ ၁ ◆

TOYOTA FORKLIFT MYANMAR

Joint Business of

TOYOTA TSUSHO CORPORATION TRENDY MYANMAR Co., Ltd

TOYOTA FORK LIFT / TOWING TRACTOR / HAND PALLET

▪ Sales ▪ Rental ▪ Service

PH. 01-400221, 09-252719117,09-792242928

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အသိတရားနှင့် ဆင်ခြင်တုံတရား

မည်သည့်အမှုကိစ္စတို့၌မဆို လုပ်သင့်မလုပ်သင့်၊ ပြောအပ်မပြောအပ် ဆင်ခြင်တုံတရားနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် လူတို့၏ ကိုယ်ပိုင် အသိတရားပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မိမိတို့၏ စဉ်းစားတွေးခေါ်မှုနှင့် ဆက်စပ်မှုအရ ဖြစ်ပေါ်လာသော အသိဉာဏ်ပိုင်းဆိုင်ရာ ပစ္စည်းပင်ဖြစ်ပါသည်။ ထိုအသိတရား၊ အသိဉာဏ်ပိုင်းဆိုင်ရာ ပစ္စည်းသည် လူသားတစ်ဦးချင်းစီ၏ ဘဝဖြစ်ပေါ် တိုးတက်မှုနှင့် ဆက်စပ်လျက်ရှိပါသည်။

အသိတရားနှင့်ဆင်ခြင်တုံတရားတို့သည် ရုတ်တရက်ဖြစ်ပေါ်လာသော အမှုကိစ္စများ၊ ပြဿနာများနှင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရာတွင် အစွမ်းထက်သော လက်နက်သဖွယ် အသုံးဝင်လှပါသည်။ လူတို့၏ဘဝလမ်းကြောင်း ဖြောင့်မတ် မှန်ကန်ရေးအတွက် တည့်မတ်ပေးနိုင်စွမ်းရှိပါသည်။ ကျွန်ုပ်တို့လူသားများသည် ပုထုဇဉ်များဖြစ်ကြသည့်အလျောက် ရံဖန်ရံခါလောကဓံ၏ရိုက်ခတ်မှုကို ကြုံကြရလေ့ရှိပါသည်။ ထိုအခါ အသိတရားနှင့်ဆင်ခြင်တုံတရားတို့သည် လောကဓံ၏ ရိုက်ခတ်မှုကိုကြံ့ကြံ့ခံ တွန်းလှန်နိုင်စွမ်းရှိပါသည်။

အသိတရားဟူသည် လုပ်သင့်မလုပ်သင့်၊ ပြောသင့်မပြောသင့် စဉ်းစားတွေးခေါ်ပြီး လုပ်သင့်သည့်အခါ လုပ်ခြင်းဖြစ်ပြီး ပြောဆိုသင့်သောအခါတွင်လည်း ပြောဆိုမှုပင်ဖြစ်ပါသည်။ ဆင်ခြင်တုံတရားမှာမူ ဖြစ်ပေါ်လာသော အမှုကိစ္စတို့အပေါ် ကျိုးကြောင်းဆက်စပ် တွေးခေါ်လုပ်ကိုင်ပြောဆို ဆောင်ရွက်မှုပင်ဖြစ်ပါသည်။ အသိတရားနှင့်ဆင်ခြင်တုံတရားတို့သည် သဘောတရားချင်း ဆင်တူသလိုရှိပါသည်။ အသိတရားသည်မဖြစ်သေးသော အမှုကိစ္စများ၊ ဖြစ်လတ္တံ့သော အခြေအနေတွင် စဉ်းစားတွေးခေါ် လုပ်ကိုင်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ ဆင်ခြင်တုံတရားမှာမူ ဖြစ်ပြီးသောအမှုကိစ္စတစ်ခုအပေါ် အကောင်းဆုံးစဉ်းစားဆုံးဖြတ် လုပ်ကိုင်မှုပင်ဖြစ်ပါသည်။

လောကတွင် အသိတရားနှင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုမူပြောဆိုမှု၊ လုပ်ကိုင်ဆောင်ရွက်မှုတို့ကြောင့် မဖြစ်သင့်မဖြစ်ထိုက်သည်များဖြစ်ပွားလျက်ရှိပါသည်။ မပြောသင့်သော စကားကိုပြောဆိုမိ၍ အကျိုးစီးပွားကို ဆုတ်ယုတ်သွားနိုင်ပါသည်။ ထို့အတူ မလုပ်သင့်သောအရာကို လုပ်မိခြင်းကြောင့် ဘဝတစ်လျှောက်လုံး အမှားမှားအယွင်းယွင်း ရင်ဆိုင်ရတတ်ပါသည်။ ဆင်ခြင်တုံတရားမဲ့စွာ လုပ်ကိုင်ဆောင်ရွက်မှုကြောင့် အကျိုးယုတ်စေနိုင်ပါသည်။ အမေရိကန်တရားသူကြီးချုပ်ဟောင်း အားလ်ဝါရန်ဆိုသူက တရားမျှတမှု အသက်ဝင်ရှင်သန်နေခြင်းသည် ဥပဒေပြဋ္ဌာန်းချက်များကြောင့် မဟုတ်ဘဲ အသိတရားကြောင့်ဖြစ်ကြောင်း ပြောဆိုဖူးပါသည်။ လူတို့၏အသိတရားရှိမှုသည် ကြီးပွားတိုးတက်မှုတိုင်းအတွက် အလွန်ပင်အရေးကြီးပါသည်။ သို့ဖြစ်၍ လူတိုင်းလူတိုင်း မည်သည့်အမှုကိစ္စတို့၌မဆို အသိတရားနှင့် ဆင်ခြင်တုံတရားများ လက်ကိုင်ထားပြီး လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ဘဝတွင် အခက်အခဲများကိုကျော်လွှားပြီး အောင်မြင်တိုးတက်ကြီးပွားခြင်း၏ အခြေခံအကြောင်းတရားများပင်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၁၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

မြန်မာ့သမိုင်းဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

ဇန်နဝါရီ ၂၉ ရက် နံနက်က နေပြည်တော်အမျိုးသားစာကြည့်တိုက်၌ ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက် ဦးစီးဌာန၏ ဌာနတွင်းမြန်မာသမိုင်းဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ(၁/၂၀၁၆)ကို ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သမိုင်းသုတေသန နှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒာမှွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာနမှ သုတေသနဝန်ထမ်းများအနေဖြင့် စာတမ်းရေးသားရာတွင် စာတမ်း၏ရည်ရွယ်ချက်ကို အဓိကထားစဉ်းစားစေလိုကြောင်း၊ မိမိရေးသားရခြင်းအကြောင်းနှင့် စာတမ်းဖြစ်ပေါ်လာအောင် စေ့ဆော်ပေးသောအရာများ၊ စာတမ်းတွင် ပါဝင်သောအမည်၊ အခေါ်အဝေါ်နှင့်ဒေသအမည်များကို တိတိကျကျ ရေးသားဖော်ပြရေးနှင့် လိုက်နာကျင့်သုံးရမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ အကျယ်တဝင့် ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲကို ကျင်းပရာတွင် သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာနှင်းယုခိုင်က "ဆင်ဖြူရှင်မင်းလက်ထက် မြန်မာစစ်အင်အား တိုးတက်လာပုံကို လေ့လာခြင်း စာတမ်း" ကို ဖတ်ကြားတင်သွင်းရာ တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ချင်းတွင်းမြစ်သွားရေယာဉ်များ ကုန်ချိန်အပိုတင်ဆောင်မှုကြောင့် အန္တရာယ်ရှိ

ထင်သာမြင်သာပြုပြင်စရာ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်း မြစ်ကမ်းဘေးရှိ ခရိုင်နှင့်မြို့နယ်များမှ ပြည်သူများသည် အချို့နေရာများတွင် ကုန်းလမ်းခရီးသွားရေးလာရေးခက်ခဲမှုကြောင့် ရေလမ်းခရီးဖြစ်သည့် အမြန်ရေယာဉ်များကို အဓိကထားအားကိုးပြီး သွားလာနေကြ၍ ရေလမ်းခရီးတွင် မမျှော်မှန်းရဲသင့်ဖြစ်ရပ်များ မကြုံတွေ့စေရေး စိုးရိမ်ပူပန်လျက်ရှိသည်။

ခရီးသွားပြည်သူတစ်ဦးက "ကျွန်တော်တို့က လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် လူစီးအမြန် ရေယာဉ်တွေကိုပဲ အားထားရတယ်။ တချို့ လူစီးအမြန် ရေယာဉ်တွေမှာ သတ်မှတ်ကုန်ချိန်ထက်ကျော်လွန်ပြီး တင်ကြပါတယ်။ လိုက်ရတဲ့ ခရီးသည်တွေမှာလည်း ရင်တထိတ်ထိတ်နဲ့ စီးနင်းရပါတယ်။ တစ်နှစ်မှာ နှစ်စင်း သုံးစင်းခန့် အမြန်ရေယာဉ်နှင့် ကုန်တင်အမြန်ရေယာဉ်များ နစ်မြုပ်တာတွေကြားနေရပါတယ်။ သက်ဆိုင်ရာကစစ်ဆေးရင်လည်း စစ်ဆေးတုန်းခဏပါပဲ ပြီးရင် စည်းကမ်းဖောက်ဖျက်မြဲ ဖောက်ဖျက်နေတာတွေ တွေ့ရှိနေရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာက စည်းကမ်းပျက် အမြန်ရေယာဉ်များကို စနစ်တကျစစ်ဆေးပြီး တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

သံတွဲမြို့နယ် မြုံချောင်းကျေးရွာ၌ မီးလင်းရေးဖွင့်ပွဲကျင်းပ

သံတွဲ ဇန်နဝါရီ ၃၁

သံတွဲမြို့နယ် မြုံချောင်းကျေးရွာ မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ စတုတ္ထပတ်က အဆိုပါကျေးရွာရှိ ၁၀၀ ကေဗွီအေ ထရန်စဖော်မာရှေ့၌ကျင်းပရာ ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းဝဏ္ဏတက်ရောက်ပြီး ၁၀၀ ကေဗွီအေထရန်စဖော်မာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်အဖွဲ့သည် ကျေးရွာတွင်း မီးသွယ်တန်းထားရှိမှုနှင့် မီးရရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုသည်။ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာက ကျေးရွာပြည်သူများ ၂၄ နာရီ လျှပ်စစ်မီးရရှိပြီးဖြစ်သဖြင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် စနစ်တကျ အသုံးပြုကြရန်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်

ကန်ပက်လက် ဇန်နဝါရီ ၃၁

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ကျေးရွာပေါင်း ၁၂၂ ရွာတွင် အကောင်အထည်ဖော်လျက်ရှိရာ ကမ္ဘာ့ဘဏ်မှ Ms. Susan Elizabeth Wong နှင့် အကြံပေးပညာရှင်ငါးဦး၊ နေပြည်တော် ကျေးလက်ဦးစီးဌာနရုံးချုပ်မှ လက်ထောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့ဝင်များ ဇန်နဝါရီလ နောက်ဆုံးပတ်က ကျေးရွာသုံးရွာသို့ ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။ **အောင်ရွှေ(ပြန်/ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း　　၃၁-၁-၂၀၁၆

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၄၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၈၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၄၅၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

ဒီဇယ်	၄၇၀/၄၈၀ ကျပ်
အောက်တိန်း ၉၂	၅၂၀/၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၃၀/၆၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀/၅၂၀ ကျပ်

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

ဒီဇယ်	၅၄၀/၅၆၀ ကျပ်
အောက်တိန်း ၉၂	၆၀၀/၆၂၀ ကျပ်
အောက်တိန်း ၉၅	၇၁၀/၇၅၀ ကျပ်
ပရီမီယံဒီဇယ်	၅၇၀/၆၂၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀	- ၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀	- ၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀	- ၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀	- ၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀	- ၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀	- ၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀	- ၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀	- ၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀	- ၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀	- ၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀	- ၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀	- ၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၉၅
ဥရောပ	တစ်ယူရို	၁၄၁၀.၅
စင်ကာပူ	တစ်ဒေါ်လာ	၉၀၄.၉၃
ထိုင်း	တစ်ဘတ်	၃၆.၁၂၃
အိန္ဒိယ	တစ်ရူပီး	၁၈.၉၈၅
တရုတ်	တစ်ယွမ်	၈၉၆.၈၇
မလေးရှား	တစ်ရင်းဂစ်	၃၀၄.၆၇

ခင်ရတနာ-စုစည်းသည်။

ငါးဈေးကွက်ကြီးဖြစ်လာမည့် ကြို့ကုန်း ငါးတင်/ချ ဆိပ်ခံတံတားနှင့် ငါးလေလံဈေးဖွင့်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြစ်ကမ်း၊ အနောက်ကြို့ကုန်းနယ်မြေတွင် ငါးဖမ်းရေယာဉ်များ အလွယ်တကူ ဝင်ရောက်ဆိုက်ကပ်နိုင်ပြီး ရေချို၊ ရေငန် ငါးကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချကာ ငါးဈေးကွက်ကြီး တစ်ခုဖြစ်ပေါ်လာစေမည့် ကြို့ကုန်း ငါးတင်/ချ ဆိပ်ခံတံတားနှင့် ငါးလေလံဈေးဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါဝင်း၌ ကျင်းပသည်။

ဖွင့်ပွဲသို့ မြန်မာ-နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ရေချို၊ ရေငန်ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကြို့ကုန်း ငါးတင်/ချ ဆိပ်ခံတံတားအတွင်းရှိ ရေချို၊ ရေငန် ငါးကုမ္ပဏီအသီးသီးမှ ငါးကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(ယာပုံ)**

"အခုလို နိုင်ငံတကာအဆင့်မီ ခေတ်မီငါးချဆိပ်ကမ်းနဲ့ ငါးဈေးကွက်ကို တိုးမြှင့်ဖွင့်လှစ်နိုင်ပြီဖြစ်လို့ ငါးဖမ်းရေယာဉ်တွေက ဖမ်းဆီးရရှိလာတဲ့ ရေချို၊ ရေငန် ငါး/ပုစွန်တွေကို အချိန်နဲ့တစ်ပြေးညီ ဒီဆိပ်ကမ်းကြီးကို တင်ပို့နိုင်ပြီဖြစ်ပါတယ်။ ပြည်တွင်းစားသုံးဖို့သာမက ပြည်ပနိုင်ငံ အသီးသီးကိုလည်း တင်ပို့ရောင်းချနိုင်မယ့် ငါးလေလံဈေးကွက်ကြီး ပေါ်ပေါက်လာတော့မှာဖြစ်လို့ ရေလုပ်ငန်းကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်ပါတယ်"ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ပြောသည်။

အဆိုပါ ငါးတင်/ချ ဆိပ်ကမ်းသစ်ကြီးကို မြန်မာ-နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICO)နှင့် အောင်ဖြိုးမြတ်ကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်ခြင်းဖြစ်သည်။ ရန်ကုန်မြို့ အနောက်ကြို့ကုန်းနယ်မြေသည် အအေးခန်းစက်ရုံများ အသင့်ရှိနေပြီး ရေလုပ်ငန်းဇုန်တစ်ခုဖြစ်သည်။ ယင်းနယ်မြေရှိ ငါးလုပ်ငန်းဦးစီးဌာနပိုင် မြေဧရိယာ အလျား ပေ ၇၀၀၊ အနံ ပေ ၄၀၀ အကျယ်၌ ယင်းလေလံဈေးသစ်ကြီးကို ၂၀၁၄ ခုနှစ် ဇူလိုင်လ စတင်အကောင်အထည်ဖော်ပြီး ယနေ့တွင် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

"အဓိကကတော့ ဒီဆိပ်ကမ်းကြီးကို ငါးဖမ်းစက်လှေတွေ များများဝင်လာပြီး ငါးတင်/ချ လုပ်ငန်းတွေ များများလုပ်နိုင်ဖို့လိုတယ်။ လတ်တလောမှာတော့ ဒီဆိပ်ခံတံတားနဲ့ ငါးလေလံဈေးကွက်မှာ ငါးဖမ်းလှေပိုင်ရှင်နဲ့ ငါး၊ ပုစွန် ရောင်းဝယ်ရေးလုပ်ငန်းရှင်တွေ စုစုပေါင်း ၈၀ ကနေ ၁၀၀ အထိ လာရောက်လုပ်ကိုင်နေကြပါပြီ။ ဒီထက်တိုးလာဖို့ပဲရှိတယ်။ လုပ်ငန်းတွေ လည်ပတ်ဖို့ ငါးဖိုးငွေတွေကို အမြန်ဆုံးပေးချေရေးစနစ်တွေ လည်လည်ပတ်ပတ်နဲ့သွားနိုင်ဖို့လည်း လိုပါတယ်။ ပျမ်းမျှအနေနဲ့ တိုင်းဒေသကြီးထဲမှာ ဆိပ်ခံတံတား ၁၀ ခုရှိပြီး တစ်ရက်ကို ဆိပ်ခံတံတားတစ်ခုမှာ ငါးဖမ်းစက်လှေ နှစ်စင်းကနေ သုံးစင်းအထိဝင်တယ်။ စက်လှေတစ်စင်းကို ငါး၊ ပုစွန် နှစ်မျိုးပေါင်း ပုံးအရေအတွက် ၆၀၀ ကနေ ၇၀၀ အထိရှိတယ်။ တံတား တစ်ခုကို ကုန်ချိန်ရှစ်သောင်းကနေ ကိုးသောင်းအထိဝင်တယ်။ ရှေ့ဆက်ပြီး ရေခဲစက်ရုံတွေ တည်ဆောက်သွားဖို့လည်း ရှိပါတယ်"ဟု ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်စိုးက ပြောသည်။

ထိုငါးတံတားဆိပ်ခံနှင့် ငါးလေလံဈေးသည် ရေချို/ရေငန် ပုစွန်များကို တစ်နေရာတည်းတွင် ဝယ်ယူနိုင်မည်ဖြစ်သည်။ ငါးဖမ်းရေယာဉ်များသည် ရောင်းချပြီးသည်နှင့် ပင်လယ်သို့ထွက်ရှိနိုင်မည်။ ငါးဖမ်းရေယာဉ်များကို ရေခဲ၊ ဒီဇယ်၊ ငါးဖမ်းကိရိယာများနှင့် စားနပ်ရိက္ခာများထောက်ပံ့နိုင်မည်။ ပတ်ဝန်းကျင်တွင် အအေးခန်းစက်ရုံများ တည်ဆောက်ထားရှိပြီးဖြစ်၍ ပို့ကုန်လုပ်ငန်းများ လွယ်ကူစွာလုပ်ကိုင်နိုင်ပြီး ရေလုပ်ငန်းကဏ္ဍတစ်ခုလုံးကို ဖြည့်တင်းနိုင်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနရုံး (ရန်ကုန်)မှ သိရသည်။

၂၀၁၅-၂၀၁၆ ငါးဖမ်းရာသီတွင် ဇန်နဝါရီလအထိ မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်း ရေပြင်အတွင်း ကမ်းဝေးငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေသော နိုင်ငံသားပိုင် ငါးဖမ်းရေယာဉ် ၂၇၇၉ စင်း ရှိသည်။ ယင်းတို့ထဲမှ တိုင်းဒေသကြီး ငါးချဆိပ်ကမ်း ၁၀ ခုတွင် အခြေပြုကာ လုပ်ကိုင်နေသော ကမ်းဝေးငါးဖမ်းရေယာဉ် ၈၂၄ စင်းရှိကြောင်း သိရသည်။ ၂၀၁၅-၂၀၁၆ နိုဝင်ဘာအထိ ငါး၊ ပုစွန် ဖမ်းဆီးရရှိမှု ကုန်ပိဿာချိန် ၆၈၉ ဒသမ ၆၆ သိန်းရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနရုံး(ရန်ကုန်)မှ ထပ်မံသိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

မြန်မာနိုင်ငံကင်းထောက်လူငယ်များ လုပ်ငန်းအစီအစဉ်ဖော်ထုတ်ရေးလုပ်ငန်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာနိုင်ငံကင်းထောက်လူငယ်များ လုပ်ငန်းအစီအစဉ်ဖော်ထုတ်ရေး လုပ်ငန်းဆွေးနွေးပွဲ Youth Programme Workshop for Myanmar Scouts ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လမ်းမတော်မြို့နယ် စွမ်းအားခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ကင်းထောက်လူငယ်မောင်မယ်များက ငြိမ်းချမ်းရေးသံတမန်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က မြန်မာနိုင်ငံ၏ ကင်းထောက်လှုပ်ရှားမှုသမိုင်းကို လေ့လာကြည့်သည့်အခါ ၁၉၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၆ ခုနှစ်သည် မြန်မာနိုင်ငံအတွက် ကင်းထောက်ဖွဲ့စည်းဆောင်ရွက်မှု နှစ် ၁၀၀ ရှိခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုအရ အခြေခံပညာကျောင်းပေါင်း ၂၀ မှ ကျောင်းသား ကျောင်းသူ ၂၀၀၀ ဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ပညာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် မြန်မာ့ကင်းထောက်လူငယ်မောင်မယ်များသည် ၂၀၁၆ ခုနှစ် မျက်မှောက်ကာလတွင် တက္ကသိုလ်များအပါအဝင် အခြေခံပညာကျောင်းပေါင်း ၆၅၅ ကျောင်းနှင့် ကျောင်းသား ကျောင်းသူပေါင်း ငါးသောင်းကိုးထောင်ကျော် တိုးမြှင့်ဖွဲ့စည်းဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားကင်းထောက်အဖွဲ့ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း အာဆီယံကင်းထောက်အဖွဲ့ဝင် နိုင်ငံအဖြစ် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညီလာခံများက အသိအမှတ်ပြုခဲ့ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကင်းထောက်လူငယ်များအနေဖြင့် စွမ်းဆောင်ရည်မြင့်မားသော လုပ်ငန်းအစီအစဉ်များနှင့် တန်ဖိုးရှိလှသည့် အတွေ့အကြုံများ၊ ရေရှည်ကြိုးပမ်းဆောင်ရွက်ရမည့် နည်းလမ်းကောင်းများ ရရှိနိုင်ကြမည်ဟု အလေးအနက် ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းဆွေးနွေးပွဲဒါရိုက်တာ ဦးအေးကြိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Shree Prassanna Shrivastava က လုပ်ငန်းဆွေးနွေးပွဲအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား ကင်းထောက်အဖွဲ့ကင်းထောက်ချုပ် ဒေါက်တာ တင်ညိုက ကျေးဇူးတင်စကားများ ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆင့်မြင့်ပညာဦးစီးဌာန အခြေခံပညာဦးစီးဌာနတို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၀ တက်ရောက်ကြမည်ဖြစ်သည်။ **ကိုလတ်(သတင်းစဉ်)**

❈ ကျောဖုံးမှ

ယခုနှစ် ဇန်နဝါရီလမှစ၍ အဆိုပါလမ်းပိုင်း ကွတ်ခိုင်မှ နမ့်ဖတ်ကာအထိ ယာဉ်ပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်။ သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ORIENTAL HIGHWAY ကုမ္ပဏီလီမိတက်သို့ BOT စနစ်ဖြင့် လုပ်ငန်းများ အပ်နှံဆောင်ရွက်ခဲ့ရာ ကုမ္ပဏီအနေဖြင့် အဆိုပါကားလမ်း မိုင်ပေါင်း ၂၈၃ မိုင် မန္တလေးမှ မူဆယ်အထိ မူလနှစ်လမ်းသွား ကတ္တရာလမ်းမှ တစ်မိုင်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းခန့် အကုန်အကျခံ၍ လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်သွားမည်ဟု သိရသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ (ASEAN)တွင် ပါဝင်ပြီး တောင်အာရှနိုင်ငံများ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများ (ASSRC) လည်းဖြစ်၍ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း စီးပွားရေးဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ (BIMSTEC) နှင့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ (BCIM) စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် အာရှလမ်းမကြီး လေးခုမှာ-

(၁) အာရှလမ်းမကြီး အမှတ်-၁ (AH-1) ထိုင်း-မြန်မာနယ်စပ် မြဝတီမှစ၍ မြန်မာ-အိန္ဒိယ နယ်စပ် တမူးမြို့၌ အဆုံးသတ်ပြီး ၁၆၆၅ ကီလိုမီတာရှိသည်။

(၂) အာရှလမ်းမကြီး အမှတ် -၂ (AH-2) ထိုင်း-မြန်မာနယ်စပ် တာချီလိတ်မှ ကျိုင်းတုံ-တောင်ကြီး-မိတ္ထီလာမြို့အထိ ကီလိုမီတာ ၈၇၀ ရှိသည်။

(၃) အာရှလမ်းမကြီး အမှတ်-၃ (AH-3)မှာ အာရှလမ်းမကြီး အမှတ်-၂ ပေါ်ရှိ ကျိုင်းတုံမြို့မှ မြန်မာ-တရုတ်နယ်စပ် မိုင်းလားမြို့အထိ ၉၃ ကီလိုမီတာရှိသည်။

(၄) အာရှလမ်းမကြီး အမှတ်-၄ (AH-14) သည် ယခု သတ်မှတ်ထားသော အာရှလမ်းမကြီး အမှတ်-၁ ပေါ်ရှိ အစိတ်အပိုင်းဖြစ်သည်။

ယခု နိုင်လွန်ကတ္တရာ လေးလမ်းသွားအဖြစ် ဆောင်ရွက်တော့မည့် အမှတ်-၄ (AH-14) လမ်းမကြီးမှာ မြန်မာ-တရုတ် ကုန်သွယ်မှုလမ်းကြောင်းအတွက် အထောက်အကူပြုမည့် လမ်းကြောင်းကြီးတစ်ခု ဖြစ်သည်သာမကဘဲ မဲခေါင်မြစ်ဝှမ်းဒေသ အရှေ့-အနောက်-တောင်- မြောက် စီးပွားရေးဇုန်လမ်းမကြီးများနှင့်လည်း ဆက်သွယ်နိုင်မည့် လမ်းမကြီးတစ်လမ်းဖြစ်ကြောင်း သိရသည်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၃၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

အမေရိကန်စစ်သင်္ဘော တရုတ်ပိုင်ကျွန်းအနီးဝင်ရောက်

ဝါရှင်တန် ဇန်နဝါရီ ၃၁

အမေရိကန်ရေတပ်ဖျက်သင်္ဘောတစ်စင်းသည်တရုတ်နှင့် အခြားနိုင်ငံနှစ်နိုင်ငံတို့က ပိုင်ဆိုင်ကြောင်း ပြောဆိုလျက်ရှိသည့် ကျွန်းတစ်ကျွန်း၏ ရေမိုင် ၁၂ မိုင်အတွင်း စနေနေ့က ဝင်ရောက်ခဲ့ရာ တောင်တရုတ်ပင်လယ်အတွင်း ရေကြောင်းသွားလာမှု ကန့်သတ်ချက်ကို တုံ့ပြန်ရန်ကြိုးပမ်းမှုဖြစ်ကြောင်း ပင်တဂွန်က ထုတ်ဖော်ပြောကြားလိုက်ပြီးနောက် ပေကျင်းရှိ တရုတ်အစိုးရကလည်း ဒေါသတကြီးဖြင့် ချက်ချင်းတုံ့ပြန်လိုက်သည်။

နှစ်စဉ်ကမ္ဘာ့ရေကြောင်း ကုန်သွယ်မှု၏ အမေရိကန်ဒေါ်လာ ၅ ထရီလီယံကျော်တန်ဖိုးရှိ ကုန်သွယ်မှုလမ်းကြောင်းဖြစ်သည့် တောင်တရုတ်ပင်လယ်တစ်ခုလုံးကို တရုတ်တို့က ၎င်းတို့ပိုင်ဟု ပြောဆိုလျက်ရှိသည်။ ဗီယက်နမ်၊ မလေးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့်ထိုင်ဝမ်တို့ကလည်း ၎င်းတို့ပိုင်ဆိုင်မှုရှိကြောင်း ပြောဆိုလျက်ရှိသည်။ အမေရိကန် ဖျက်သင်္ဘော USS Curtis Wilbur ပါရာဆယ်ကျွန်းစု ထရီတန်ကျွန်းအနီး ဖြတ်သန်းသွားချိန် တရုတ်စစ်သင်္ဘောများမရှိကြောင်း ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးဂျက်ဒေးဗစ်က ပြောသည်။

အောက်တိုဘာလအတွင်းကလည်း အမေရိကန်ရေတပ်မှ ပဲ့ထိန်းဒုံးကျည်ပါ လက်ဆင်အမည်ရှိ ဖျက် သင်္ဘောသည် တရုတ်နိုင်ငံ၏ လူလုပ်ကျွန်းတုအနီးမှ ဖြတ်သန်းသွားခဲ့ရာ တရုတ်အစိုးရ အမျက်ထွက်ခဲ့ရသည်။ **(ရိုက်တာ)**

၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၅ ရက်က ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ကင်းလှည့်နေသည့် အမေရိကန်ဖျက်သင်္ဘော USS Curtis Wilbur ကိုတွေ့ရစဉ်။

ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ ဂျီနီဗာ၌စတင်

ဂျီနီဗာ ဇန်နဝါရီ ၃၁

ဆီးရီးယားအဓိက အတိုက်အခံကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂကြားဝင်စေ့စပ်မှုဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ရန် စနေနေ့က ဂျီနီဗာသို့ရောက်ရှိခဲ့ရာ သမ္မတဘတ်ရှာအယ်လ်အာဆတ်အစိုးရအနေဖြင့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီနှင့် လူ့အခွင့်အရေးတို့ကို လေးစားလိုက်နာရန် တောင်းဆိုလိုက်သည်။

"ကျွန်တော်တို့ကတော့ ဒီစေ့စပ်ဆွေးနွေးပွဲ အောင်မြင်မှုရရှိဖို့ စိတ်အားထက်သန်နေတာပါ"ဟု ရီယာ့ဒ်မြို့မှ ရောက်ရှိလာသော အဆိုပါအတိုက်အခံအုပ်စုမှ ပြောရေးဆိုခွင့်ရှိသူ ဆလင်အယ်လ်မူဆလက်က သတင်းထောက်များအား ပြောသည်။

ငါးနှစ်ကြာ ပြည်တွင်းစစ်အတွင်း အာဆတ်၏ နိုင်ငံရေးနှင့် စစ်ရေးပြိုင်ဘက်များအပါအဝင် ဆော်ဒီကျောထောက်နောက်ခံ အဆင့်မြင့်ညှိနှိုင်းရေးကော်မတီ(အိတ်ချ်အင်န်စီ)မှ ၁၇ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂညှိနှိုင်းရေးမှူး စတီဖန်ဒီမစ်စတူရာနှင့်အတူ ပထမဆုံးအစည်းအဝေးပြုလုပ်ကာ နှစ်နှစ်အတွင်း ပထမဆုံးငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်သည်။

အိတ်ချ်အင်န်စီအနေဖြင့် အဖွဲ့အစည်းအားလုံးက အကူအညီပေးရေးအဖွဲ့များဝင်ရောက်ခွင့်ပြုရေး၊ ဖမ်းဆီးထားသူများလွှတ်ပေးရေး၊ ဝိုင်းရံပိတ်ဆို့ထားမှုများ အဆုံးသတ်ရေးနှင့် အရပ်သားနေရာများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ ရပ်တန့်ရေးတို့အတွက် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း မူဆလက်က ပြောသည်။

(ရိုက်တာ)

တူရကီကမ်းလွန်၌ လှေစီးဒုက္ခသည်များ ရေနစ်သေဆုံး

အစ္စတန်ဘူလ် ဇန်နဝါရီ ၃၁

ရွှေ့ပြောင်းဒုက္ခသည်များတင်ဆောင်ပြီး ဂရိနိုင်ငံသို့ထွက်ခွာလာသော စက်လှေတစ်စင်းသည် စနေနေ့က တူရကီအနောက်ပိုင်းကမ်းလွန်တွင် နစ်မြုပ်ခဲ့ပြီးလူပေါင်း ၄၀ နီးပါးရေနစ်သေဆုံးကာ ၇၅ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း တူရကီဒိုးဂန်းသတင်းအေဂျင်စီက ပြောသည်။

ပြီးခဲ့သည့်နှစ်က ဥရောပသမဂ္ဂသို့ ဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်သူ တစ်သန်းကျော်တို့ရောက်ရှိခဲ့ရာ လူပေါင်း ၃၆၀၀ ခန့်မှာ သေဆုံးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းများ ရှိခဲ့ကြောင်း အီးယူအနေဖြင့် ၎င်း၏ ရှဲန်ဂန်နယ်စပ်ဂိတ်များ ဖွင့်ထားခြင်းကို ဆိုင်းငံ့ထားရန် စဉ်းစားနေကြောင်း အီးယူတာဝန်ရှိသူများက ပြောသည်။

တူရကီ ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ဂရိနိုင်ငံလက်ပေ့ါမ်ကျွန်းမှ အလှမ်းဝေးသည့် အေဝါဆစ်မြို့ကမ်းလွန်၌ အနည်းဆုံးလူပေါင်း ၁၂၀ တင်ဆောင်လာသော ၁၇ မီတာရှိ လှေငယ်တစ်စင်းနစ်မြုပ်ခဲ့ပြီးနောက် ကယ်ဆယ်မှုနှင့် ရှာဖွေရေးကို ဆက်လက်ပြုလုပ်နေဆဲဖြစ်ကြောင်း အဆိုပါ သတင်းဌာနက ထုတ်ပြန်သည်။

(ရိုက်တာ)

ရုရှားလေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ မည်သူ့ကိုမျှ ဖမ်းဆီးခြင်းမရှိဟု အီဂျစ်ဆို

ကိုင်ရို ဇန်နဝါရီ ၃၁

လွန်ခဲ့သည့်အောက်တိုဘာလက ဆိုင်းနိုင်းကျွန်းဆွယ်တွင် ရုရှားခရီးသည်တင်လေယာဉ်ပျက်ကျခဲ့ရာ လူပေါင်း ၂၂၄ ဦးသေဆုံးခဲ့သည်။ အဆိုပါလေယာဉ်ပျက်ကျမှုနှင့်ဆက်စပ်၍ မည်သူ့ကိုမျှ ဖမ်းဆီးထားခြင်းမရှိဟု အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောခဲ့သည်။

အီဂျစ်လေကြောင်းလိုင်းမှ စက်ပြင်ဆရာတစ်ဦးကို လေယာဉ်ပေါ်တွင် ဗုံးထောင်ခဲ့သည်ဟု သံသယရှိကြောင်း၊ ၎င်းကိုလေဆိပ်မှရဲများက ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းနှင့် ဝမ်းကွဲတော်စပ်သူတစ်ဦးမှာ ဆီးရီးယားရှိအိုင်အက်စ်အဖွဲ့နှင့် ဆက်သွယ်မှုရှိကြောင်း သတင်းအရင်းအမြစ်တစ်ခုက ရိုက်တာသို့ သောကြာနေ့က ပြောခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာနက မီဒီယာများခန့်မှန်းထားသည်နှင့် ဆန့်ကျင်စွာ ၎င်းတို့အနေဖြင့် လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍စုံစမ်းစစ်ဆေးမှုများမှတစ်ဆင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးထားခြင်းမရှိကြောင်း ပြောသည်။ ရုရှားနှင့်အနောက်နိုင်ငံများက လေယာဉ်ပေါက်ကွဲမှုမှာ လေယာဉ်ပေါ်၌ လျှို့ဝှက်စွာတပ်ဆင်ထားသော ဗုံးကြောင့်ဟု ယူဆကြသည်။

အဲယားဘတ်(စ်)အေ ၃၂၂ ပျက်ကျမှုကြောင့် အီဂျစ်နိုင်ငံအနေဖြင့် သေဆုံးသူများ၏ မိသားစုဝင်များကို လျော်ကြေးပေးရမည်ဟု အီဂျစ်အာဏာပိုင်များက အတည်ပြုခဲ့သည်။ အီဂျစ်သည် ဆိုင်းနိုင်းဒေသတွင် အစ္စလာမ္မစ်သူပုန်များနှင့် တိုက်ပွဲများဖြစ်ပွားလျက်ရှိပြီး ရဲများနှင့်တပ်ဖွဲ့ဝင်များစွာကို စစ်သွေးကြွများက သတ်ဖြတ်ခဲ့သည်။ **(ရိုက်တာ)**

အရေးပေါ်ဥပဒေ ပြဋ္ဌာန်းခြင်းကို ရပ်ဆိုင်းရန် ပါရီတွင် ဆန္ဒပြ

ပါရီ ဇန်နဝါရီ ၃၁

နိုဝင်ဘာလက ပြင်သစ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် ထုတ်ပြန်ခဲ့သော အရေးပေါ်အခြေအနေကြေညာချက်အပေါ် ပြင်သစ်နိုင်ငံရှိ မြို့များတွင် လူထောင်ပေါင်းများစွာတို့က ကန့်ကွက်ဆန္ဒပြခဲ့သည်။ ပြင်သစ်အစိုးရသည် နိုဝင်ဘာ ၁၃ ရက်က အစ္စလာမ္မစ်စစ်သွေးကြွများ၏ တိုက်ခိုက်ခံရပြီးနောက် အရေးပေါ်ဥပဒေပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေသည် လာမည့်လတွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ ယင်းဥပဒေကို နောက်ထပ်သုံးလ သက်တမ်းတိုးရန် အစီအစဉ်ဆွဲခဲ့သည်။

ကန့်ကွက်ဆန္ဒပြသူများက ရဲများ၏ လုပ်ပိုင်ခွင့်ကိုတိုးမြှင့်ပြီး လူထုစုဝေးခြင်းကို ကန့်သတ်ခြင်းသည် ဒီမိုကရေစီနှင့်မကိုက်ညီကြောင်း၊ အကြမ်းဖက်သမားများကို ချေမှုန်းရာတွင်လည်း အသုံးမဝင်ကြောင်း ပြောသည်။

ပါရီမြို့တွင် လူပေါင်း ၅၅၀၀ ကန့်ကွက်ဆန္ဒပြခဲ့ကြောင်း ရဲများက ခန့်မှန်းထားသည်။ လူပေါင်း ၂၀၀၀၀ ကန့်ကွက် ဆန္ဒပြမှုသို့ ပါဝင်လာရန်ရှိကြောင်း၊ ပြင်သစ်ရှိ မြို့အချို့တွင် အငယ်စားဆန္ဒပြမှုများလည်းရှိခဲ့ကြောင်း မြို့ပေါင်း ७० တွင် ဆန္ဒပြမှုများပြုလုပ်ရန် ရည်ရွယ်ထားကြောင်း စီစဉ်သူများက ပြောသည်။ **(ရိုက်တာ)**

◆ **ရှေ့ဖုံးမှ**

ဝယ်လိုအားမြင့်တက်နေကြောင်းဆိုသည်။ မြန်မာပြည်သူတွေအနေနဲ့ ဗီယက်နမ်ထုတ်ကုန်တွေကိုနှစ်သက်ကြပါတယ်”ဟု ၎င်းက ဆိုသည်။ ဗီယက်နမ်နိုင်ငံမှ ထုတ်ကုန်များတွင် လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ထုတ်ကုန်များ၊ အစားအစာ၊ မုန့်ဖုတ်လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများနှင့် နည်းပညာများပါဝင်သည်။ ဗီယက်နမ် မီးအားမြှင့်စက်များမှာ မြန်မာနိုင်ငံတွင် ဝယ်လိုအားမြင့်တက်နေကြောင်း ၎င်းစင်တာ၏ကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ လက်ထောက်အကြီးအကဲ လီတန်မင်းက ပြောသည်။ ယခုလက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ ထုတ်ကုန်များကိုသာ အသုံးပြုနေရသည်။

“မြန်မာနိုင်ငံအနေနဲ့ အခုဆိုရင် နိုင်ငံတွင်းမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီတွေကို အကျိုးအမြတ်ပိုမိုပေးပြီး ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်နေပါတယ်။ ဗီယက်နမ်ကုမ္ပဏီတွေအနေနဲ့ ဈေးကွက်ကို လေ့လာပြီး မြန်မြန်လုပ်ငန်းလာလုပ်ကြဖို့လိုပါတယ်”ဟု လီတန်မင်းက ပြောဆိုလိုက်သည်။ “ဒီကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ အကောက်ခွန်နဲ့ စည်းကြပ်ခွန်မူဝါဒတွေကို လေ့လာပြီး ဈေးကွက်ချဲ့ထွင်ရေးလုပ်ဆောင်သင့်ပါတယ်” ဟု ၎င်းက ဆိုသည်။

ထုတ်ကုန်များအပေါ်တွင် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ၎င်းကုန်ပစ္စည်းများအကြောင်း ရှင်းလင်းစွာဖော်ပြသင့်ကြောင်း၊ ဈေးကွက်သုတေသနများကိုလည်း ပြုလုပ်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထို့အပြင် ဟိုချီမင်းစီးတီးကုန်စည်ပြပွဲ ၂၀၁၆ ကိုလည်း ဧပြီ ၁ ရက်မှ ၄ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ပြီး အဆိုပါပြပွဲတွင် ဗီယက်နမ်ထိပ်တန်းစီးပွားရေးလုပ်ငန်းပေါင်း ၉၀ ၏ အစားအစာ၊ အိမ်သုံးပစ္စည်းများ၊ အထည်အလိပ်နှင့် အိမ်တွင်း အလှဆင်ပစ္စည်းများ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်နှင့်မန္တလေးရှိ စူပါမားကတ်များနှင့် လက်ကားဈေးကွက်များတွင်လည်း ဈေးကွက်ဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

သည်နေးရှင်း

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ဗေ့ရှမ်းကျေးရွာ၌ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီ ဗေ့ရှမ်း-ပေါလော-သံပုရာ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပစဉ်။

(ယခုဖွင့်လှစ်သော ဗေ့ရှမ်း-ပေါလောလမ်း နှစ်မိုင်နှင့် ဗေ့ရှမ်း-သံပုရာလမ်း တစ်မိုင်ခြောက်ဖာလုံ စုစုပေါင်း သုံးမိုင်ခြောက်ဖာလုံကို စုစုပေါင်းခွင့်ပြုငွေကျပ် ၃၆၇ ဒသမ ၁၆ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။)

ထိန်လင်းအောင်(ပြန်/ဆက်)

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပြီး မိုးရွာရက်မှာနှစ်ရက်မှ လေးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မိုးရွာရက်မှာ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ညအပူချိန်အခြေအနေ

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ပိုနိုင်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် လျော့နည်းနိုင်ကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်ရက်မှရှစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့် လက်ရှိရေအမှတ်များအောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။ **(မိုး/ဇလ)**

ကုက္ကိုင်းတံတားပေါ်မှ မော်တော်ယာဉ်များ စတင်မောင်းနှင်ခွင့်ပြု

ဓာတ်ပုံ - ကိုကြီးတင်

ရန်ကုန် ဇန်နဝါရီ ၃၁

ကမ္ဘာအေးဘုရားလမ်းပေါ်၌ တည်ဆောက်ခဲ့သော ကုက္ကိုင်းခုံးကျော်တံတားပေါ်မှ မော်တော်ယာဉ်များဖြတ်သန်းမောင်းနှင်ခွင့်ကို ဇန်နဝါရီ ၃၁ ရက်နံနက် ၈ နာရီမှစတင်မောင်းနှင်ခွင့်ပြုလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ရာ ကုက္ကိုင်းတံတားပေါ်မှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဂျပန်နိုင်ငံ JFE Engineering Corporation မှ တာဝန်ရှိသူများ၊ Capital Construction ကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးသက်လင်းနှင့် ဝန်ထမ်းများက မောင်းနှင်လာသော မော်တော်ယာဉ်များပေါ်မှ ခရီးသည်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးကြသည်။

၄၃(အထူး) ယာဉ်လိုင်းပေါ်မှခရီးသည် ဒေါ်မြမြစိန်က “ဒီကုက္ကိုင်းခုံးကျော်တံတားကြီး ထိုးပေးတာကောင်းပါတယ်။ အရင်ကဆို ဒီလမ်းဆုံမှာ မီးပွိုင့် စောင့်ရတာ အိပ်တောင်ပျော်တယ်။ အခုဒီတံတားပေါ်က တက်လာတာ အတော်မြန်သွားတယ်”ဟု လက်ဆောင်ယူလျက်ပြောကြားခဲ့သည်။

ယာဉ်မောင်းဦးသာဟန်စိန်က “ခုံးကျော်တံတားပေါ်က မောင်းရတဲ့အတွက် ဒီမီးပွိုင့်လမ်းဆုံကစောင့်ရတဲ့ဒုက္ခက ကျွတ်သွားပြီဗျာ၊ အားလုံးကို ကျေးဇူးပါပဲ” ဟု ပြောသည်။

တံတားကြီးတည်ဆောက်မှုအုတ်မြစ်ချခြင်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၆ ရက်ကစတင်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း တည်ဆောက်ချိန်လေးလနှင့် ၂၅ ရက်ကြာမြင့်ခဲ့ပြီး သတ်မှတ်ချိန်ထက် နှစ်လကျော်စော၍ပြီးစီးခဲ့သည်ဟု သိရသည်။

စီမံကိန်းဒါရိုက်တာ ဦးသက်လင်းက “တံတားအူကြောင်းတစ်လျှောက် ၄၂ လက်မအချင်းရှိတဲ့ မြေအောက်ရေပိုက်လိုင်း၊ မီးကြိုးဆက်သွယ်ရေးကြိုးတွေကို အထိအခိုက်မရှိဘဲဆောင်ရွက်ခဲ့ပါတယ်။ အနီးရှိ အင်းလျားကန်ရေမျက်နှာပြင်က တံတားတည်ဆောက်မယ့် ကမ္ဘာအေးဘုရားလမ်းထက် မြင့်နေတဲ့အတွက် ဘိုးပိုင်တူးရာတွင် အခက်အခဲများရှိကြောင်း ပြောကြားသည်။

တံတားတည်ဆောက်ရာတွင် ငလျင်ဒဏ်ခံနိုင်ရန်အတွက် တံတားပုံစံထုတ်ရာ၌ ထည့်သွင်းတွက်ချက်ခဲ့ပြီး တံတားအရှည်မှာ ၅၀၅ မီတာ၊ လမ်းအကျယ် ၁၂ ဒသမ ၈၉ မီတာ/၁၄ ဒသမ ၆၄ မီတာရှိပြီး မြေပြင်နှင့် ကင်းလွတ်အမြင့်မှာ ၄ ဒသမ ၉ မီတာရှိ၍ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။

Capital Development Ltd. က တိုင်းဒေသကြီးအတွင်း၌ ရွှေဂုံတိုင်ခုံးကျော်တံတား၊ မြေနီကုန်း ခုံးကျော်တံတားများ တည်ဆောက်ပေးခဲ့ပြီး ယခုကုက္ကိုင်းခုံးကျော်တံတားကို တတိယမြောက်တည်ဆောက်ပြီးစီးခဲ့သည့် ခုံးကျော်တံတားဖြစ်ကြောင်း သိရသည်။

တံတားဖွင့်ပွဲအခမ်းအနားကို (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၀ ရက်နံနက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

❖ *ကျော်ဖုံးမှ*

မောင်းနှင်ရ၍ အချိန်အများကြီးပေးရသည်။ သို့ဖြင့် ကျွန်တော်က မြန်မာ့မီးရထားကိုသာ များသောအားဖြင့် ပိုအားပြုသည်။

အမြန်လမ်းမကြီး ဖွင့်လှစ်ပြီ

၂၀၀၉ ခုနှစ်တွင် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး၏ ရန်ကုန်-နေပြည်တော်လမ်းပိုင်းကို နိုင်ငံတော်က စတင်ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်တွင်မှ ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်းတစ်ခု

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များက အမြန်လမ်းမကြီးအနီးရှိ ကျေးရွာများသို့ သွားရောက်၍ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဤသို့ အသိပညာပေးရှင်းလင်းစဉ်။ (သတင်းစဉ်)

လုံးကို အပြီးတိုင်ဖွင့်လှစ်နိုင်ခဲ့သည်။

အချိန်တိုတောင်းစွာ သွားလာနိုင်ပြီဖြစ်၍ အထက်အညာအကြေ အပါအဝင် တောင်ပေါ် မြေပြန့်ဒေသအနှံ့အပြားမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမပြည်သူများ ပျော်ကြသည်။

ရန်ကုန်နှင့် နေပြည်တော်ကို နံနက်သွား မွန်းလွဲရောက်၊ မွန်းလွဲသွား ညနေရောက်၊ ညနေသွား ညလယ်ရောက်၊ ညဉ့်ဦးယံသွား အရုဏ်တက်ရောက်၍ ဝန်ထမ်းအများစုက သဘောကျသည်။

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ စတင်ဖွဲ့စည်း

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် ၃၆၆/၃ မိုင် အကွာအဝေးရှိပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးလေးခု၊ ခရိုင်ကိုးခု၊ မြို့နယ် ၁၆ မြို့နယ်၊ ကျေးရွာပေါင်း ၁၅၆ ရွာအား ဖြတ်သန်းဖောက်လုပ်ထားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ကို ၂၀၁၂ ခုနှစ် မေ ၂၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်

အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းစနစ်တကျရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ လမ်းမကြီး ကြာရှည်စွာတည်တံ့ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့သည် အမြန်လမ်းမကြီးရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များပင်ဖြစ်သည်။

ယာဉ်မတော်တဆထိခိုက်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ခြင်းနှင့် ယာဉ်စည်းကမ်း ထိန်းသိမ်းခြင်း (Accident Investigation and Traffic Enforcement)၊ ရာဇဝတ်မှုများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ခြင်းနှင့် ဖြစ်ပွားခဲ့သောပြစ်မှုများ စုံစမ်းဖော်ထုတ်ခြင်း(Proactive Policing and Law Enforcement)၊ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသူများကို ရှေးဦးပြုစုခြင်း၊ ဆေးရုံ/ဆေးခန်းများသို့ ပို့ဆောင်ကူညီခြင်း (Emergency Response)၊ အမြန်လမ်းမကြီးတစ်လျှောက် လုံခြုံရေးဆောင်ရွက်ခြင်း(Traffic Security)၊ လမ်း၊ တံတားများ ပျက်စီးမှုရှိ/မရှိ စစ်ဆေးခြင်း(Maintainance)တို့ကား အမြန်လမ်းမကြီးရဲတပ်ဖွဲ့၏ လုပ်ငန်းစဉ်များပင်ဖြစ်သည်။

လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး

အမြန်လမ်းမကြီးပေါ်တွင် ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး၊ အန္တရာယ်ကင်းရှင်းမှုရှိစေရေး၊ တရားဥပဒေစိုးမိုးမှုရှိစေရေးတို့အတွက် တပ်ဖွဲ့မှူးရုံးတစ်ရုံး၊ တပ်ဖွဲ့စုရုံးသုံးရုံး၊ အမြန်လမ်းမကြီးတစ်လျှောက် ပျမ်းမျှ ၂၃ မိုင်လျှင် ရဲစခန်းတစ်ခုနှုန်းဖြင့် ရဲစခန်း ၁၆ ခု၊ ပျမ်းမျှကိုးမိုင်လျှင် ရဲကင်းတစ်ခုနှုန်းဖြင့် ရဲကင်း ၄၀ ကို စုဖွဲ့ဖြန့်ခွဲထားရှိကာ လှည့်ကင်းယာဉ်များ၊ အုပ်ချုပ်မှုယာဉ်နှင့် လူနာတင်ယာဉ်များ၊ ကရိန်းယာဉ်များစသည့် ရဲတပ်ဖွဲ့ပိုင်ယာဉ်များဖြင့် စနစ်တကျစုဖွဲ့၍လုံခြုံရေးဆောင်ရွက်လျက်ရှိသည်။

အလားတူ အမြန်လမ်းမကြီးတစ်လျှောက်တွင် ညပိုင်းသွားလာလျက်ရှိသော ခရီးသွားယာဉ်ကြီး/ယာဉ်ငယ်များအား ခဲဖြင့်ပစ်ပေါက်မှု၊ ယာဉ်တိမ်းမှောက်အောင်ပြုလုပ်၍ လုယက်မှုများ အပါအဝင် အခြားသောမသမာမှုများ ကင်းဝေးစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံချောမွေ့စွာသွားလာနိုင်ရေးတို့အတွက် အမြန်လမ်းမကြီးရဲတပ်ဖွဲ့က နေ့/ည တာဝန်များခွဲကာ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် တပ်ဖွဲ့ပိုင်မော်တော်ယာဉ် ၄၃ စီးနှင့် ဆိုင်ကယ် (မီးတန်းပါ) ၈၉ စီးတို့ဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကိုဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးဖြန့်ခွဲဆောင်ရွက်

အမြန်လမ်းမကြီးတစ်လျှောက် ရဲစခန်းအသီးသီးမှ နေ့ပိုင်းလှည့်ကင်းဆောင်ရွက်ရာ နေ့စဉ် နံနက် ၆ နာရီခွဲတွင် စခန်းမှစတင်ထွက်ခွာပြီး အမြန်လမ်းမကြီးပေါ်၌ လှည့်ကင်းဆောင်ရွက်ခြင်း၊ ရဲကင်းတစ်ခုနှင့်တစ်ခု နံနက် ၁၀ နာရီ၊ ညနေ ၄ နာရီတွင် မိုင်တိုင်အလိုက် ဆုံရပ်ထားရှိ၍ နယ်မြေသတင်းဖလှယ်ခြင်း၊ ရဲကင်းတစ်ခုလျှင် အရာရှိဦးစီး၍ ဆိုင်ကယ်လှည့်ကင်းဖြင့် အဖွဲ့နှစ်ဖွဲ့ခွဲကာ ရန်ကုန်-မန္တလေးဘက်နှင့် မန္တလေး-ရန်ကုန်ဘက်ခြမ်း ဆုံရပ်သတ်မှတ်မိုင်တိုင်၌ သတင်းဖလှယ်ဆောင်ရွက်ခြင်း၊ ယာဉ်တင်အသင့်အနေဖြင့် အရာရှိ ဦးစီး၍ နေ့စဉ် လမ်းပေါ်၌ စခန်းပိုင်ဧရိယာအတွင်း လှည့်ကင်း/ရပ်ကင်းစနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ညပိုင်းလှည့်ကင်းဆောင်ရွက်ရာတွင်လည်း ရဲစခန်းအသီးသီးစုရပ်မှ နေ့စဉ် ညနေ ၆ နာရီမှ စတင်ထွက်ခွာ၍ ည ၉ နာရီ မှ နံနက် ၂ နာရီအထိ နယ်မြေသတင်းဖလှယ်ခြင်း၊ လှည့်ကင်း/ ရပ်ကင်းဆောင်ရွက်ခြင်း၊ စခန်းမှူးဦးစီးအဖွဲ့က ည ၇ နာရီမှ ည ၁၂ နာရီအထိ လည်းကောင်း၊ ဒုစခန်းမှူးဦးစီးအဖွဲ့က ည ၁၂ နာရီမှ နံနက် ၆ နာရီအထိ လည်းကောင်း လှည့်ကင်းများဆောင်ရွက်ပြီး နယ်မြေစိုးမိုးရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် လမ်းမကြီးတစ်လျှောက်ရှိတံတားများ၊ Under Pass များ၊ အရေးကြီးအဆောက်အအုံများကိုလည်း လှည့်ကင်း၊ ရပ်ကင်းများဖြင့် လုံခြုံရေးဆောင်ရွက်လျက်ရှိပြီး ရဲစခန်းအသီးသီးမှ တပ်ဖွဲ့ပိုင်ယာဉ်များအား B' Smart ခြေရာခံစနစ်တပ်ဆင်ထားသဖြင့် ရဲစခန်း/ရဲကင်း လှည့်ကင်းယာဉ်များအား သတ်မှတ်မိုင်တိုင်နှင့် ရောက်ရှိနေသည့်နေရာကို အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးကွပ်ကဲမှု Control Center ရှိ တာဝန်မှူးကြီးအဖွဲ့က ကြီးကြပ်ခြင်း၊ ရဲစခန်းပိုင်တစ်ခု၌ ထူးခြားဖြစ်စဉ်ဖြစ်ပေါ်ပါက အချိန်မီသွားရောက် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆက်သွယ်ညွှန်ကြားခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ယာဉ်သွားလာမှုများပြား

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးအတွက် ဗဟိုအချက်အချာ အသက်သွေးကြောအဖြစ် ပို၍ပို၍ပီပြင်လာသကဲ့သို့ ယာဉ်သွားလာမှုကလည်း ပို၍ပို၍ များပြားထူပြောလာသည်။

၂၀၁၂ ခုနှစ်တွင် ယာဉ်အစီးရေ ၃၀၉၆၉၂၀ စီး၊ ၂၀၁၃ ခုနှစ်တွင် ယာဉ်အစီးရေ ၃၇၅၅၉၄၈ စီး၊ ၂၀၁၄ ခုနှစ်တွင် ယာဉ်အစီးရေ ၄၅၇၄၀၈၁ စီးနှင့် ၂၀၁၅ ခုနှစ်တွင် ယာဉ်အစီးရေ ၅၄၅၄၈၉၄ စီးဖြတ်သန်းသွားလာခဲ့ကြောင်း သက်ဆိုင်ရာမှ နှစ်အလိုက် မှတ်တမ်းများအရ သိရသည်။

ယာဉ်မတော်တဆမှုများ ကူညီကယ်ဆယ်

တစ်နှစ်ထက် တစ်နှစ်၊ တစ်လထက် တစ်လ ယာဉ်သွားလာမှု ထူထပ်များပြားလာမှုနှင့်အတူ ယာဉ်ကြံ့ခိုင်မှုအားနည်းချက်၊ ယာဉ်မောင်း၏ အားနည်းချက်များအပါအဝင် အကြောင်းကြောင်းကြောင့် ယာဉ်မတော်တဆမှုများလည်း ဖြစ်ပွားခဲ့သည်။

၂၀၁၂ ခုနှစ် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မိုင်တိုင်အမှတ် ၂၆၀/၅ နှင့် ၂၆၀/၆ အကြား လင်ခရူဇာယာဉ်တိမ်းမှောက်မှုကြောင့် မိသားစု ငါးဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်စဉ်၌ တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာ

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာနေရာ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဤသို့ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

သို့ ၅ မိနစ်အတွင်းရောက်ရှိပြီး ၎င်းတို့ကိုယ်ပေါ်ရှိ လက်ကိုင်ဖုန်းဖြင့် အဆင့်ဆင့်ချိတ်ဆက်၍ ဆွေမျိုးများနှင့် ဆက်သွယ်ပေးနိုင်ခဲ့သည်။ လက်ဝတ်လက်စားများ၊ ငွေကြေးနှင့် အသုံးအဆောင်များကိုလည်း ကာယကံရှင်မိသားစုများထံ ပြန်လည်ပေးအပ်နိုင်ခဲ့သည်။

၂၀၁၃ ခုနှစ် မေ ၂၅ ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်မှမန္တလေးသို့ မောင်းနှင်လာသော မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ်သည် ယာဉ်မောင်း အိပ်ငိုက်ပြီး မိုင်တိုင်အမှတ် ၁၂၆/၁ ရှိ တံတားအောက်သို့ ယာဉ်၏သုံးပုံနှစ်ပုံ ခါးကျိုးကျမှုကြောင့် ၁၁ ဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်စဉ်၌ နီးစပ်ရာအမြန်လမ်းမကြီးရဲစခန်းများမှတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထု ပူးပေါင်း၍ ဒဏ်ရာရရှိသူများအား ယာဉ်အတွင်းမှ ကယ်တင်ခြင်း၊ သေဆုံးသူအလောင်းများအား သယ်ယူ၍ ဆေးရုံဆေးခန်းများသို့ပို့ဆောင်ခြင်းများ ဝိုင်းဝန်းဆောင်ရွက်ခဲ့သည်။

၂၀၁၄ ခုနှစ် ဧပြီ ၁၂ ရက် နံနက် ၂ နာရီခန့်တွင် ဖြူးအမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်အမှတ် ၁၁၆/၂ နှင့် ၁၁၆/၃ အကြား၌ နေပြည်တော်ဘက် မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော တောင်ပြာတန်းခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ရှေ့မှမောင်းနေသော ချီဆာဆလွန်းယာဉ်ကို တိုက်မိခဲ့ပြီး ယာဉ်နှစ်စီးလုံး မီးလောင်ကျွမ်းခဲ့ခြင်းကြောင့် ချီဆာဆလွန်းယာဉ်ပေါ်ပါရှိသူ ခြောက်ဦးစလုံးသေဆုံးခဲ့သည်။

ယင်းဖြစ်စဉ်၌ ဖြူးအမြန်လမ်းမကြီး ရဲစခန်းမှူးနှင့်အဖွဲ့က မီးလောင်ကျွမ်းခဲ့သော ယာဉ်ထဲမှ တွေ့ရှိသည့် လိပ်စာကတ်၊ ဖုန်းနံပါတ်ဖြင့် မိဘဆွေမျိုးများအား ဆက်သွယ်အကြောင်းကြားနိုင်ခဲ့သည်။

ထို့အပြင် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့များ၊ နီးစပ်ရာ အမြန်လမ်းမကြီးရဲစခန်းများမှ တပ်ဖွဲ့ဝင်များ၊ နီးစပ်ရာမြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိခဲ့ပြီး မီးကိုဝိုင်းဝန်းငြိမ်းသတ်ခြင်း၊ ဒဏ်ရာရရှိသူများကို ယာဉ်အတွင်းမှ ကယ်တင်ခြင်း၊ သေဆုံးသူ အလောင်းများကို သယ်ယူခြင်းဖြင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့သည်။

ထို့အပြင် ယာဉ်ပေါ်ပါ ခရီးသည်များနှင့် ဒဏ်ရာရရှိသူများကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ငွေကျပ် ၂၅ သိန်းကို ကူညီထောက်ပံ့ပေးခဲ့သည်။

၂၀၁၄ ခုနှစ် မေ ၁၂ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် မိုင်တိုင်အမှတ် ၁၉၇/၆ အနီး ရာဇာမင်းခရီးသည်တင်မှန်လုံယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ခုံးကျော်တံတားအောက်သို့ ထိုးကျတိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါရှိသူ ၁၆ ဦး သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်စဉ်၌ အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအပြင် တပ်မတော်သားများပါ အခင်းဖြစ်နေရာသို့ရောက်ရှိခဲ့ပြီး ဝိုင်းဝန်းကူညီကယ်ဆယ်ခြင်းနှင့် ဆေးရုံသို့ အချိန်မီ ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

စာမျက်နှာ ၇ သို့

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များအနေဖြင့် ခရီးသွားမိဘပြည်သူအပေါင်း၏ သွားလာမှု လုံခြုံချောမွေ့စေရေးနှင့် အရေးပေါ်အခြေအနေများတွင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန် အသင့်ရှိနေမည်

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ငရုတ်ကောင်းတောင်ဓာတ်အားခွဲရုံနှင့် ငပြေမဓာတ်အားခွဲရုံဖွင့်

နေပြည်တော် ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ ၆၆/၃၃ /၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ငရုတ်ကောင်းတောင် ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါ ဓာတ်အားခွဲရုံနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောမြသိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန် ငရုတ်ကောင်းတောင်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးတို့က ဓာတ်အားခွဲရုံမုခ်ဦးကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ငရုတ်ကောင်းတောင်ဓာတ်အားခွဲရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ဓာတ်အားစနစ်မှ ဓာတ်အားမရောက်ရှိသေးသည့်ငရုတ်ကောင်းမြို့၊ ဟိုင်းကြီးကျွန်းမြို့၊ ငွေဆောင်ဒေသ၊ ချောင်းသာဒေသနှင့် ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် ပုသိမ် (ကန်ကြီးထောင့်) ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်းတောင်-ငပြေမဓာတ်အားလိုင်း ၇၆ ဒသမ ၅ မိုင်ကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ယူတည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် ပြီးစီးခဲ့ပြီး အောက်တိုဘာ ၁၀ ရက်တွင် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ပုသိမ်ပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်းတောင်-ငပြေမဓာတ်အားလိုင်းသို့ ဓာတ်အားစမ်းသပ်ပို့လွှတ်ခဲ့ပြီး အောက်တိုဘာ ၁၂ ရက်တွင် ငရုတ်ကောင်းတောင်ကျေးရွာကို ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ငပြေမ ၆၆/၃၃/၁၁ ကေဗွီ (၂၀+၅) အမ်ဗွီအေ ငပြေမဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ငပြေမကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးတို့က ဓာတ်အားခွဲရုံမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဓာတ်အားခွဲရုံ Switch Yard နှင့် ဓာတ်အားခွဲရုံအတွင်း ဓာတ်အားပို့လွှတ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ငပြေမဓာတ်အားခွဲရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆိုပါ ငပြေမဓာတ်အားခွဲရုံမှတစ်ဆင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကျုံကူး ဓာတ်အားခွဲရုံ တည်ဆောက်ခဲ့ပြီး ကျုံကူးကျေးရွာ၊ ပျဉ်းမကွင်းကျေးရွာ၊ ရဲခေါင်ကြီး(တောင်) ကျေးရွာ၊ ရဲခေါင်ကြီး(မြောက်) ကျေးရွာ၊ ရေကျော်ကျေးရွာတို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ငပြေမဓာတ်အားခွဲရုံအနီးရှိ စန်းနားစုကျေးရွာ၊ အပေါ်စုကျေးရွာ၊ အောက်စုကျေးရွာများ ဓာတ်အားရရှိရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဟိုင်းကြီးကျွန်းမြို့နယ်အတွင်း ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်းဘုရားနှင့် ဇီးချိုင့်ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ငပြေမ-ရေနောက်အိုင်-မော်တင်စွန်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၃ ဒသမ ၄ မိုင်၊ ဇီးချိုင့်-ရေနောက်အိုင်-ဟိုင်းကြီးကျွန်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆ ဒသမ ၈ မိုင်ကို တည်ဆောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီအတွင်း ဓာတ်အား စတင်ပို့လွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဇန်နဝါရီ ၃၁

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

စာမျက်နှာ ၆ မှ

ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများကလည်း နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံသို့သွားရောက်၍ သေဆုံးသူများ၏ ဆွေမျိုးများနှင့် ဒဏ်ရာရရှိသူများအား တွေ့ဆုံအားပေးကာ ငွေကြေးထောက်ပံ့မှုများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်းလည်း သိရသည်။

၂၀၁၅ ခုနှစ် မတ် ၉ ရက် နံနက် ၆ နာရီခွဲခန့်တွင် နေပြည်တော်မှ မန္တလေးသို့ မောင်းနှင်လာသော မန်းရွှေမြို့တော် ခရီးသည်တင်မှန်လုံယာဉ်သည် မိုင်တိုင်အမှတ် ၂၄၁/၁ နှင့် ၂၄၁/၂ အကြားအရောက်တွင် လိုက်ထရပ်အဖြူရောင်ယာဉ်ကို နောက်မှ ဝင်တိုက်မိမှုကြောင့် လိုက်ထရပ်ယာဉ်ပေါ်ပါ ကိုရင်ငါးပါး သေဆုံး၊ သံဃာနှစ်ပါး၊ ကိုရင် ၁၃ ပါးနှင့် အမျိုးသားလေးဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်စဉ်တွင် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရာသို့ရောက်ရှိပြီး ဝိုင်းဝန်းကူညီ ကယ်ဆယ်ခြင်းနှင့် ဆေးရုံသို့အချိန်မီ ပို့ဆောင်ပေးနိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၁၀ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မှ လားရှိုးသို့ မောင်းနှင်လာသည့် ရွှေလီဦးခရီးသည်တင်မှန်လုံယာဉ်သည် မိုင်တိုင်အမှတ် ၁၁၅/၁ နှင့် ၁၁၅/၂ အကြားတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ ဘာရီယာတုံးများကို တိုက်မိပြီး လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိ တိမ်းမှောက်မှုကြောင့် ကိုးဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိသည်။ ဤဖြစ်စဉ်၌ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီး ပြုပြင်ထိန်းသိမ်းရေး (လမ်းဦးစီးဌာန)အဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်သို့ရောက်ရှိပြီး ဝိုင်းဝန်းကူညီကယ်ဆယ်ခြင်းနှင့် ဆေးရုံသို့အချိန်မီ ပို့ဆောင်ပေးနိုင်ရေးတို့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အရေးပေါ်ကုသ

အမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုများအနက် လူနာများအား ရွှေ့ပြောင်းသယ်ထုတ်နိုင်ရေး၊ နီးစပ်ရာ ဆေးရုံဆေးခန်းများသို့ အချိန်မီပို့ဆောင်နိုင်ရေးအတွက် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ လူနာတင်ယာဉ် ၁၀ စီးကို စခန်းအသီးသီးတွင် ဖြန့်ခွဲအသုံးပြု ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကြီးမားပြီး ထိခိုက်ဆုံးရှုံးမှုများပြားသော ယာဉ်မတော်တဆမှုဖြစ်စဉ်များတွင် နီးစပ်ရာ အမြန်လမ်းရဲစခန်း၏ အင်အားသာမက အမြန်လမ်းမကြီးတစ်လျှောက်ရှိ အမြန်လမ်းရဲစခန်းအင်အားများ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသည်။

ဤအခြေအနေမျိုးတွင် အမြန်လမ်းရဲစခန်း၊ အမြန်လမ်းမီးသတ်စခန်းများ၊ အမြန်လမ်းပြုပြင်ထိန်းသိမ်းရေး(လမ်းဦးစီးဌာန)၊ အင်ဂျင်နီယာအဖွဲ့များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အဖွဲ့များ၊ ဒေသခံပြည်သူများဖြင့် ပူးပေါင်းကူညီခဲ့ကြပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံအသီးသီးကလည်း အရေးပေါ်ကုသမှုများဆောင်ရွက်ပေးကြသည်။

အချိန်မရွေး၊ နေရာမရွေး

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် နေ့စဉ်ယာဉ်စီးရေ ပျမ်းမျှ တစ်သောင်းကျော် ဖြတ်သန်းသွားလာလျက်ရှိရာ ၂၀၁၅ ခုနှစ်အတွင်း မော်တော်ယာဉ်စက်ချွတ်ယွင်းမှု ၁၈၅ ကြိမ်၊ မော်တော်ယာဉ်ဆီပြတ်မှု ၇၂ ကြိမ်၊ မော်တော်ယာဉ် ဘီးပေါက်မှုအကြိမ် ၁၀၀ တို့ကို ကူညီပေးနိုင်ခဲ့ပြီး ခရီးသွားရင်းသေဆုံးသဖြင့် ကူညီမှု သုံးကြိမ်၊ ခရီးသည်စိတ်ပြိုငြင်စေမှုအား ကူညီမှု ၂၂ ကြိမ်၊ ခရီးသည်ကျန်းမာရေးမကောင်းသဖြင့် ကူညီပေးမှု နှစ်ကြိမ် စသည့်အရေးပေါ် အကူအညီလိုအပ်မှုများကိုလည်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့က အချိန်မရွေး၊ နေရာမရွေး ကူညီဆောင်ရွက်ပေးခဲ့သည်။

မီးငြှိမ်းသတ်နိုင်ရေး

အမြန်လမ်းမကြီးရဲတပ်ဖွဲ့နည်းတူ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကလည်း အမြန်လမ်းမီးသတ်စခန်း ၁၅ ခု ဖွင့်လှစ်ထားရှိပြီး ခေတ်မီ မီးသတ်ယာဉ် ၁၅ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၀၀ ခန့် ထားရှိကာ အမြန်လမ်းမကြီးပေါ်တွင် မီးလောင်မှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ သွားရောက်ကယ်ဆယ် မီးငြှိမ်းသတ်နိုင်ရေးအတွက် ဖြန့်ခွဲထားရှိပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း ယာဉ်များမတော်တဆ မီးလောင်မှု ခုနစ်ကြိမ်ရှိခဲ့ကြောင်းလည်း သိရသည်။

အချိန်နှင့်တစ်ပြေးညီ ကူညီ

ယနေ့အခြေအနေတွင် လူမှုကွန်ရက် Facebook စာမျက်နှာအချို့၌ ဖြစ်စဉ်များကို သေချာဂဃနဏ မသိရှိဘဲ မှတ်တမ်းဓာတ်ပုံများရိုက်၍ သတင်းဦးသတင်းထူးအနေဖြင့် ဆောလျင်စွာတင်ပြမှုများကြောင့် ခရီးသွားပြည်သူအချို့ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့အနေဖြင့် အမြန်လမ်းမကြီးတစ်လျှောက်တွင် ရဲစခန်းရဲကင်းအသီးသီး စုဖွဲ့ထားရှိသည့်အပြင် တပ်ဖွဲ့ဝင်များကလည်း လမ်းမကြီးပေါ်၌နေ့/ည မပြတ် ရှိနေပြီး ယာဉ်မတော်တဆဖြစ်စဉ်များ အခြားသဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်စဉ်များကို သွားရောက်ကူညီဆောင်ရွက်လျက်ရှိသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရာနေရာသို့ အမြန်ဆုံးရောက်ရှိခြင်း၊ ဒဏ်ရာရရှိသူများကို စနစ်တကျ အချိန်တိုအတွင်း ကြည့်ရှုစစ်ဆေးခြင်း၊ အသက်အန္တရာယ်ရှိသူများကို ဦးစားပေးရွေးချယ်ခြင်း၊ ရှေးဦးပြုစုမှုပြုလုပ်ခြင်းနှင့် အနီးစပ်ဆုံးဆေးရုံသို့ အမြန်ဆုံးသယ်ယူပို့ဆောင်စေခြင်းတို့ကိုလည်း တပ်ဖွဲ့ဝင်များအား စဉ်ဆက်မပြတ် သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အသိပညာပေးဆောင်ရွက်

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့အနေဖြင့် အခြားဆက်စပ်ဌာနများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ယာဉ်မောင်းအား အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးခြင်း၊ ယာဉ်အောက်ပိုင်းတာယာ၊ ဘရိတ်၊ ရှေ့မီးကြီး၊ အချက်ပြမီး၊ ရှေ့လေကာမှန်ဝိုက်ဘာ ကောင်း/မကောင်း စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးနှင့် အရေးပေါ်ထွက်ပေါက်များ ပါရှိခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ အမြန်လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များမောင်းနှင်ရာ၌ သတိပြုမောင်းနှင်ရမည့် ဆောင်ရန်/ရှောင်ရန် ပညာပေးဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကိစ္စကြီးငယ် ပေါ်ပေါက်လာပါက အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးနှင့် အမြန်လမ်းမကြီးရဲစခန်းများသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို အမှတ်(၃)လမ်းဆုံ တိုးဂိတ်၊ ဖြူးတိုးဂိတ်၊ နေပြည်တော်တိုးဂိတ်၊ မိတ္ထီလာတိုးဂိတ်၊ စကားအင်းတိုးဂိတ်များ၌ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ MRTV, MRTV-4, MWD, SKY NET Police Channel များ၊ နိုင်ငံပိုင်သတင်းစာနှင့် ပုဂ္ဂလိကဂျာနယ်တို့တွင် ထည့်သွင်းဖော်ပြပေးလျက်ရှိသည့်အပြင် အမြန်လမ်းပေါ်၌မောင်းနှင်မည့် ယာဉ်မောင်းများအား လမ်းအနေအထား၊ မိမိယာဉ်သွားလာနှုန်း အနေအထားများကို ယာဉ်မောင်းများသိရှိစေရန် နှိုးဆော်ချက်များ၊ ယာဉ်မောင်းများလိုက်နာရမည့် ယာဉ်စည်းကမ်းများကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမြန်လမ်းမကြီးရဲတပ်ဖွဲ့က အသိပေးနှိုးဆော်လျက်ရှိသည်။

အစဉ်အမြဲအသင့်ရှိ

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်၌ နေ့စဉ်ဖြတ်သန်း သွားလာလျက်ရှိသည့် မော်တော်ယာဉ်များ၏ စက်ချွတ်ယွင်းမှု၊ မော်တော်ယာဉ်ဆီပြတ်မှု၊ မော်တော်ယာဉ်ဘီးပေါက်မှု၊ ခရီးသွားရင်းကျန်းမာရေးမကောင်း/သေဆုံးသဖြင့် ကူညီခဲ့ရမှု၊ ခရီးသည်စိတ်ပြိုငြင်မှုကို ကူညီပေးမှုနှင့် ခရီးသည်၏ ငွေ/ပစ္စည်းပျောက်ဆုံးမှုတို့အား ဖော်ထုတ်မှုစသည့် အရေးပေါ် ဆောင်ရွက်ချက်များကိုလည်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့က အချိန်မရွေး၊ နေရာမရွေး၊ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ခရီးသွားမိဘပြည်သူအပေါင်း၏ သွားလာမှု လုံခြုံချောမွေ့စေရေးနှင့် အရေးပေါ်အခြေအနေများတွင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန် အသင့်ရှိနေမည်သာ။ ။

နေပြည်တော်တစ်ခွင် ဖွံ့ဖြိုးစည်ပင်မှု မြင်ကွင်းပုံရိပ်များ



နေပြည်တော်နေပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ပြည်သူများ ကြည်ညိုသဒ္ဓါပွားဖူးမြော်နိုင်ရန်အတွက် တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အနုပညာလက်ရာများ စုဆောင်းပြသထားသည့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်ကို တွေ့ရစဉ်။

ပြည်တွင်း ပြည်ပနှင့် နိုင်ငံတကာအဆင့် အစည်းအဝေးများကို ကျင်းပလျက်ရှိသည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)။

မြန်မာ့တွင်းထွက် သယံဇာတများကို ခင်းကျင်းပြသသည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်။

ပြည်တွင်းနှင့် ပြည်ပသို့ ဆက်သွယ်ဆောင်ရွက်ပေးနေသည့် ဗဟိုစာတိုက်ကြီး။

အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း (နေပြည်တော်)။

ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)။

နေပြည်တော်တစ်ခွင် ဖွံ့ဖြိုးစည်ပင်မှု မြင်ကွင်းပုံရိပ်များ

ပြည်သူများ အပန်းဖြေလေ့လာနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အထင်ကရနေရာများအား တစ်နေရာတည်း၌စုစည်းပြသထားသည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)။

ရဟန်းသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်ပေးသည့် သံဃဘေသဇ္ဇဌာနဝိဟာရ(သံဃာ့ဆေးရုံ)။

ပညာရပ်ဆိုင်ရာများအတွက် ကိုးကားလေ့လာနိုင်သည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)။

နိုင်ငံတကာလေကြောင်းလိုင်းများနှင့်ချိတ်ဆက်ပျံသန်းပြေးဆွဲပေးသော နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်။

သဘာဝပတ်ဝန်းကျင်နှင့် တိရစ္ဆာန်များ၏ အလေ့အထကို သဘာဝအတိုင်း လေ့လာကြည့်ရှု အပန်းဖြေအနားယူနိုင်ရန် စီမံထားသည့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)။

ပြည်သူများ အပန်းဖြေကြည့်ရှုနိုင်သည့် အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံ။

နိုင်ငံတကာအားကစားပြိုင်ပွဲများ ကျင်းပနိုင်သည့် ဇေယျာသီရိအားကစားကွင်း။

ကျွန်တော်နဲ့ ချန်နိုင်း

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ချန်နိုင်းလို့ပြောရင် ရုတ်တရက်လူတွေသိကြမှာ မဟုတ်ဘူး။ မဒရပ်(ဇ်)လို့ ပြောရင်တော့ အတော်များများ သိကြမှာပါ။ အိန္ဒိယနိုင်ငံမှာရှိတဲ့ မြို့တွေရဲ့ အမည်တွေကို လွတ်လပ်ရေးရပြီးချိန်မှာ အင်္ဂလိပ်အုပ်ချုပ်သူတွေပေးထားတဲ့အမည်ကို အစားထိုးပြီး နဂိုက ခေါ်ဝေါ်တဲ့အမည်တွေကို ပြန်လည်အသုံးပြုလာခဲ့တယ်။ ဒါ့ကြောင့် ဘုံဘေကို မွမ်ဘိုင်း၊ ကာလကတ္တားကို ကိုကားတားဆိုပြီး ခေါ်ခဲ့ကြတယ်။ အမှန်တော့ ချန်နိုင်းမြို့ဟာ တာမီ(လ်)နာဒူးပြည်နယ်ရဲ့ မြို့တော်ဖြစ်ပါတယ်။ တာမီ(လ်)လူမျိုးတွေကို မြန်မာပြည်က လူတွေ ရင်းနှီးပြီးသားဖြစ်ပါတယ်။ အထူးသဖြင့် လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်က မြန်မာပြည်မှာ နာမည်ကြီးတဲ့ချစ်တီးတွေဟာ တာမီ(လ်)နာဒူးပြည်နယ်တွေက လာရောက်ကြသူတွေဖြစ်ပါတယ်။ ချစ်တီးတွေဟာ ရှပ်ရှင်တွေ ဝတ္ထုတွေထဲမှာ လူဆိုးများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရတယ်။ ငွေကိုအဆမတန်တဲ့ အတိုးတွေနဲ့ချေး၊ အကြွေးတွေပြန်မဆပ်နိုင်ရင် မြေသိမ်း၊ လူသိမ်း၊ ဦးခေါင်းပြောင်အောင်ရိတ်ထားပြီး နောက်စေ့မှာ ဆံရှည်တစ်ချောင်းထားပြီး ဒိုတီဝတ်ဆင်တဲ့သူဟာ ချစ်တီးတွေပဲဖြစ်တယ်။ သမိုင်းဝင်လူဆိုးကြီးတွေပေါ့။ ဒီအတွေးဒီအယူအဆတွေကို ငြင်းပယ်လို့မရပေမယ့် တကယ်တော့ အခြေအနေတွေက ပိုပြီးသိမ်မွေ့ပါတယ်။ တစ်ချိန်က မြစ်ဝကျွန်းပေါ်ဒေသဟာ ငှက်ဖျားပေါပြီး စစ်မြေဖြစ်ခဲ့ရပါတယ်။ ဒုတိယ အင်္ဂလိပ် မြန်မာစစ်ပွဲပြီးဆုံးတဲ့ ၁၈၅၂ ခုနှစ် မှစ၍ အုပ်ချုပ်တဲ့ အင်္ဂလိပ်တွေဟာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို ဆန်စပါးအကြီးအကျယ်ထွက်အောင်ကြိုးစားနိုင်ခဲ့တယ်။ ပင်လယ်ရေမဝင်နိုင်အောင် တာတမံတွေတည်ဆောက်ပြီး မျိုးကောင်းမျိုးသန့် စပါးတွေ မိတ်ဆက်စေခဲ့တယ်။

ဆန်စက်တွေကိုလည်း တည်ဆောက်ခဲ့တယ်။ နိုင်ငံခြားကုမ္ပဏီတွေက ဆန်စပါးလောကထဲကိုဝင်ရောက်လာခဲ့တယ်။ အထူးသဖြင့် အီဂျစ်နိုင်ငံမှာ ဆူးအက်တူးမြောင်းကြီး တူးဖော်ပြီးချိန်မှာ မြန်မာပြည်ထွက်ဆန်တွေဟာ အင်္ဂလန်နဲ့ဥရောပနိုင်ငံတွေဆီ အကြီးအကျယ် တင်ပို့နိုင်ခဲ့တယ်။ လယ်ယာလုပ်ငန်းလုပ်ရန်အတွက် အိန္ဒိယနိုင်ငံက လုပ်သားတွေကို ခေါ်ခဲ့ပါတယ်။ သူတို့နဲ့အတူ ငွေချေးစားတဲ့ ချစ်တီးတွေကိုပါ ကြိုဆိုလာခဲ့တယ်။ လယ်ယာလုပ်ငန်းတွေအတွက် လိုအပ်တဲ့ ငွေကြေးအရင်းအနှီးတွေကို ဒီချစ်တီးတွေက ထုတ်ပေးခဲ့တယ်။ တင်ပြခဲ့တဲ့အခြေအနေတွေကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာ့ဆန်စပါးဈေးကွက်ကို လွှမ်းမိုးနိုင်ခဲ့တယ်။ ဒါပေမယ့် ၁၉၃၀ ကမ္ဘာ့စီးပွားရေးကပ်ကြီးဆိုက်ရောက်လာတဲ့အခါ အမေရိကန်၊ အင်္ဂလန်နဲ့ဥရောပနိုင်ငံတွေမှာရှိတဲ့ ဘဏ်တွေပျက်စီးခဲ့ရတယ်။ စီးပွားရေးဆုံးရှုံးမှုတွေကြုံတွေ့ခဲ့ရတယ်။ ဒီအကျိုးဆက်တွေကြောင့် ချစ်တီးတွေဟာ အကြွေးတင်တဲ့ လယ်သမားတွေအပေါ် ပိုပြီး ဖိနှိပ်လာခဲ့တယ်။ ဆရာစံလယ်သမားတော်လှန်ရေးဟာ ကမ္ဘာ့စီးပွားရေးကပ်ဆိုက်မှုရဲ့ အကျိုးဆက်တစ်ခုသာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်က အခွင့်အခါရရှိတိုင်း နိုင်ငံရေး ဘောဂဗေဒပညာကို လေ့လာဆည်းပူးသင့်ကြောင်း တိုက်တွန်းခဲ့တာဖြစ်ပါတယ်။ စီးပွားရေးကြောင့် နိုင်ငံရေးဘဝအပေါ် အကျိုးသက်ရောက်သလို နိုင်ငံရေးကြောင့် စီးပွားရေးအခြေအနေတွေဟာလည်း ပြောင်းလဲသွားနိုင်မှာဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်လို့ စီးပွားရေးသမိုင်းပညာရှင်များက သုတေသနကျမ်းကြီးတွေ ပြုစုရုံမက၊ စာအုပ်တွေရေးသားခဲ့ပါတယ်။ ဒီအထဲက နာမည်အကြီးဆုံးက အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် ရပ်ဂါးတက္ကသိုလ်က ပါမောက္ခ မိုက်ကယ်အေးဒစ်ဖြစ်ပါတယ်။ သူ့ရဲ့စာအုပ်ထဲမှာ မြစ်ဝကျွန်းပေါ်ဒေသ မည်သို့မည်ပုံ တိုးတက်လာပုံကို သမိုင်းသက်သေအထောက်အထားများကို အသုံးပြုပြီး ပြုစုခဲ့ပါတယ်။ နောက်တစ်ဦးကတော့ ဟော်လန်နိုင်ငံ အမ်စတာဒမ်တက္ကသိုလ်က ပါမောက္ခဗီလျံရှုန်ဒယ် ဖြစ်ပါတယ်။ သူ့ရဲ့သုတေသနက အရှေ့တောင်အာရှ နိုင်ငံသုံးနိုင်ငံဖြစ်တဲ့ မြန်မာ၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေမှာရှိတဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေကို ဆန်စပါးထုတ်လုပ်မှုအတွက် မည်သို့မည်ပုံဆောင်ရွက်ခဲ့ပုံများကို သုတေသနလုပ်ခဲ့သူ ဖြစ်ပါတယ်။

နောက်တစ်ဦးကတော့ မြန်မာပြည်က ဆရာကြီးဂျေအစ်ဖာနယ်ဗယ်ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဝကိုလေ့လာသူ စိတ်ဝင်စားသူတိုင်းဟာ ဆရာကြီးရေးသားတဲ့ စာအုပ်တွေနဲ့ တရင်းတနှီးဖြစ်ဖို့ လိုအပ်ပါတယ်။ အင်္ဂလိပ်လူမျိုးဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့ပညာရေးမြှင့်တင်မှုကို အားပေးခဲ့သူဖြစ်ပါတယ်။ အထူးခြားဆုံးက မြန်မာနိုင်ငံသုတေသနအသင်းကြီးကို တည်ထောင်ခဲ့သူဖြစ်ပါတယ်။ ဆရာကြီးရဲ့သုတေသနတွေ့ရှိချက်အရ ကိုလိုနီခေတ် မြန်မာနိုင်ငံရဲ့စီးပွားရေးဘဝဟာ Plural Society ဆိုပြီး ကင်ပွန်းတပ်ခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ စီးပွားရေးလူ့အဖွဲ့အစည်းမှာ မတူညီတဲ့လူမျိုးတွေခွဲခြားဆက်ဆံပြီး လုပ်ရှားနေတာကို ကွက်ကွက်ကွင်းကွင်းဖော်ထုတ်ခဲ့ပါတယ်။ ဆရာကြီးရဲ့တွေ့ရှိချက်အရ မြန်မာစီးပွားရေးဘဝမှာ ထိပ်ပိုင်းမှာအင်္ဂလိပ်လူမျိုးတွေရယ် အခြားဥရောပတိုက်သားတွေ ကြီးစိုးနေကြပြီး အလယ်ပိုင်းမှာတော့ အိန္ဒိယနိုင်ငံကလူတွေနဲ့ တရုတ်ပြည်သားတွေ ပါဝင်လှုပ်ရှားနေကြကြောင်း တွေ့ရှိခဲ့ရပါတယ်။ နိုင်ငံသားဖြစ်တဲ့ မြန်မာတွေကတော့ အောက်ပိုင်းမှာသာ ပါဝင်နေကြကြောင်း ဖော်ထုတ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပုံစံအမျိုးမျိုးနဲ့ အဖိနှိပ်ခံ နှိပ်စက်ခံကြရတဲ့ မြန်မာတွေဟာ အင်္ဂလိပ်လူမျိုးတွေ၊ အိန္ဒိယနိုင်ငံသားတွေ၊ တရုတ်တွေအပေါ် မကျေနပ်ခဲ့ကြတာဖြစ်တယ်။ ဒီအတွေးတွေဟာ အခုထိ ရင်ထဲမှာ ကိန်းအောင်းနေလျက်ရှိပါတယ်။

လွန်ခဲ့တဲ့တစ်ပတ်က ကျွန်တော် ချန်နိုင်းကိုရောက်ခဲ့ပါတယ်။ သွားခဲ့တဲ့အကြောင်းကတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံလေးနိုင်ငံနဲ့ အိန္ဒိယနိုင်ငံ စီးပွားရေး ဆက်သွယ်ဆက်ဆံမှုနဲ့ ပတ်သက်လို့ ဆောင်ရွက်ခဲ့တဲ့ စီးပွားရေးညီလာခံတစ်ရပ်ဖြစ်ပါတယ်။ ဒီနိုင်ငံလေးနိုင်ငံကို စီအယ်(လ်)အမ်ဗွီ (CLMV) လို့ ခေါ်ဝေါ်ကြပါတယ်။ မြန်မာအဖွဲ့ရဲ့ခေါင်းဆောင်အဖြစ် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းဖြစ်ပါတယ်။ နောက်တစ်ဦးက စက်မှုလက်မှုကုန်သည်ကြီးများအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် ဖြစ်ပါတယ်။ အစိုးရဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် နှစ်ဦးလည်း ပါဝင်ပါတယ်။ ကျန်တဲ့သူတွေကတော့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေဖြစ်တယ်။ အဖွဲ့က တောင့်တယ်။ ၃၀ ကျော်တာမို့ နိုင်ငံလေးနိုင်ငံအနက် အရေအတွက်အများဆုံးနိုင်ငံ။ ချန်နိုင်းဟာ အမှန်တော့ မြေပုံထဲကြည့်ရင် တနင်္သာရီ၊ မွန်ပြည်နယ်နဲ့တန်းနေတာ ဘင်္ဂလားပင်လယ်အော်သာခြားတာ၊ လေယာဉ်နဲ့ဆို နှစ်နာရီနဲ့ ရောက်နိုင်တဲ့နေရာ။ ဒါပေမယ့် တိုက်ရိုက်ခရီးမရှိတော့ ရန်ကုန်ကနေ ဗန်ကောက်ကိုသွားပြီးမှ ချန်နိုင်းကိုရောက်တာ၊ ရောက်တဲ့အချိန်ကလည်း မနက်တစ်နာရီကျော်၊ တည်းခိုမယ့်ဟိုတယ်ရောက်တော့ မနက်သုံးနာရီဖြစ်နေပြီ။ နောက်တစ်နေ့က အစည်းအဝေး စမှာမို့ အိပ်ဆေးသောက်ပြီး အိပ်ခဲ့ရတယ်။ နံနက်စာ စားတဲ့ စားသောက်ခန်းရောက်တော့ တစ်နေ့စောပြီးရောက်နေကြတဲ့ ဒေါက်တာပွင့်ဆန်း၊ ဦးဝင်းအောင်နဲ့အဖွဲ့ကို တွေ့ရတယ်။ အခုလို အင်နဲ့အားနဲ့ အစည်းအဝေးကို တက်ရောက်လာတာ အားကျစရာ၊ ဂုဏ်ယူစရာပါပဲ။ ဖွင့်ပွဲအခမ်းအနားကို ကုန်သွယ်ရေးဝန်ကြီးလုပ်သူက မိန့်ခွန်းပြောခဲ့တယ်။ အမျိုးသမီးဝန်ကြီးဖြစ်ပြီး အပြောအဆို လေယူလေသိမ်းကောင်းတယ်။

အဓိကကတော့ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးမူဝါဒကို ချပြခဲ့တယ်။ တက်လာတဲ့ ဝန်ကြီးချုပ် မစ္စတာ မိုဒီဟာ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို ဦးစားပေးသူ၊ စီးပွားရေးဘဝရှင်သန်အောင် ပုံစံအမျိုးမျိုးနဲ့ ဆောင်ရွက်သူပါ။ သူ့ရဲ့မူဝါဒတစ်ခုက Look East "အရှေ့ကိုကြည့်"။ အဓိပ္ပာယ်ကတော့ အိန္ဒိယနိုင်ငံ အရှေ့ဘက်မှာရှိတဲ့ အာဆီယံ၊ တရုတ်တို့နဲ့ အဆက်အသွယ်တွေ ဖော်ထုတ်ပြီး အခွင့်အလမ်းသစ်တွေ ဖော်ထုတ်ဖို့ ရည်ရွယ်ထားတယ်။ တစ်ဖက်ကလည်း Made in India ဆိုတဲ့ အိန္ဒိယပြည်မှာ ထုတ်လုပ်တယ်ဆိုပြီး ပို့ကုန်တိုးတက်မှုကို ဦးစားပေးနေကြတယ်။ အိန္ဒိယနိုင်ငံက အခုလိုကြိုးစားနေသလို တရုတ်ပြည်ကလည်း one road, one belt ဆိုတဲ့ မူဝါဒအသစ်ဖော်ထုတ်ပြီး အရှေ့တောင်အာရှနဲ့တောင်အာရှနိုင်ငံများနဲ့ စီးပွားရေး၊ နိုင်ငံရေးဆက်သွယ်မှုတွေကို ဆောင်ရွက်နေပြန်တယ်။

အခုလို စီးပွားရေးအရ အင်အားကြီးမားလှတဲ့ တရုတ်နိုင်ငံနဲ့အိန္ဒိယပြည်အကြားမှာရှိတဲ့ မြန်မာနိုင်ငံအတွက် အခွင့်အရေးပဲဖြစ်ပါတယ်။ အိန္ဒိယပြည်က Look East မူဝါဒဖော်ထုတ်သလို ကျွန်တော်တို့ကလည်း Look West အနောက်ဘက်ကိုကြည့်ဆိုတဲ့ မူဝါဒတစ်ခုကိုစဉ်းစားရမှာသာဖြစ်ပါတယ်။ အိန္ဒိယအစိုးရ ကုန်သွယ်ရေးဝန်ကြီး မိန့်ခွန်းပြောပြီးချိန်မှာ စီအယ်(လ်)အမ်ဗွီနိုင်ငံလေးနိုင်ငံကို ကိုယ်စားပြုတဲ့ အဖွဲ့ခေါင်းဆောင်တွေက မိန့်ခွန်းပြောကြတယ်။ မြန်မာပြည်ကိုယ်စား ဒေါက်တာပွင့်ဆန်းက ပြောခဲ့တယ်။ ထမင်းစားပြီး အစီအစဉ်မှာ ကျွန်တော်က ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များအကြောင်း တင်ပြခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုရဲ့ သော့ချက်ဟာ ဘဏ္ဍာရေးစနစ်တစ်ခုပဲဖြစ်ပါတယ်။ ဒီစနစ်ရှင်သန်နိုင်မှ စီးပွားရေးလောကလည်း တိုးတက်နိုင်မှာဖြစ်ပါတယ်။ ဘဏ္ဍာရေးစနစ်လို့ပြောရမှာ ဘဏ်စနစ်-အာမခံစနစ်နဲ့ အရင်းအနှီးဈေးကွက်တွေ ပါဝင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒါတွေနဲ့ပတ်သက်ပြီး ပုံစံအမျိုးမျိုးနဲ့ ပြုပြင်မှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် တစ်ဖက်က အောင်မြင်မှုတွေရှိသလို တစ်ဖက်ကလည်း စိန်ခေါ်မှုတွေရှိနေလျက်ပါ။ နိုင်ငံတော်အစိုးရအနေနဲ့ ဗဟိုဘဏ် ကို ပြုပြင်ပြောင်းလဲခဲ့ပြီး သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်း တစ်ရပ်အနေနဲ့ တည်ထောင်ပေးခဲ့တယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ အခုထက်ပိုပြီး တက်ကြွရှင်သန်သင့်တယ်လို့မြင်မိပါတယ်။ ငွေကြေးဆိုင်ရာ ပေါ်လစီရေးချမှတ်ရုံမက ကုန်ဈေးနှုန်းထိန်းချုပ်မှု စီးပွားရေးဖွံ့ဖြိုးမှုအတွက်လည်း ပိုပြီးဆောင်ရွက်ရမှာဖြစ်တယ်။ ဗဟိုဘဏ်အနေနဲ့ ကြိုတင်လှုပ်ရှားပြီး ဦးစီးဦးဆောင်မှုပေးဖို့လိုတယ်လို့ ယူဆမိပါတယ်။ ပုဂ္ဂလိကဘဏ်တွေကို သွက်သွက်လက်လက်လှုပ်ရှားနိုင်အောင် အားပေးသင့်ပါတယ်။ စိုးရိမ်စိတ်၊ ပူပန်စိတ်တွေ လိုတာထက် လွန်ကဲရင် အခက်အခဲရှိနိုင်ပါတယ်။ အာမခံစနစ်ကိုလည်း ဖွင့်ပေးသင့်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်သမိုင်းရဲ့ တာဝန်ဝတ္တရားနဲ့စီးပွားရေးလုပ်ငန်းရဲ့ လုပ်ငန်းတွေကွဲပြားခြားနားမှု မရှိတာတွေ့ရတယ်။ ဥပဒေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အဖွဲ့အစည်းဖြစ်တဲ့ နိုင်ငံပိုင်လုပ်ငန်းက စီးပွားရေးလုပ်ငန်းထဲ ပါဝင်ပတ်သက်ပြီး ကျန်ရှိတဲ့အာမခံလုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်နေတာဟာ မဖြစ်သင့်တဲ့အရာဖြစ်ပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အရုပ်ဆိုးစေပါတယ်။ နိုင်ငံတော်အဖွဲ့အစည်းတွေရဲ့ တာဝန်ဟာ စီးပွားရေးလုပ်ငန်းတွေရှင်သန်အောင် တရားဥပဒေအရ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ဖို့သာ ဖြစ်တယ်။ စီးပွားရေးလုပ်ငန်းတွေကို တာဝန်ယူတဲ့ ပုဂ္ဂလိကကဏ္ဍကို ယုံယုံကြည်ကြည်နဲ့ လွတ်လပ်စွာ လုပ်ခွင့်ပြုသင့်တယ်။ အခုတော့ မြေညီကွင်း မဟုတ်တော့ဘဲ ကိုယ်ပဲဒိုင်လူကြီးလုပ် ကိုယ်ပဲ ဝင်ကန်နေတာတွေဖြစ်နေပါတယ်။ ဒီဆောင်ရွက်ချက်တွေဟာလည်း အတိတ်ကာလက အမွေဆိုးတွေသာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဘဝမှာ ပြည်သူပိုင် လုပ်ငန်းတွေဟာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ နေရာတိုင်းလိုလို အရှုံးပေါ်လျက်ရှိတယ်။ တစ်ဖက်ကလည်း ခန့်ထားတဲ့ ဝန်ထမ်းတွေကလည်း အလွန်များပြားလှပါတယ်။ အခုလိုအခြေအနေမျိုးမှာ ဒီနိုင်ငံပိုင်လုပ်ငန်းတွေကို ဘယ်ပုံဘယ်နည်းနဲ့ ပြုပြင်ပြောင်းလဲဖို့ သင့်သလဲဆိုတာ စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်နေပါတယ်။ နိုင်ငံပိုင်အဖွဲ့အစည်းတွေကို ခပ်လွယ်လွယ်ပုဂ္ဂလိကလက်ထဲလွှဲပြောင်းတဲ့ မူဝါဒဟာ အဆင်မပြေလှပါဘူး။ အိမ်နီးနားချင်းနိုင်ငံတွေမှာလည်း ဒီပြဿနာကို ရင်ဆိုင်ခဲ့ကြရတယ်။ အရှေ့ဥရောပနိုင်ငံတွေမှာလည်း အခုလိုဖြစ်ခဲ့ကြရတယ်။ ကျွန်တော်တို့နိုင်ငံအပါအဝင် လွတ်လပ်ရေးရပြီးစနိုင်ငံတိုင်းလိုလို ဒီပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတယ်။ လွတ်လပ်ရေးမရမီ နိုင်ငံခြားသားတွေ လက်ဝါးကြီးအုပ်စနစ်ကို မနှစ်မြို့တာကြောင့် လွတ်လပ်ရေးရပြီးချိန်မှာ အားလုံးလိုလို ပြည်သူပိုင်သိမ်းခဲ့ကြတယ်။

ဥပဒေကိုထိန်းသိမ်းစောင့်ရှောက်တဲ့ အဖွဲ့အစည်းဖြစ်တဲ့ နိုင်ငံပိုင်လုပ်ငန်းက စီးပွားရေးလုပ်ငန်းထဲ ပါဝင်ပတ်သက်ပြီး ကျန်ရှိတဲ့ အာမခံလုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်နေတာဟာ မဖြစ်သင့်တဲ့အရာဖြစ်ပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အရုပ်ဆိုး စေပါတယ်။

ဒါပေမယ့် ဒီလုပ်ငန်းတွေကို စီးပွားရေးဆန်ဆန် လုပ်ကိုင်နိုင်ခြင်းမရှိခဲ့ဘဲ နိုင်ငံအပေါ် ဝန်ထုပ်ဝန်ပိုးတွေဖြစ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာတော့ Corporatization ခေါ်တဲ့ ပိုင်ဆိုင်မှုကို နိုင်ငံတော်ကထိန်းသိမ်းပြီး စီမံခန့်ခွဲမှုကို ကျွမ်းကျင်လိမ္မာတတ်မြောက်သူတွေကို တာဝန်ပေးတဲ့ အစီအစဉ်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ္ဍာရေးစနစ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံမှာ အခြေခံလိုအပ်ချက်တစ်ရပ်က Financial Inclusion လို့ခေါ်တဲ့ အားလုံးပါဝင်ပတ်သက်တဲ့ ဘဏ္ဍာရေးစနစ်တစ်ရပ်ကို ဖော်ထုတ်ခြင်းဖြစ်တယ်။ မနှစ်က ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဟော်လန်နိုင်ငံ ဘုရင်မကြီးက မြန်မာပြည်ကို လာရောက်ခဲ့ပြီး ဒီအစီအစဉ်ကို တိုက်တွန်းခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒါကို သိပ်ဖြစ်စေချင်လှပါတယ်။ မြန်မာနိုင်ငံလူဦးရေ သန်း ၅၀ ကျော်အနက် ၁၀ ရာခိုင်နှုန်းခန့်သာ ဘဏ်စနစ်နဲ့ ထိတွေ့မှုရှိပါတယ်။ အမှန်တော့ လူတိုင်းထိတွေ့ ဆက်သွယ် ဆက်ဆံနိုင်ခွင့်ရှိရမှာဖြစ်တယ်။ ဒီနေရာ မှာ အင်တာနက်ပညာအားကိုးပြီး လုပ်နိုင်တဲ့ အခြေအနေတွေရှိပါတယ်။ အခုဆိုရင် လူတိုင်းလိုလို မိုဘိုင်းတယ်လီဖုန်းကိုင်ဆောင်နေကြပါတယ်။ ဒီမိုဘိုင်းဖုန်းတွေကတစ်ဆင့် ဘဏ်စနစ်နဲ့ အလွယ်တကူ ဆောင်ရွက်နိုင်မှာသာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်အပြီး ကျန်တဲ့ ပါဝင်သူတွေကလည်း နိုင်ငံအသီးသီး အတွေ့အကြုံတွေ တင်ပြဆွေးနွေးကြပါတယ်။

ညဘက်မှာ ညစာစားပွဲနဲ့ တည်ခင်းပါတယ်။ ဝန်ကြီးကိုယ်တိုင်တက်ရောက်ခဲ့ပြီး မြန်မာအဖွဲ့က လက်ဆောင်တွေပေးအပ်ခဲ့ပါတယ်။ နောက်တစ်နေ့ အစည်းအဝေး ဆက်လက်ကျင်းပပြီး ကျွန်တော်က နှစ်ကြိမ် ပါဝင်ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး သီးသန့်အစီအစဉ်မှာ မြန်မာကိုယ်စားလှယ်တွေပါကြပါတယ်။ ကိုယ်ကျွမ်းကျင်လိမ္မာတဲ့ နယ်ပယ်အသီးသီးက တင်ပြခဲ့ကြပါတယ်။ ကျွန်တော်ကလည်း ကိုယ်သိသမျှကို ဆွေးနွေးခဲ့ပါတယ်။ အမေးအဖြေကဏ္ဍမှာတော့ ကျွန်တော့်ကို ဦးတည်ပြီး မေးမြန်းဖော်ထုတ်ခဲ့ကြပါတယ်။

ကျွန်တော်က ဒီအစီအစဉ်မှာ သဘာပတိတာဝန်ယူရပါတယ်။ အရှေ့ကအစီအစဉ်က အချိန်ပိုယူထားတာမို့ ကျွန်တော်တို့အလှည့်ရောက်တဲ့အခါ အချိန်က နည်းနည်းပဲရပါတယ်။ ကျွန်တော့်မှာ အကျင့်တစ်ခုရှိတယ်။ ဒါကတော့ အချိန်ကို တိတိကျကျဆောင်ရွက်တာဖြစ်တယ်။ ကိုယ်က သဘာပတိဖြစ်၊ ကျန်တဲ့သူတွေက ကိုယ့်အကြောင်းသိတော့ ကျွန်တော်ပြောသလို အချိန်ကို လေးစားကြတယ်။ ဒါကြောင့်လည်းစတဲ့အချိန်နောက်ကျခဲ့ပေမယ့် သတ်မှတ်ချိန်အတိုင်းပြီးနိုင်ခဲ့တယ်။ ဒါကြောင့်လည်း ထမင်းစားချိန်နောက်မကျခဲ့ဘူး။ ထမင်းစားပြီး ဧရာဝတီဘဏ်က ဦးဆောင်ညွှန်ကြားရေးမှူး ကိုဖြိုးအောင်ရင်၊ မန်နေဂျာကိုဒေးဗစ်တို့ အငှားကားတစ်စီးငှားပြီး ဟိုတယ်အနီးမှာရှိတဲ့ သမိုင်းဝင်အဆောက်အအုံတွေကိုလည်ပတ်ကြည့်ရှုခဲ့ပါတယ်။ ဟိန္ဒူယဉ်ကျေးမှုအဆောက်အအုံဘုရားတွေဖြစ်ပြီး မြန်မာပြည်မှာရှိတဲ့ သရေခေတ္တရာ၊ ကမ္ဘောဒီးယားမှာရှိတဲ့ အန်ကောဝပ်ဘုရားကျောင်းတွေနဲ့ဆင်တူပါတယ်။

(၇) ရာစုကဖြစ်တာမို့ ခေတ်ပြိုင်လို့ဆိုနိုင်ပါတယ်။ အဆောက်အအုံတွေရဲ့ ထူးခြားချက်က ကျောက်ဆစ်ရုပ်တုတွေဟာ ပင်လယ်ကကျောက်ဆောင်တွေကို ထုလုပ်ထားတာဖြစ်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာလောက်က ဒီနေရာဟာ ပင်လယ်ရေနဲ့ ဖုံးလွှမ်းနေပုံရပါတယ်။

စာမျက်နှာ ၁၁ သို့

ဘောလုံးသမားဟောင်းများအသင်း (မန္တလေး) ၂၀၁၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

မန္တလေး ဇန်နဝါရီ ၃၁

(၁၂)ကြိမ်မြောက် ဘောလုံးသမားဟောင်းများအသင်း (မန္တလေး) ၂၀၁၅ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၃၁ ရက် ညနေ ၃နာရီက မန္တလေးမြို့ဗထူးအားကစားကွင်းရှိ အထူးတန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းနာယက ဦးစိန်ဝင်း၊ နာယကအဖွဲ့ဝင် ဦးစိန်ဝင်းကြီး၊ ဦးမြင့်လွင်၊ ဦးအောင်သိန်း၊ ဦးခင်မောင်တင့်၊ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အသင်းဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အသင်းနာယက ဆရာကြီး ဦးစိန်ဝင်းက အမှာစကားပြောကြားပြီး အသင်းနာယကများက ဘောလုံးသမားဟောင်းများအသင်း (မန္တလေး)ရေရှည်တည်တံ့ခိုင်မြဲရေး၊ လူမှုကူညီရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများ၊ ဘောလုံးသမားဟောင်းများမှ မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွန်းရေးအတွက် အခြေခံ၊ အဆင့်မြင့် ဘောလုံးသင်တန်းများ ဖွင့်လှစ်သင်ကြားရေးနှင့် အသင်းဝင်များကူညီလှူဒါန်းမှုများဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားကြသည်။ ထို့နောက် အသင်း အလုပ်အမှုဆောင်များက အစီအစဉ်အတိုင်း အစည်းအဝေးကို ကျင်းပကြပြီး အသင်းဝင်များက နာယကများရှေ့မှောက်၌ ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ အတွင်းရေးမှူး ဦးထွန်းမြတ် ပါဝင်သော အသင်းအလုပ်အမှုဆောင်အသစ်ကို ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်းနှင့် စေတနာရှင်အသင်းဝင်များက အသင်းအတွက် အလှူငွေများ လှူဒါန်းပေးကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

မြန်မာနိုင်ငံသားများ ပေးကမ်းမှုအလေ့အကျင့်ကောင်းများသည် မိမိနိုင်ငံသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားသားများထံသို့ ကူးစက်ပြန့်ပွားသကဲ့သို့ မြန်မာနိုင်ငံသည် ရက်ရောမှုအညွှန်းကိန်း အစဉ်အမြဲမြင့်မားနေသည်နှင့်အညီ ဇန်နဝါရီ ၃၀ ရက်က မြင်းမူမြို့၌ သံဃာတော်များအား ROAD TO Mandalay ခရီးသွားကုမ္ပဏီဝန်ထမ်းများနှင့် ခရီးသွားနိုင်ငံခြားသားတို့ စုပေါင်း၍ ဆွမ်းလောင်းလှူကြစဉ်။

(၀၇၇)

စာမျက်နှာ ၁၀ မှ

ညဘက်ကျတော့ ကျွန်တော်တို့တစ်ဖွဲ့လုံးကို ချန်နိုင်းမြို့ဟာ ထင်ရှားလှတဲ့ လုပ်ငန်းရှင်ကြီးက သူ့ရဲ့ရုံးအဆောက်အအုံမှာ ညစာထမင်းကျွေးမွေး ဧည့်ခံပါတယ်။ အထူးခြားဆုံးက သူ့ရဲ့မျိုးရိုးစဉ်ဆက်ပဲဖြစ်ပါတယ်။ အခုဆိုရင် သူဟာဓာတ်မြေဩဇာတွေ၊ လယ်ယာသုံး စက်မှုလက်မှုပစ္စည်းတွေကို နိုင်ငံလေးနိုင်ငံမှာ ထုတ်လုပ်ရောင်းချလျက်ရှိပြီး အင်္ဂလန်နိုင်ငံ၊ အမေရိကန်နိုင်ငံအထိ တိုးချဲ့ဖို့ရည်ရွယ်လျက်ရှိတယ်။ အိန္ဒိယလူမျိုးဖြစ်ပေမယ့် စင်ကာပူနိုင်ငံမှာလည်း ပီအာရ်ယူထားပြီး အခြေစိုက်နေသူဖြစ်တယ်။ စင်ကာပူအစိုးရရဲ့ စီးပွားရေးတိုးတက်မှု ဘုတ်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်တယ်။ အသက်ကတော့ လူလတ်ပိုင်း၊ အင်္ဂလိပ်စကားကို အင်္ဂလိပ်တစ်ဦးလိုပြောနိုင်တယ်။ သူက သူ့ရဲ့မျိုးရိုးကို ပြောကြားခဲ့တယ်။ ကျွန်တော် သိပ်စိတ်ဝင်စားခဲ့တယ်။ သူရဲ့အဘိုးဖြစ်သူဟာ တစ်ချိန်က မြန်မာပြည်မှာ ငွေချေးခဲ့တဲ့ ချစ်တီးသူဌေးကြီးတစ်ဦး။ ဒါပေမယ့် သူ့သားဖြစ်သူက ဒီ အလုပ်လုပ်ရတာကိုစိတ်ပျက်ခဲ့ပြီး ဆက်လက်မလုပ်တော့ဘဲ အိန္ဒိယပြည်ပြန်လာကာ လုပ်ငန်းတွေပြောင်းလဲခဲ့တယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ကို ဧည့်ခံတဲ့သူဌေးကြီးဟာ စက်မှုလက်မှုလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်နေ၍ ထမင်းစားရင်း သူနဲ့စကားပြောပြီး ကျွန်တော်သိချင်လှတဲ့ အကြောင်းတစ်ခုကို မေးခဲ့ပါတယ်။ ကျွန်တော်စာအုပ်တွေမှာ ဖတ်ဖူးခဲ့တာတစ်ခုရှိပါတယ်။ မြန်မာပြည်မှာ ကြီးပွားချမ်းသာခဲ့တဲ့ ချစ်တီးသူဌေးတွေဟာ မြန်မာပြည်ကပြန်လာခဲ့ပြီး တာမီလ်နာဒူးနယ်တွေမှာ နန်းတော်မက ခမ်းနားလှတဲ့အဆောက်အအုံတွေ တည်ဆောက်ခဲ့တယ်တဲ့။ ဒီအဆောက်အအုံတွေမှာ မြန်မာကျွန်းသစ်တွေကို တွင်တွင်ကျယ်ကျယ် သုံးစွဲခဲ့ကြောင်း ရေးသားခဲ့တယ်။ ဒီအကြောင်းကို မေးကြည့်တော့ သူကပြုံးပြီး နောက်တစ်ခေါက် ချန်နိုင်းလာပြီး ဒီအဆောက်အအုံကို လာကြည့်လှည့်ပါလို့ ဖိတ်ခဲ့ပါတယ်။ ဘာကြောင့်လည်းဆိုရင် သူ့ရဲ့အဘိုး ဆောက်ခဲ့တဲ့ နန်းတော်မက ခမ်းနားလှတဲ့ အဆောက်အအုံဟာ ယခုအထိ ရှိနေသေးပြီး သူတို့နေထိုင်လျက်ရှိကြောင်း ပြောပြခဲ့တယ်။ သူတို့မိသားစုသမိုင်းကို ရေးသားထားတဲ့ စာအုပ်တွေကို လက်ဆောင်ပေးပါမယ်လို့လည်း ကတိပေးခဲ့ပါတယ်။ ကမ္ဘာကြီးက ခပ်သေးသေးပါပဲ။

အများပိုင်ဘတ်စ်ယာဉ်များအား ဦးစားပေးမောင်းနှင်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့တော်အတွင်း အများပိုင် ဘတ်စ်ယာဉ်များ မကြာမီ စတင်ပြေးဆွဲတော့မည်ဖြစ်ရာ အဆိုပါ ယာဉ်များသည် မြို့တော်အတွင်း လမ်းမကြီးများ၏ ယာဘက်အစွန်ယာဉ်ကြောကိုသာ အသုံးပြုမောင်းနှင်ကြမည် ဖြစ်ပါသည်။

ယာဖက်ယာဉ်ကြောအတွင်းမှ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအနေဖြင့် အများပိုင် ဘတ်စ်ယာဉ်များအား ဦးစားပေးမောင်းနှင်ကြပါရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက အသိပေးထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကို ထိန်းသိမ်းကာကွယ်ခြင်းသာဖြစ်သည်

သတင်းဆောင်းပါး-မောင်သင်းပျံ့

မြန်မာပြည်၏ စက်မှုကုန်ထုတ်စွမ်းအား အများဆုံးတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၏ လှိုင်သာယာစက်မှုဇုန်သည် နေ့စဉ်ယာဉ်ဖြတ်သန်းသွားလာမှုအများဆုံးမြို့အဖြစ် ရှိနေပါသည်။ လှိုင်သာယာမြို့ကို ၁၉၈၉ ခုနှစ်က တည်ထောင်ခဲ့ပြီး မြို့ပေါ်မှလက်လုပ်လက်စားများ၊ ကျူးကျော်နေထိုင်သူများကို ပြောင်းရွှေ့နေရာချထားပေးခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် လူဦးရေစတင်တိုးလာကာ ယနေ့အချိန်တွင် သန်းခေါင်စာရင်းဖြင့် နေထိုင်သူ ခုနစ်သိန်းခန့်ရှိနေပြီး ရွှေ့ပြောင်းနေထိုင်သူများဖြင့် လူဦးရေ ရှစ်သိန်းကျော်ရှိနေပြီဖြစ်သည်။ လူဦးရေ ရှစ်သိန်း၏ တစ်ဝက်ကျော်သည် နေ့စဉ်စီးပွားရေးအရ သွားလာလျက်ရှိရာ ယာဉ်များကိုသာ အသုံးပြုရသည့်အတွက် လှိုင်သာယာမြို့၏လမ်းပိုင်းဆိုင်ရာသည် အရေးပါလာသည်။

လမ်းမကြီးများပေါ်တွင် နေ့/ညရပ်နားထားခြင်း၊ မီးပွိုင့်၊ လမ်းဆုံနှင့် အဝိုင်းပတ်လမ်းတို့တွင် ယာဉ်များရပ်တန့်ဂိတ်ထိုး ပြေးဆွဲနေခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်များ ကြုံတွေ့နေရခြင်းဖြစ်သည်။

တစ်ဖန် လှိုင်သာယာမြို့၏ ရန်ကုန်-ပုသိမ်၊ ရန်ကုန်-ညောင်တုန်းလမ်းများနှင့် ရွှေပြည်သာတံတားလမ်းမကြီးအပါအဝင် တပင်ရွှေထီးလမ်းမကြီး၊ အနော်ရထာလမ်းမကြီး စသည့်မြို့၏ အထင်ကရလမ်းမများတွင် လမ်းမီးများ မလင်းသည်မှာ ကြာခဲ့ပြီဖြစ်သည်။ အထူးသဖြင့် ညပိုင်းစက်ရုံဆင်း

မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများ၊ လမ်းအသုံးပြုသူများဖြင့် ရှုပ်ထွေးနေသည့် လှိုင်သာယာမြို့နယ် လမ်းဆုံတစ်နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-ငြိမ်းချမ်း)

လှိုင်သာယာမြို့နယ်၏ ဧရိယာစတုရန်းမိုင်မှာ ၂၆ ဒသမ ၀၁ ကျယ်ဝန်းပြီး ရပ်ကွက်ပေါင်း ၂၀ ၊ ကျေးရွာအုပ်စု ကိုးအုပ်စု၊ ရွာပေါင်း ၁၈ ရွာရှိသောကြောင့် လူဦးရေအထူထပ်ဆုံးနှင့် ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပွားသော မြို့နယ်တစ်မြို့နယ်ဖြစ်သည်။

စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ လမ်းမကြီးများပေါ်တွင် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်၊ ဆိုင်ကယ်နှင့် အနှေးယာဉ်များ နေ့စဉ်ဖြတ်သန်းသွားလာမှု များသည့်အတွက် အမှတ်(၆၈) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူးအပါအဝင် ၃၁ ဦး ဖြင့် လမ်းဆုံ ၁၃ နေရာ၊ မီးပွိုင့်လမ်းဆုံ သုံးနေရာနှင့် အဝိုင်းပတ်နှစ်နေရာတို့တွင် တာဝန်ထမ်းဆောင်နေသည့်တိုင် ယာဉ်မတော်တဆမှုမှာ နေ့စဉ်ဖြစ်ပွားနေဆဲပင်ဖြစ်သည်။

လှိုင်သာယာမြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီး၏ တံခါးပေါက်ဖြစ်သောကြောင့် ဒဂုံ-ဧရာအဝေးပြေးယာဉ်ရပ်နားစခန်းသို့ နေ့စဉ်ဝင်ရောက်နေသော ခရီးသည်ပို့ဆောင်ရေးယာဉ်များ ဝင်ပေါက်ထိပ်၌ ရပ်နားခြင်း၊ အလုပ်သမားများ ကားလမ်းပေါ်မှ ဖြတ်သန်းချိန်တွင် ယာဉ်တိုက်မှု ဖြစ်ပွားပါက လူ၊ ယာဉ်များထွက်ပြေးသည်က များပါသည်။ လမ်းမီးတိုင် လျှပ်စစ်မီးမရှိခြင်းထက် ယာဉ်ကိုသောက်စားမူးယစ်၍မောင်းနှင်ခြင်းတို့ကြောင့်လည်း ပို၍ အန္တရာယ်ကြုံတွေ့နေရခြင်းပင်ဖြစ်သည်။

ယခုအခါ စည်းကမ်းမလိုက်နာသော ယာဉ်များကို ဓာတ်ပုံရိုက်၍ Viber မှတစ်ဆင့် တိုင်ကြားနိုင်ပြီဖြစ်သည်။ Viber ဖြင့် တိုင်ကြားမှုကို သက်ဆိုင်ရာယာဉ်ထိန်းက ယာဉ်ပိုင်ရှင်ထံဆင့်ခေါ်၍ သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့ပြီး အရေးယူလျက်ရှိသည်။ ယာဉ်တိုက်မှုနှင့်၊ ယာဉ်အန္တရာယ်ဖြစ်စေမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်သည့်ယာဉ်များ တွေ့ရှိပါက အချိန်၊ နေရာ၊ ရက်စွဲဖြင့် ဖြစ်စဉ်အကျဉ်းကို ဓာတ်ပုံနှင့်တကွ Viber (၀၉-၉၇၉၁၂၀၃၂၈)သို့ ပြည်သူတစ်ယောက်အနေဖြင့် တိုင်ကြားကူညီနိုင်ပါသည်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာ ပြည်သူများ သွားလာနိုင်ရန် နိုင်ငံတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ကြရန် လိုပါသည်။

ရွာင်မြို့နယ်၌ သောက်သုံးရေအတွက် စက်ရေတွင်းတူး

ရွာင် ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ်အတွင်းရှိ ကိုင်းစုကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ လေးလက်မတွင်းနက်အမျိုးအစား စက်ရေတွင်းနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ပြီးစီးမှုကို ဇန်နဝါရီ ၂၈ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ သွားရောက်စစ်ဆေးခဲ့ပြီး လာမည့်ပွင့်လင်းရာသီတွင် ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ အဆင်ပြေစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းဝင်း

အိမ်ခြံဝင်းအတွင်း စီဒီချပ်များချိတ်ဆွဲထားပါက ဆင်ရိုင်းအန္တရာယ်ကာကွယ်နိုင်ဟု ဒေသခံများဆို

ဥက္ကံ ဇန်နဝါရီ ၃၁

တိုက်ကြီးမြို့နယ် ဥက္ကံမြို့အရှေ့ဘက် ကျေးရွာများသို့ တောဆင်ရိုင်းများ ညတိုင်း အုပ်စုလိုက် အစာရှာလေ့ရှိရာ ခြံစည်းရိုးများနှင့် အိမ်ခြံဝင်းအတွင်း စီဒီချပ်များချိတ်ဆွဲထားပါက တောဆင်ရိုင်းများ လုံးဝမလာရဲတော့ကြောင်း ကွမ်းသီးမြောင်ကျေးရွာနေ ဦးမောင်မောင်အေးက ပြောသည်။

၎င်း၏နေအိမ်သည် တောဆင်ရိုင်းများ နေ့စဉ်ညတိုင်း ဖြတ်လေ့ရှိရာ ဆင်ဖြတ် လမ်းဟု ဒေသခံများက အမည်ပေးထားကြောင်း၊ အိမ်ခြံဝင်းအတွင်းသို့ တောဆင်ရိုင်းများ လုံးဝမလာကြောင်း၊ တောဆင်ရိုင်းများကို နေ့စဉ်ညတိုင်း တွေ့လေ့ရှိသည်မှာ ခုနစ်နှစ်ရှိပြီဖြစ်သော်လည်း တောဆင်ရိုင်းများသည် ၎င်း၏နေအိမ်ဘက်သို့ လှည့်မကြည့်ကြောင်း၊ ခြံဝင်းအတွင်း သစ်ပင်များနှင့် နေအိမ်၌ စီဒီချပ်များချိတ်ဆွဲထားခြင်းမှာ တောဆင်ရိုင်းအန္တရာယ်ကို ကာကွယ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောပြသည်။

"တောဆင်ရိုင်းတွေက ညနေ ၅ နာရီဆို ကျွန်တော့်အိမ်ရှေ့က ဖြတ်တယ်။ နံနက် ၄ နာရီဆိုပြန်လေ့ရှိတယ်။ တောဆင်ရိုင်းအများစုက ညဘက်တွေမှာ အစာရှာလေ့ရှိတယ်။ သူတို့တွေက စီဒီချပ်တွေကို ကြောက်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီဒီချပ်တွေက ညဘက်လေတိုက်တော့လည်းပြီး ကြယ်ရောင်၊ လရောင်တွေရဲ့အလင်း အရောင်လာဟပ်တယ်။ အဲဒီအခါ လက်ခနဲ လင်းခနဲဆိုတော့ သူတို့အမြင်မှာ ဆန်းနေကြတယ်ထင်တယ်။ အဲဒါကို ကြောက်ကြတယ်။ လှည့်မကြည့်ဘူး။ ကျွန်တော်တို့ စိုက်ပျိုးထားတဲ့ သီးပင်စားပင်တွေရဲ့အပေါ်ကနေ ကြိုးတန်းတွေလုပ်ပြီး စီဒီချပ်တွေချိတ်ဆွဲထားတော့လည်း တောဆင်ရိုင်းတွေ မဖျက်ဆီးတော့ဘူး။ အခုဆို ရွာတိုင်းလိုလို စီဒီချပ်တွေ ချိတ်ဆွဲလာကြတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

တောဆင်ရိုင်းများ အန္တရာယ်မှ ကာကွယ်ရန်အတွက် သစ်ပင်များပေါ်၌ လင့်စင်များ တည်ဆောက်ထားရကြောင်း၊ လင့်စင်များပေါ်၌ စိုက်ပျိုးရန် မျိုးစပါးများ၊ နေ့စဉ်စားသုံးရန်ဆန်များထားရှိရကြောင်း၊ ယခုအခါ တောဆင်ရိုင်းအန္တရာယ်မှ ကာကွယ်ရန်အတွက် စီဒီချပ်များချိတ်ဆွဲထားခြင်းကြောင့် တောဆင်ရိုင်းများ အိမ်ခြံဝင်းအတွင်းသို့ လှည့်၍မကြည့်တော့ကြောင်း လဟာမငယ်ကျေးရွာမှ ဦးဖိုးသာဂဲက ပြောသည်။

ဥက္ကံမြို့အရှေ့ဘက်ရှိ တောဆင်ရိုင်းအများစု လာလေ့ရှိသော စမ်းရွာကျေးရွာအုပ်စု ခတ်ချောင်းရွာ၊ လဟာမငယ်ကျေးရွာ၊ ကင်းမတီးကျေးရွာ၊ ကွမ်းသီးမြောင်ကျေးရွာတို့၌ တောဆင်ရိုင်းအန္တရာယ်မှ ကာကွယ်ရန်အတွက် စီဒီချပ်များ ချိတ်ဆွဲလာကြကြောင်း သိရသည်။

ထွန်းလှိုင်

နေ့ခင်းကြောင်တောင် ဆွဲကြိုး၊ ဖုန်းနှင့်ဆိုင်ကယ် အလုခံရမှု လှိုင်သာယာ၌ဖြစ်

ရန်ကုန် ဇန်နဝါရီ ၃၁

လှိုင်သာယာငွေပင်လယ်စက်မှုဇုန် ငွေပင်လယ်(၃)လမ်းရှိ ငါးပေါင်းမုန့်စက်ရုံဝင်းရှေ့ အုတ်နံရံအနီး၌ ထိုင်နေသော လူငယ်စုံတွဲထံမှ လူငယ်သုံးဦးက ဓားဖြင့်ခြိမ်းခြောက်၍ ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ဆွဲကြိုး၊ ဖုန်းနှင့်ဆိုင်ကယ်တို့ကို လုယက်သွားကြောင်း သိရသည်။

ယင်းနေ့က အမှတ်(၂၀)ရပ်ကွက် အပိုင်(၃) ဗိုလ်ရန်နိုင်လမ်းတွင် နေထိုင်သော မောင်တင်စိုး(၂၅နှစ်)နှင့် မညိုညို(၂၀နှစ်)တို့သည် ငွေပင်လယ်စက်မှုဇုန် ငွေပင်လယ်(၃)လမ်းရှိ ငါးပေါင်းမုန့်စက်ရုံ အုတ်နံရံရှေ့၌ ကွန်ကရစ်လမ်းကို ကျောပေး၍ ထိုင်နေစဉ် ဆိုင်ကယ်စီးလာသော လူငယ်သုံးဦးက ပြေးဆင်းလာပြီး မောင်တင်စိုးနှင့် မညိုညိုတို့ကို မော့မကြည့်ဘဲ ခေါင်းငုံ့နေရန် ပြောဆိုကာ မောင်တင်စိုးထံမှ ရှစ်ပဲလေးရွေးခွဲရှိသည့် ရွှေဆွဲကြိုးတစ်ကုံးနှင့် G-610 ဖုန်းတစ်လုံးတို့ကို လုယူပြီး အနီးတွင် ရပ်ထားသော JLM 125 နက်ပြာရောင် ၄၃ယ/-----ဆိုင်ကယ်ကို စီးနင်းထွက်ပြေးသွားသည့်အတွက် ရွှေလင်ပန်းစက်မှုဇုန်ရှိ အမှတ်(၆) ရဲကင်းနှင့် လှိုင်သာယာမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ရွှေလင်ပန်းစက်မှုဇုန် ဒီပဲယင်းဝန်ထောက်ဦးမြလမ်းရှိ အမှတ်(၆) နယ်မြေရဲကင်းမှူးက ဆက်လက်စုံစမ်းနေကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က အမှတ်(၂၀)ရပ်ကွက် အပိုင်(၄) ငထင်ငယ်လမ်းတွင် နေထိုင်သော ကိုအောင်ဝင်း (၃၄ နှစ်)၏ အိမ်ခြံဝင်းအတွင်းထားရှိသည့် ရုပ်ဆိုးအနက်ရောင်ဆိုင်ကယ်ကို ခိုးယူခံရကြောင်း၊ အမှတ်(၂၀)ရပ်ကွက် ရွှေရင်အေးလမ်းမကြီး မင်္ဂလာသန်းမြင့်စက်ရုံနံဘေး၌ ည ၈ နာရီတွင် ဦးခေါင်းကို သံတုတ်ဖြင့်ရိုက်၍ ဆိုင်ကယ်ကို လုသွားရာ အမှတ်(၂၀)ရပ်ကွက် အပိုင်(၃) ဗိုလ်ရန်နိုင်လမ်းတွင် နေထိုင်သူ ကိုမျိုးဇော်(၂၅နှစ်) မှာ ဦးခေါင်း ၁၄ ချက်ချုပ်ခဲ့ရကြောင်း သိရသည်။

နှစ်ဆန်းပိုင်းတွင် လှိုင်သာယာမြို့နယ်၌ လုယက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး အလယ်ရွာ၊ အနောက်ပိုင်းတက္ကသိုလ်လမ်းမကြီး၊ ရွှေလင်ပန်းစက်မှုဇုန်နှင့် ငွေပင်လယ်စက်မှုဇုန်တို့၌ ဆိုင်ကယ်စီးလူငယ်များ၏ လုယက်မှုမှာ ပြန်လည်ခေါင်းထောင်လျက်ရှိကြောင်း သိရသည်။

ငွေပင်လယ်(၃)လမ်း ငါးပေါင်းမုန့်စက်ရုံရှေ့၌ လုယက်ခံရမှုနှင့် ပတ်သက်၍ အစ်ကိုဖြစ်သူ ကိုစိုးမင်း (၃၃နှစ်)က " ရဲကင်းနဲ့ရဲစခန်းကို အကြောင်းကြားထားပါတယ်။ ဇန်နဝါရီ ၂၃ ရက် ည ၈ နာရီမှာ ငွေပင်လယ်ဘုရားနားမှာ လုယက်နေတဲ့လူငယ်ငါးဦးကို ဆိုင်ကယ်နှစ်စီးနဲ့ ဖမ်းမိတယ်ဆိုလို့ မြို့မရဲစခန်းကို သွားမေးသေးတယ်။ ထူးခြားမှုရှိရင် အကြောင်းပြန်မယ်လို့တော့ ပြောတယ်။ ကျွန်တော်တို့ မိသားစုက အညာဒေသကလာပြီး ညပိုင်း ထမင်းကျော်ဆိုင်ဖွင့်တယ်။ အခုလို နေ့ခင်းကြောင်တောင်ကြီး ကားလမ်းဘေးမှာ အလုခံရတယ်ဆိုတော့ တရားဥပဒေစိုးမိုးရေးကို ပိုပြီးဂရုစိုက် ဆောင်ရွက်သင့်လာပြီ လို့ပြောချင်ပါတယ်။ ချွေးနဲ့စာနဲ့စုထားတဲ့ ဆွဲကြိုးပါသွားတဲ့အပြင် ဆိုင်ကယ်လည်း ပါသွားသေးတယ်။ လူကို ဓားနဲ့ မထိုးသွားတာ ကံကောင်းတယ်"ဟု ပြောသည်။

ဓားထောက်လုယက်မှုခံရသည့်နေရာကို ပြသစဉ်။

လှိုင်သာယာ၌ ရုံးပိတ်ရက် တနင်္ဂနွေနေ့သည် လူငယ်များသွားလာမှုများသောနေ့ဖြစ်၍ ယင်းနေ့များတွင် လူငယ်စုံတွဲများ လုယက်မှုကိုဖိတ်ခေါ်သော နေရာများ၌ သွားရောက်နေထိုင်ခြင်း မပြုသင့်ကြောင်းနှင့် ရုံးဖွင့်ရက်များတွင်လည်း လုယက်မှုကိုကျူးလွန်ရန် ဆိုင်ကယ်တစ်စီးလျှင် လူသုံးလေးဦးစီး၍ သွားလာနေသော ဆေးမင်ကြောင်ထိုး လူငယ်များအဖွဲ့လိုက်ရှိနေကြောင်း အမှတ်(၂၀)ရပ်ကွက်နေ လူမှုရေးလုပ်ငန်းများတွင် ကူညီနေသူတစ်ဦးက ပြောသည်။

(၁၆၄)

မြန်မာ့ရုပ်မြင်သံကြား

News Channel အစီအစဉ်

၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)
၁-၂-၂၀၁၆ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅	ပြည်သူတို့ရဲ့စကားသံများ
၈း၃၅	မြန်မာ့အသိုက်အဝန်းထဲမှအမျိုးသမီးများ
၉း၃၅	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀း၃၅	အနုပညာသတင်းအစီအစဉ်
၁၁း၃၅	မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၃း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု** (အပိုင်း-၇၉)
၁၃း၄၅	Tasty Trip (ဂျပန်ဘုရား(သို့) အောင်ဇမ္ဗူတောရဝမ္မရိပ်သာ)
၁၄း၁၅	ဂီတတံခါးလေးဖွင့်ပါဦး
၁၄း၃၅	အပျိုစင်တောင်ထိပ်ဆီသို့

ညပိုင်း

၁၅း၃၅	ရွှေ့ပြောင်းအလုပ်သမားအစီအစဉ်
၁၆း၃၅	အဝေးသင်တက္ကသိုလ်ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဒဿနိကဗေဒအထူးပြု)(ဒဿနိကဗေဒ)
၁၇း၃၅	လူမှုစီးပွားမြင်ကွင်းများ
၁၈း၃၅	Yes or No Talk Show
၁၉း၁၅	မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း **ရေဒီယိုအငြိမ့်**(အပိုင်း-၁)
၂၀း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု**(အပိုင်း-၈၀) -ပြည်သူ့နီတိ **စည်းအခြားကမ်းအတား**

မှတ်ချက် ။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

စာဖတ်ရှုနိမြှင့်တင်ရေးပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိ မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ စတုတ္ထပတ်က ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝဏ္ဏထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဌေးဝင်းက လက်ခံယူခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က စာပေတန်ဖိုး၊ စာပေဖတ်ရှုခြင်း အကျိုးတို့ကို ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့ပြီး အခြေခံပညာအထက်တန်း ကျောင်းများ၌ ဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာစီစာကုံး ပြိုင်ပွဲများကို ဇန်နဝါရီ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ရဲမင်းထွန်း (ပြန်/ဆက်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ မွန်ပြည်နယ်

ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြော်ငြာ

၁။ မွန်ပြည်နယ်၊ သစ်တောဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ပုံစံ(၈)ဝင် အခြားသစ်လုံး/ခွဲသား စုစုပေါင်း ၂၃ ဒသမ ၆၂၃၁ တန်၊ ကျွန်းပကာ ၃၀ ချောင်း၊ ဆက်စပ်ပစ္စည်းများ၊ အင်ဂျင်များ၊ လွှဝိုင်းများ၊ ပွဲထောင်နှစ်စင်းနှင့် မီးသွေး ၁၄ဒသမ၁၇၆ တန်အား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်ရက်** -၆-၂-၂၀၁၆ ရက်(စနေနေ့)
(ခ) **လေလံတင်ရောင်းချမည့်အချိန်** -နံနက် ၁၁း၀၀ နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** -လက်ထောက်ညွှန်ကြားရေးမှူးရုံး
သစ်တောဦးစီးဌာန
မော်လမြိုင်၊ သထုံခရိုင်၊
မော်လမြိုင်မြို့

၂။ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက သစ်တောဦးစီးဌာန၊ မော်လမြိုင်-သထုံခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၅၇-၂၇၁၉၆သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကမာရွတ်မြို့နယ်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၂

၁။ ဒေါ်ဆွေဆွေမြင့်	**နှင့်**	၁။ ဒေါ်နန်းတင်တင်ဦး
၂။ ဒေါက်တာဦးမြင့်အောင် (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဦးရန်နိုင်အောင်)		၂။ ဦးဝင်းကြည်
		၃။ ဒေါ်အေးအေးသန်း
		၄။ ဦးစိန်မြင့်
		၅။ ဦးဟန်စိန်
တရားလိုများ		**တရားပြိုင်များ**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ ယုဇနလမ်းသွယ်၊ အမှတ်(၁၀၆)တွင် နေထိုင်သူ ဒေါ်နန်းတင်တင်ဦး (ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အဆင့်မြင့်ပညာဦးစီးဌာနဝင်းတွင် နေထိုင်သူများဖြစ်သည့် ဦးဝင်းကြည်၊ ဒေါ်အေးအေးသန်း၊ ဦးစိန်မြင့်၊ ဦးဟန်စိန် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

တရားလိုများဖြစ်သူ ဒေါ်ဆွေဆွေမြင့်နှင့် ဦးမြင့်အောင်တို့မှ သင်တို့အပေါ်တွင် တရားလိုများနှင့် (၁)တရားပြိုင်တို့ပြုလုပ်ခဲ့ကြသည့် ကတိပဋိညာဉ်အတိုင်း ၆-၄-၂၀၀၄ရက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြသည့် မြေအရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန္တာရှင်)
မြို့နယ်တရားသူကြီး
ကမာရွတ်မြို့နယ်တရားရုံး

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/2505၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/8506၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၁)၊ မြေကွက်အမှတ် (၇၆၂/ခ)၊ မြေကွက်တည်နေရာ အမှတ် ၇၆၂(ခ) ဇောတိကလမ်း၊ ၁၆/၁ ရပ်ကွက်မြေအား စီမံချက်ကာလ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့) ဒေါ်တင်ညွန့်အမည်ဖြင့် မြေဂရန်ဝန်ဆောင်ခငွေ ပေးသွင်းထားသော ချလံမူရင်းတင်ပြ၍ ဒေါ်တင်ညွန့် (၁၂/သဃက(နိုင်)၀၁၀၇၄၈) က ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မောင်းအလိုရှိသည်

အရှေ့ဒဂုံ စက်မှုဇုန်
ဆက်သွယ်ရန် Ph:No-09-250129174
09-421162366
အခြေခံလစာ(၂)သိန်း
အသက်(၂၅)နှစ်မှ (၄၅)နှစ်

တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုတက္ကသိုလ်၊ ၄သခ-၄၅ (၂၀၁၄-၂၀၁၅) ပညာသင်နှစ် မလဲ့လဲ့မိုး ၅/ရဘန(နိုင်)၂၁၃၇၀၁၏ ဖခင် ဦးဂျပန်(ခ) ဦးဟန်ဝင်းအောင် ၅/ရဘန(နိုင်)၁၅၈၃၈၆သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဂျပန်(ခ)ဦးဟန်ဝင်းအောင်

ငွေကျပ်သိန်းပေါင်း ၅၅၅ ကျော်တန်ဖိုးရှိ ကဖင်းအိတ်များဖမ်းဆီးရမိ

တာချီလိတ် ဇန်နဝါရီ ၃၁

ဇန်နဝါရီ ၃၀ ရက် နံနက် ၄ နာရီ ၁၅ မိနစ်က မိုင်းလင်းတပ်နယ်မှ ဗိုလ်ကြီးမင်းသူခန့် ဦးစီးအဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်ကျော်စွာထွန်း ဦးစီးအဖွဲ့၊ မိုင်းပါလျှိုးနယ်မြေရဲစခန်းမှ ဒုရဲအုပ် အောင်မြင့်မြတ် ဦးစီးအဖွဲ့ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ကျိုင်းလပ်မြို့ မိုင်းပါလျှိုးအုပ်စု တာလေ-ကျိုင်းလပ် သွားကားလမ်းမ နမ့်ကိုင်းရွာ တပ်စခန်းကုန်းရှေ့၌ ဖြတ်သန်းသွားလာသော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို ပိတ်ဆို့စစ်ဆေးနေစဉ် ကျိုင်းလပ်ဘက်မှ တာလေဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်သည် ပိတ်ဆို့စစ်ဆေးနေသည့်နေရာနှင့် မီတာ ၇၀ ခန့်အကွာတွင်ရပ်တန့်၍ ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦးမှာ လမ်းဘေးတောအတွင်း ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ တစ်ဦးလွတ်မြောက်သွားခဲ့ပြီး ကျဟားကို ဖမ်းဆီးရမိသည်။ ဆက်လက်၍ လမ်းပေါ်၌ ရပ်ထားသည့် မော်တော်ယာဉ်ကို သက်သေများနှင့်အတူ ကျဟား၏ ရှေ့၌စစ်ဆေးရှာဖွေရာ ယာဉ်၏ နောက်ခန်းအတွင်းမှ ဆာလာအိတ်များဖြင့်ထည့်လျက် တစ်အိတ်လျှင် ကဖင်းအလေးချိန် ၂၅ ကီလိုခန့်ပါ ၂၆အိတ်နှင့် ၄၄ ကီလိုခန့်ပါတစ်အိတ်၊ စုစုပေါင်း အလေးချိန် ၆၉၄ ကီလိုခန့်၊ ကာလတန်ဖိုး ကဖင်းတစ်ကီလိုလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်းပေါင်း ၅၅၅ ဒသမ ၂ သိန်းကို တွေ့ရှိသဖြင့် ရဲအုပ်ဝင်းကျော်ကျော်က ကဖင်းသယ်ဆောင်လာသော မော်တော်ယာဉ်နှင့်အတူ သက်သေများရှေ့၌ ရှာဖွေသိမ်းဆည်းခဲ့သည်။

အမှုမှ ကဖင်းများနှင့်အတူ ဖမ်းဆီးရမိသူ ကျဟား (၄၅ နှစ်)နှင့် ထွက်ပြေး လွတ်မြောက်သွားသူတို့ကို မိုင်းပါလျှိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ဖုန်းအရောင်းဆိုင်မှငွေကျပ် သိန်း ၁၈၀ ကျော်ဖိုး အခိုးခံရ

မကွေး ဇန်နဝါရီ ၃၁

မကွေးမြို့ ပြည်တော်သာလမ်း ဈေးလယ်စိုးရပ်ကွက်ရှိ ရွှေရောမိုဘိုင်းဖုန်းအရောင်းဆိုင်မှ ဟန်းဆက်မျိုးစုံနှင့် အီလက်ထရွန်နစ်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၁၈၀ ကျော်ဖိုး အခိုးခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေရောမိုဘိုင်းဖုန်းအရောင်းဆိုင် မန်နေဂျာ ဦးပြည့်ဖြိုးမောင်သည် ဇန်နဝါရီ ၃၀ ရက် နံနက် ၇ နာရီခွဲက မကွေးမြို့ ဈေးလယ်စိုး ရပ်ကွက် ပြည်တော်သာလမ်း အမှတ်(၉)ရှိ ရွှေရောမိုဘိုင်းဖုန်း အရောင်းဆိုင် ကို ဆိုင်ဖွင့်ရန် လာရောက်စဉ် ဆိုင်ရှေ့တံခါးသော့မတွေ့ရဘဲ တံခါးအား စေ့ထားသည်ကိုတွေ့ရှိရသဖြင့် ဆိုင်ခန်းအတွင်းစစ်ဆေးကြည့်ရာ ဆိုင်ခန်းအတွင်း မှန်ကောင်တာများအတွင်းထားရှိသော ဟန်းဆက်မျိုးစုံ ၁၂၈ လုံး၊ ရှစ်လက်မဆောင်းဘောက်နှစ်လုံး၊ PORTABLE TV ငါးလုံး ၊ PORTABLE ဆောင်းဘောက်သုံးလုံး၊ ဖုန်းအားသွင်းကြိုး ၁၃ ခု၊ ဖုန်းငွေဖြည့်ကတ်မျိုးစုံ ၄၃၃ ကတ်နှင့် စားပွဲအံဆွဲအတွင်းမှ ငွေကျပ် ၆၇၉၈၄၅ စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၈၁၆၉၄၄၅ တို့ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ယင်းပျောက်ဆုံးမှုနှင့်ပတ်သက်၍ အဆိုပါပစ္စည်းများကို ခိုးယူသွားသူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် ဇန်နဝါရီ ၃၀ ရက်က ဦးပြည့်ဖြိုးမောင်က တိုင်ကြားခဲ့သောကြောင့် မကွေးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ

ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုခံရမှု ကျောင်းကုန်းမြို့နယ်၌ဖြစ်ပွား

ပုသိမ် ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မြို့မရဲစခန်း၌ ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁၂နာရီ ၁၅ မိနစ်ခန့်က ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်လုစ်ထားရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တရားလိုသည် လှည်းဆိပ်ကျေးရွာအုပ်စု၌ ရာအိမ်မှူးဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၆ ရက်က ကိုဆန်းဝင်း၊ ကိုကျော်ဦး၊ ကိုဆန်းလွင်၊ ကိုကြည်ဝင်းတို့အပါအဝင် ရွာသားအချို့ ရောက်ရှိလာပြီး ကိုကျော်ဦး၏ဖုန်းအား Facebook ဖွင့်ကာပြသ၍ Myo.Lay. Shaung.Gyi.Facebook အကောင့်ပိုင်ရှင်က လှည်းဆိပ်ရွာသူရွာသားများအား ရိုင်းပျသည့်စကားများဖြင့် Post တင်ထားသည်ကိုတွေ့ရှိရ၍ မကျေနပ်သဖြင့် ဖြေရှင်းပေးရန် လာရောက်ပြောကြားကြောင်း၊ ဇန်နဝါရီ ၂၇ ရက်ကလည်း လှည်းဆိပ်ကျေးရွာနေ တင်ဌေးဦးက ၎င်း၏ဖုန်းကို ယူဆောင်လာပြီး တရားလိုအား Facebook ဖွင့်ပြသဖြင့် ကြည့်ရှုရာ Myo.Lay. Shaung .Gyi.Facebook အကောင့်မှာပင် လှည်းဆိပ်ရွာသားများကို တောင်းပန်သည့်စကားလုံးများ တင်ထားသည်ကိုတွေ့ရှိရ၍ အကောင့်ပိုင်ရှင်အား စုံစမ်းရာ အုန်းပင်စုရွာနေ မျိုးလေးဆိုသူဖြစ်ကြောင်း သိရသဖြင့် လှည်းဆိပ်ရွာသားများအား လူမှုကွန်ရက်စာမျက်နှာ (Internet. Facebook) ဖြင့် အသရေပျက်စေသည့် စာသားများဖြင့် Post တင်သူ မျိုးလေးကို အရေးယူပေးပါရန် လှည်းဆိပ်ရဲကင်းစခန်းမှူး ရဲအုပ်ညွန့်အောင်က ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်းနှင့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူကို ဖမ်းဆီးဆဲဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ဆင်ပေါင်ဝဲ၌ လင်မယားချင်းစကားများရာမှ ဓားထိုးမှုဖြစ်

ဆင်ပေါင်ဝဲ ဇန်နဝါရီ ၃၁

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့၌ လင်မယားချင်းစကားများရာမှ ဓားထိုးမှုဖြစ်၍ ဇနီးသည်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှမင်းထွန်း(၃၆ နှစ်) အမှတ်(၂)ရပ်ကွက် ဆင်ပေါင်ဝဲမြို့နေသူနှင့် ၎င်း၏ဇနီးဖြစ်သူ မမို့မို့လွင်(၂၅ နှစ်) တို့ လင်မယားချင်း စကားများရန်ဖြစ်ပြီး ခဏအကြာ မမို့မို့လွင်မှာ ခေါ်မရတော့ကြောင်း အကြောင်းကြားချက်အရ ၎င်းတို့နေထိုင်သော လှမင်းထွန်း၏ဦးလေးနေအိမ်သို့ သွားရောက်ခဲ့ရာ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း၌ မမို့မို့လွင်မှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း တရားလို၏တိုင်ကြားချက်အရ သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဇန်နဝါရီ ၃၀ ရက်က ဓားဖြင့်ထိုးသူ လှမင်းထွန်းအား အရေးယူပေးရန် ဦးမျိုးဝင်းက တရားလိုပြုလုပ်ကာ တိုင်တန်းခဲ့သောကြောင့် ဆင်ပေါင်ဝဲမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ

ရန်ကုန်-မန္တလေး အမြန်ကားလမ်းမ ဒုဋ္ဌဝတီတံတားပေါ် ဆိုင်ကယ်လုယက်မှုဖြစ်

အမရပူရ ဇန်နဝါရီ ၃၁

ရန်ကုန်-မန္တလေး အမြန်ကားလမ်းမ ဒုဋ္ဌဝတီတံတား၌ ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီက ဆိုင်ကယ်လုယက်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မစန္ဒာဆွေ အမှတ်(၃)နယ်မြေ တဲတော်ရာရပ် တံတားဦးမြို့နေသူနှင့် သူငယ်ချင်းဖြစ်သူ မသင်းသင်းယုတို့မှာ ဆိုင်ကယ်ဖြင့် မန္တလေးမြို့မှ အထည်ပစ္စည်းများ ဝယ်ယူပြီး တံတားဦးမြို့သို့ ပြန်လာရာ အမရပူရမြို့နယ် စစ်ကိုင်းလမ်းခွဲသို့ အရောက်၌ ၎င်းတို့နှစ်ဦးနောက်မှ ဆိုင်ကယ်ဖြင့် ပါလာသော အမျိုးသားနှစ်ဦးမှာ ရန်ကုန်-မန္တလေး အမြန်လမ်းမ ဒုဋ္ဌဝတီတံတား (တံတားဦး) အလယ်အရောက်တွင် အဆိုပါ အမျိုးသားနှစ်ဦးထဲမှ နောက်မှလိုက်ပါလာသူ မစန္ဒာဆွေ၏ ပခုံးထက်တွင် လွယ်ထားသော ငွေကျပ် ၁၁၀၀၀၀ ပါသည့် စလင်းဘတ်အိတ်ကို လုယူရာ မစန္ဒာဆွေက အိတ်ကို ပြန်၍ဆွဲလိုက်သဖြင့် မစန္ဒာဆွေတို့ စီးလာသော ဆိုင်ကယ်ကို အဆိုပါအမျိုးသားတို့က ကန်ထုတ်လိုက်ရာ မစန္ဒာဆွေလက်ထဲမှ အိတ်မှာ ၎င်းတို့လက်ထဲ ပါသွားပြီး ဆိုင်ကယ်မှာ လဲကျသွားခဲ့ကာ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းသဖြင့် လှည့်ကင်းတာဝန် ဆောင်ရွက်နေသော အမရပူရမြို့မ လှည့်ကင်းယာဉ်မှ စခန်းမှူးဒုရဲမှူး မြင့်လွင်နှင့်အဖွဲ့၊ တံတားဦးမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များက လုယက်သူဆိုင်ကယ် သမားများနောက်သို့ လိုက်လံဖမ်းဆီးကြရာ ဆိုင်ကယ်မောင်းနှင်သူ ဖိုးလပြည့်နှင့် နောက်မှစီးလာသူ ရဲလင်းနိုင်(ခ)ရဲကြီး(ခ)အာပြဲတို့ကို ဒုဋ္ဌဝတီတံတား အနောက်တံတားဦး မြို့နယ်အတွင်း၌ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုယက်ကျူးလွန်သူ နှစ်ဦးမှာ ဖိုးလပြည့်(၁၈နှစ်)နှင့် ရဲလင်းနိုင်(ခ)ရဲကြီး(ခ)အာပြဲ(၂၃နှစ်) တို့နှစ်ဦးအား အမရပူရ မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

"လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့်

- ဒေါ်စန်းစန်းနွဲ့ (သီဟသုဓမ္မသီရိဘွဲ့)
- ဒေါက်တာမြသီတာ (သီဟသုဓမ္မသီရိဘွဲ့)
- ဒေါ်ဝေဝေမွန် (သီဟသုဓမ္မသီရိဘွဲ့)
- ဒေါ်မာလာမြင့် (သီဟသုဓမ္မသီရိဘွဲ့)
- ဒေါ်နှင်းမြတ်ထွေး (သုဓမ္မသီရိဘွဲ့)
- ဒေါ်ရည်ဝိုင်းဦး (သုဓမ္မသီရိဘွဲ့)

တို့အား အသီးသီးချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။

ဦးကိုကိုထွေး(ဥက္ကဋ္ဌ)+ သီရိသုဓမ္မသီရိဒေါ်အေးအေးသန်း
မဝတ်ရည်ထွေး၊ မသီရိထွေး
(တော်ဝင်မိသားစုကုမ္ပဏီ)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ ကျွန်းအုပ်စုများပေါ်မှ ဇီဝဖိုးငှက်သိုက်များကို တစ်ဦးတည်းစုသိမ်းထုတ်ယူခွင့်အား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် တင်ဒါခေါ်ယူအပ်ပါသည်။

စဉ်	လပ်ပုံ	ကျွန်းအုပ်စုအမည်	ပစ္စည်းတည်နေရာ
၁	(၁)	မော်စကိုကျွန်းအုပ်စု	လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၂	(၂)	ရေအေးကျွန်းအုပ်စု	ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၃	(၃)	ကဆိုင်းလုနှင့်ကော့ငါးကျွန်းအုပ်စု	ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၄	(၄)	မလိကျွန်းအုပ်စု	ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁-၂-၂၀၁၆ ရက် နံနက် ၁၁း၀၀ နာရီ
၃။ **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၈-၂-၂၀၁၆ ရက် ညနေ ၁၆း၃၀ နာရီ
၄။ **တင်ဒါရောင်းချမည့်ရက်** - ၉-၂-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ
၅။ **တင်ဒါရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
၆။ တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ
ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၃၅၃၉

နမ့်ဆန်၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံ

နမ့်ဆန်　ဇန်နဝါရီ　၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြိုဆိုထောက်ခံပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈နာရီခွဲက ပြုလုပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကြိုဆိုထောက်ခံသည့်အနေဖြင့် မြို့နယ်ခန်းမမှ နတ်စင်ကုန်း အထိ စီတန်းလှည့်လည်ကာ ပြည်ထောင်စုငြိမ်ချမ်းရေးသဘောတူစာချုပ် ရရှိနိုင်ရေးအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာကျင်းပပြီးစီးရမည့် အချိန်ကာလကို သုံးနှစ်မှငါးနှစ်အတွင်း ကြိုးပမ်းဆောင်ရွက်ရေး၊ ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို သင့်တင့်သော အချိန်ကာလတွင် ဆောလျင်စွာကျင်းပသွားနိုင်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အရ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် အမျိုးသမီး အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်လာနိုင်ရေးနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား မှတ်တမ်းတင်ဂုဏ်ပြုရေး စသည့်အချက်များဖြင့် ကြွေးကြော်ခဲ့ကြပြီး အဆိုပါထောက်ခံပွဲသို့ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူ ၃၀၀ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြိုင်ဟေဝန်ဆင်စခန်း ရေရှားပါးမှုကြောင့် အခက်ကြုံ

တိုက်ကြီး　ဇန်နဝါရီ　၃၁

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ကင်းမတီးကျေးရွာအုပ်စု မြိုင်ဟေဝန်ဆင်စခန်း ဆင်ဦးစီးနှင့်ဆင်ဝန်ထမ်းမိသားစုများ သောက်ရေ၊ သုံးရေရှားပါးမှုကြောင့် လွန်စွာအခက်ကြုံနေရကြောင်း မြိုင်ဟေဝန်ဆင်စခန်းမိသားစုများထံမှ သိရသည်။

"ကျွန်တော်တို့ ဆင်စခန်းမှာ ဆင်ခေါင်းလေးဦး၊ ဆင်ဦးစီးတွေနဲ့ ဆင်ဝန်ထမ်းမိသားစုဝင်တွေ အပါအဝင် လူဦးရေ ၆၀ ကျော်နဲ့ ကျောင်းသား ၁၆ ဦး၊ သစ်ထုတ်လုပ်ရေးဦးစီးဌာနပိုင် ဆင်ကောင်ရေ ၂၃ ကောင်ရှိပါတယ်။ သောက်သုံးရေကို လေးဖာလုံခန့်ဝေးတဲ့ လိမ့်လောရိုးနဲ့ ခရုချောင်းရိုးတို့ကို သွားရောက်သယ်ယူသုံးစွဲနေကြရပါတယ်။ ၂၀၀၀ ပြည့်နှစ်က ရေအရင်းအမြစ်ဌာနက နှစ်လက်မပိုက်နဲ့ အဝီစိရေတွင်း လာရောက်တူးပေးထားပေမယ့် ရေထွက်နှုန်းနဲ့ ရေစက်မောင်းရတဲ့ ဆီဖိုးတွေနဲ့မမျှ ရေထွက်အား အလွန်နည်းလို့ အဆင်မပြေပါဘူး"ဟု မြိုင်ဟေဝန်ဆင်စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ သောက်သုံးရေအတွက် ရေသွားခပ်တော့လည်း အလွန်ဝေးတယ်။ ထမင်းဟင်းချက်ဖို့ရေကို အိမ်မှာရှိတဲ့ကလေးလူကြီး အားတဲ့သူ သွားခပ်နေရတယ်။ အမျိုးသားတွေက ရေချိုးရတာ သိပ်မခက်ပေမယ့် အမျိုးသမီးတွေ ရေချိုးရတာ အင်မတန်အခက်ကြုံရတယ်။ လိမ့်လောရိုးနဲ့ ခရုချောင်းရိုးကို တောထဲတောင်ထဲသွားရတာမလွယ်ဘူး" ဟု မြိုင်ဟေဝန်ဆင်စခန်းမှ ဆင်ဦးစီးတစ်ဦးက ပြောသည်။

"မြိုင်ဟေဝန်ဆင်စခန်းက အဝီစိရေတွင်းတူတာ ရေကြောမမိလို့ ဖြစ်နိုင်ပါတယ်။ တောင်ပေါ်ဒေသဖြစ်နေတော့ မြေအောက်မှာ ကျောက်ဖျာတွေရှိနေတတ်ပါတယ်။ တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးကို ဆင်စခန်း ရေရှားပါးမှုနဲ့ ပတ်သက်ပြီးတင်ပြပါ့မယ်"ဟု ကင်းမတီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဦးက ပြောသည်။

ထွန်းလှိုင်(မြိုင်)

○ ကျောဖုံးမှ

ပက်ထရစ်တို့ ပွဲထွက်လူစာရင်းတွင် ပါဝင်လာပြီး အမာခံ ကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာသည်။ ဇေယျာရွှေမြေအသင်းမှာ အဓိကတိုက်စစ်မှူး ဗစ်တာ ပွဲပယ်ခံထားရသောကြောင့် အပြောင်းအလဲအချို့ပြုလုပ်ကာ ယှဉ်ပြိုင်ခဲ့သည်။ ပထမပိုင်းတွင်နှစ်သင်းစလုံး ကစားကွက် တည်မရဖြစ်နေသောကြောင့် ပွဲအေးတစ်ပွဲဖြစ်ခဲ့ရပြီး ထိရောက်သည့်ဂိုးသွင်းခွင့်များ မဖန်တီးနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ပထမပိုင်းထက် နှစ်သင်းစလုံး ကစားပုံပိုကောင်းလာပြီး ဇေယျာရွှေမြေအသင်း အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

ပွဲပြီးခါနီးတွင် ရှမ်းယူနိုက်တက်အသင်းမှ နေလင်းထွန်း အပိုင်ကန်ခွင့်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ သရေပွဲဖြင့် ပြီးဆုံးခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းတွင် လက်ရွေးစင်အဆင့်ကစားသမား အများအပြားပါဝင်ခဲ့သော်လည်း ဂိုးသမား သီဟစည်သူမှလွဲ၍ အခြားကစားသမားများ၏ ခြေစွမ်းမှာ သာမန်သာရှိခဲ့ကာ အဝေးကွင်း၌ ခြေစွမ်းမပြနိုင် ဖြစ်ခဲ့ရသည်။

သုဝဏ္ဏကွင်း၌ကျင်းပသောပွဲတွင် မကွေးနှင့် Horizon အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ မကွေးအသင်း၏ ခြေစွမ်းမှာ သာမန်သာရှိခဲ့ပြီး နိုင်နိုင်ကျော်၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အမ်ပန်ဒီက Horizon အသင်းအတွက်ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။

ပွဲစဉ်(၄)အပြီးတွင် ရတနာပုံနှင့်ဟံသာဝတီအသင်းတို့ ၁၀ မှတ်စီ ရရှိထားသော်လည်း ဂိုးကွာခြားချက်ဖြင့် ရတနာပုံအသင်းက ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ဟံသာဝတီအသင်းက ဒုတိယနေရာ၌ ရပ်တည်နေသည်။ ဇွဲကပင်အသင်းက ကိုးမှတ်၊ ဇေယျာရွှေမြေ အသင်းက ရှစ်မှတ်၊ မကွေးအသင်းက ခုနစ်မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခြောက်မှတ်၊ ရခိုင်၊ ချင်းယူနိုက်တက်နှင့် Horizon အသင်းတို့က လေးမှတ်စီ၊ ရောဝတီအသင်းက သုံးမှတ်၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက တစ်မှတ်တို့ရရှိထားပြီး Southern အသင်းမှာ အမှတ်မရသေးပေ။

ဆရာအာသာ SUCCESS (မြို့လယ်ကျောင်း) Language Academy
အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်၊ 202046, 392048

သူငယ်တန်းဖြေမှ (၉)တန်းဖြေကလေးများအတွက်
4-Skill English (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 14 စပါမည်။
သင်တန်းကြေး-၆၀၀၀၀/
ကျောင်းကားစုံစမ်းနိုင်ပါသည်။

၈ တန်းအထောက်အကူပြု
(၆+၇)တန်း
ဖြေဆိုထားသူများအတွက်
Grammar + Communication ၄၀၀၀၀/
7:30 - 9 (Mon to Thurs) Mar 14
1 - 2:30 (Mon to Thurs) Mar 14

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု
(၆+၇) တန်းဖြေ - Level 1
(၈+၉) တန်းဖြေ - Level 2
Letter Writing + Essay
7:30 - 10:30 (Sat+Sun) Mar 12
12 - 3:00 (Sat+Sun) Mar 12

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူနှင့်အလုပ်ကောင်းရလိုသူများအတွက်

BASIC ENGLISH SPEAKING
10-12:00 (Mon ~ Thurs) 1 Feb
3:30 - 5 (Mon ~ Thurs) 8 Feb
7:30 - 9 (Mon ~ Thurs) 29 Feb

BASIC FOUR SKILLS ENGLISH
1:00- 4:00 (Sat + Sun) 6,21 Feb
7:30 - 9 (Mon ~ Thurs) 8 Feb
1 - 2:30 (Mon ~ Thurs) 8 Feb
9 - 12:00 (Sat + Sun) 13 Feb
10-11:30 (Mon ~ Thurs) 15 Feb
6 - 7:30 (Mon ~ Thurs) 15 Feb

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 9 Feb
9 - 12:00 (Sat + Sun) 13 Feb
6 - 7:30 (Mon ~ Thurs) 15 Feb
7:30 - 9 (Mon ~ Thurs) 22 Feb

INTERMEDIATE (ACADEMIC ENGLISH)
10 - 12:00 (Mon ~ Thurs) 25 Jan
1:00 - 4:00 (Sat + Sun) 6 Feb

VOCAB ENRICHMENT
9 - 12:00 (Sat + Sun) 20 Feb

BASIC WRITING
10-12:00 (Mon ~ Thurs) 23 Feb

BASIC GRAMMAR
3:30 - 5 (Mon ~ Thurs) 22 Feb

IELTS (Four Skills)
1 - 3:30 (Mon ~ Thurs) 18 Jan
7:30-9:30 (Mon ~ Thurs) 15 Feb

IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 15 Feb

IELTS (Reading)
1 - 3:00 (Mon ~ Thurs) 15 Feb

IELTS (Writing)
7:30 - 9 (Mon ~ Thurs) 15 Feb

IELTS (Grmmar)
10-11:30 (Mon ~ Thurs) 8 Feb

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
7:30 - 9 (Mon ~ Thurs) 15 Feb
1 - 2:30 (Mon ~ Thurs) 22 Feb

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 25 Jan
6 - 7:30 (Mon ~ Thurs) 25 Jan
7:30 - 9 (Mon ~ Thurs) 15 Feb

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 29 Feb

BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 1,22 Feb
1 - 2:30 (Mon ~ Thurs) 1,15 Feb
3:30 - 5 (Mon ~ Thurs) 15 Feb
2 - 5:00 (Sat + Sun) 20 Feb
6 - 7:30 (Mon ~ Thurs) 22 Feb
9 - 12:00 (Sat + Sun) 27 Feb

IELTS (Preparation)
12:30 - 3:30 (Sat + Sun) 6 Feb

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု
(၈+၉)တန်းဖြေထားသူများအတွက်
Letter Writing + Essay သင်တန်းများ ၄၀၀၀၀/
7:30-10:30 (Sat + Sun) 12 Mar
7:30-9:00 (Mon to Thurs) 14 Mar

၈ တန်းအထောက်အကူပြု
(၆+၇)တန်း
ဖြေဆိုထားသူများအတွက်
Grammar + Communication
12 - 3:00 (Sat + Sun)
March 12 စပါမည်။ ၄၀၀၀၀/

ဦးရာလူ သင့်သောဈေးနှင့်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မြသိန်းတန်ဘုရားအောင်မြေ့ရုံအနီး ၁၅'X၄၈'ကျယ်၊ ညှိခန်းကျွန်းပါကေးခင်း တစ်အိမ်လုံး ကြွေပြားကပ်၊ အိပ်ခန်း(၁)ခန်း၊ ဘိုထိုင်၊ နံရံကပ်ဘီဒို(၃)ခု၊ ဘီဒိုအကန့်(၂)ခုပါမီးဖိုးခုံ၊ ကိုယ်ပိုင်ရေမော်တာ၊ အုတ်ကန်၊ ရေစုပ်ပန့် အသေးတစ်လုံး၊ ဝရံတာသံပန်းကာ၊ မီးဆွဲမီးလုံး အလှဆင်၊ အဆင့်မြင့်ပြင်ဆင်ပြီး ပိုင်ရှင်ကိုတိုက်ရိုက် ဆက်သွယ်နိုင်သည်။

ညနေ(၃)နာရီမှ (၅)နာရီအတွင်း　ဖုန်း ၀၉-၇၉၈၃၄၃၈၀၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၂၇၀၈၃ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ငြိမ်း ၉/ခအဇ(နိုင်)၀၁၅၃၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

လုပ်ငန်းလိုင်စင်မူရင်းပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ကုန်သွယ်ရေးဇုန် No. (39/A) Aden Group တွင် သွင်းကုန်လိုင်စင်အမှတ် WQIL 3 15-16 0817 05/10/2015 ဖြင့် ကုမ္ပဏီလုပ်ငန်းများ ဆောင်ရွက်နေသော Go Together Co.,Ltd. ကုမ္ပဏီ၏ သွင်းကုန်လိုင်စင်မူရင်းလက်မှတ်သည် ၄-၁-၂၀၁၆ ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၆၄၄၂၇၄၄

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ရဲဝင်းလွင်နှင့် မောင်အောင်ကိုကိုဝင်း တို့သည် မိဘတို့၏ ဆိုဆုံးမမှုများကိုမနာခံဘဲ နေအိမ်မှ မိမိတို့ဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းတို့နှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝလုံးဝ တာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်
ဒေါ်ခင်ထွေးထွေးဝင်း

ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

သို့မဟုတ် အမှုဆောင်အရာရှိချုပ်အား ထုတ်ပယ်ရမည်ဖြစ်ပြီး ဗဟိုဘဏ်သို့လည်း အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) ဗဟိုဘဏ်သည် ဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်တစ်ဦးဦးက ပုဒ်မခွဲ(က)အရ ရာထူးတာဝန် ဆက်လက်ထမ်းဆောင်ရန် အရည်အချင်းပျက်ယွင်းကြောင်း တွေ့ရှိသည့်အခါဗဟိုဘဏ်သည်-

(၁) အဆိုပါပုဂ္ဂိုလ်အား သတ်မှတ်ပေးသည့်ရက်အတွင်း ရာထူးမှထုတ်ပယ်ရန်စာဖြင့် ညွှန်ကြားနိုင်သည်။ ထို့ပြင်

(၂) ထိုသို့ညွှန်ကြားချက် မိတ္တူပူးတွဲ၍ ရာထူးတာဝန်မှ ထုတ်ပယ်ခြင်းခံရသူထံစာဖြင့် အကြောင်းကြားရမည်။

(ဃ) ဘဏ်သည် ညွှန်ကြားချက်ပါ သတ်မှတ်ပေးသည့် အချိန်အတွင်း အဆိုပါပုဂ္ဂိုလ်အား ရာထူးတာဝန်မှ ထုတ်ပယ်ကြောင်းကို အကြောင်းကြားပြီး ဘဏ်၏ အစုရှယ်ယာဝင်များထံ လိုအပ်သလို အကြောင်းကြားရမည်။ ထို့ပြင် ကုမ္ပဏီများမှတ်ပုံတင်အရာရှိထံသို့ ထုတ်ပယ်ခြင်းကိစ္စကို အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ)အရ ညွှန်ကြားချက်နှင့်အညီ ဒါရိုက်တာ သို့မဟုတ် အရာရှိအားထုတ်ပယ်ခြင်းသည် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွင်ဖြစ်စေ၊ ဘဏ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ အဆိုပါရာထူးတာဝန်မှ ထုတ်ပယ်ကြောင်း ထုတ်ပြန်ကြေညာချက်ကို လက်ခံရရှိသည့်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(စ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၁)အရ ပေးသည့် ညွှန်ကြားချက်ကို သတ်မှတ်အချိန်ကာလအတွင်း လိုက်နာရန်ပျက်ကွက်သော ဘဏ်ဖြစ်ပြီး ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၂)အရ အကြောင်းကြားစာချမှတ်ခြင်းခံရသော ၎င်း၏တာဝန်ဆက်လက် ထမ်းဆောင်သော ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

(ဆ) ဘဏ်တစ်ခုခုက ပုဒ်မခွဲ (ဂ)အရ ထိုဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အရာရှိရာထူး တာဝန်မှထုတ်ပယ်ခြင်းကို ကျေနပ်မှုမရှိလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်က ဗဟိုဘဏ်သို့ အယူခံနိုင်သည်။ ထိုကိစ္စတွင် ပုဒ်မ ၇၇၊ ပုဒ်မခွဲ (ဃ)နှင့်(င)တို့အရ ပြဋ္ဌာန်းသည့် လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်စေရမည်။

အကျိုးစီးပွားများ ထုတ်ဖော်အသိပေးခြင်း

၇၉။ (က) ဒါရိုက်တာနှင့် အရာရှိတိုင်းသည် ၎င်းဖြစ်စေ၊ ၎င်း၏ဆွေမျိုးများဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်သည့် အရေးကြီးသော ငွေရေးကြေးရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အကျိုးစီးပွားအပြည့်အစုံကို ဒါရိုက်တာအဖွဲ့သို့ ထုတ်ဖော်တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ထုတ်ဖော်တင်ပြခြင်းကို ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာအဖြစ် ခန့်အပ်တာဝန်ပေးသည်နှင့် ပထမဦးစွာပြုလုပ်ရမည်ဖြစ်ပြီး နှစ်စဉ်ထုတ်ဖော်တင်ပြခြင်းကိုလည်း ပြုလုပ်ရမည်။

(ဂ) ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ယင်းကဲ့သို့ အကျိုးစီးပွားတစ်ရပ် ထပ်မံတိုးပွားရရှိသည့်အခါတွင်လည်း ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ထိုအကျိုးစီးပွားကို ထုတ်ဖော်တင်ပြရမည်။ သို့ရာတွင် ထိုကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရန် အကျေအလည် ဆွေးနွေးခြင်း သို့မဟုတ် မဲပေးခြင်းပြုရာ၌ တက်ရောက်ခြင်းမပြုရ။

ဒါရိုက်တာများနှင့် အရာရှိများ၏ ပေးရန်တာဝန်

၈၀။ (က) ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းသတ်မှတ်သည့် ပေးရန်တာဝန်များအပြင် ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိသည် ၎င်း၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန် ပြုလုပ်မှုကြောင့်ဖြစ်စေ ဘဏ်တွင်သော်လည်းကောင်း၊ ဘဏ်၌ ငွေအပ်နှံသူ အခြားပုဂ္ဂိုလ်တွင်သော် လည်းကောင်း ဖြစ်ပေါ်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက်ပေးလျော်ရန် တာဝန်ရှိသည်။

(ခ) ဤပုဒ်မပါ ပုဂ္ဂိုလ်က လုပ်ပိုင်ခွင့်လွှဲအပ်ထားသူ၏ အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန် ပြုလုပ်မှုကြောင့်ဖြစ်စေ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် အဆိုပါ လွှဲအပ်တာဝန်ပေးသူနှင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူတို့သည် တစ်ဦးချင်းသော်လည်းကောင်း၊ တွဲဖက်၍သော်လည်းကောင်း ပေးလျော်ရန် တာဝန်ရှိစေရမည်။

(ဂ) ဤပုဒ်မအရ ဒါရိုက်တာ သို့မဟုတ် အရာရှိထံမှ ဆုံးရှုံးနစ်နာမှုကို ပြန်လည်ပေးလျော်ရန် ဆောင်ရွက်ချက်များကို ပေါ့ဆမှု သို့မဟုတ် မလျော်မကန်ပြုလုပ်မှုဖြစ်ပေါ်ပြီး သုံးနှစ်အတွင်း စတင်ပြုလုပ်ရမည်။

လျှို့ဝှက်ချက်များ ထိန်းသိမ်းရန်တာဝန်

၈၁။ (က) ဘဏ်သည် မိမိအဖွဲ့အစည်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်း၊ မှတ်တမ်းနှင့် လွှဲပြောင်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လုံခြုံစွာထိန်းသိမ်းရမည်။

(ခ) ဘဏ်တစ်ခုခု၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ဝန်ထမ်းများသည် ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်အား မည်သူ့ကိုမျှ ပေးခြင်း သို့မဟုတ် အခြားနည်းဖြင့် ထုတ်ဖော်ခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က)ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ ပုဂ္ဂိုလ်တစ်ဦးဦး သိရှိစေရန်အလို့ငှာ ထုတ်ဖော်သော သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို ရရှိသူသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား အလားတူထုတ်ဖော်ခြင်းမပြုရ။

လျှို့ဝှက်ထားရန်တာဝန်အား ခြွင်းချက်ပြုခြင်း

၈၂။ (က) ပုဒ်မ ၈၁ ပါ ပြဋ္ဌာန်းချက်သည် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ သတင်းအချက်အလက်ကို အောက်ပါကိစ္စများတွင် ထုတ်ဖော်ခြင်းနှင့်မသက်ဆိုင်စေရ-

(၁) ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်တာဝန်များ ကျင့်သုံးဆောင်ရွက်ရေးအတွက် ဗဟိုဘဏ်ကိုဖြစ်စေ၊ ဗဟိုဘဏ်၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ဝန်ထမ်းသို့ဖြစ်စေ ဤဥပဒေအရ ခန့်အပ်တာဝန်ပေးသူ တစ်ဦးဦးသို့ဖြစ်စေ ထုတ်ဖော်ခြင်း၊

(၂) ဘဏ်ထံမှ သတင်းအချက်အလက်ရရှိရန် ဗဟိုဘဏ်က စာဖြင့်အခွင့်အာဏာအပ်နှင်းထားခြင်းခံရသည့် ဗဟိုဘဏ်တွင် လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုပေးသူ တစ်ဦးဦးသို့ ထုတ်ဖော်ခြင်း၊

(၃) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူကဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ကဖြစ်စေ ထုတ်ဖော်ရန် စာဖြင့် ခွင့်ပြုချက်ပေးထားခြင်း၊

(၄) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူက ဘဏ်လူမွဲဖြစ်ကြောင်း ကြေညာခြင်းခံရသည့်ကိစ္စ သို့မဟုတ် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူသည် ကုမ္ပဏီဖြစ်ပြီး နိုင်ငံတော်တွင် ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ သို့မဟုတ် ဖျက်သိမ်းပြီးဖြစ်ခြင်း၊

(၅) စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်အတွက် လိုအပ်သော သတင်းအချက်အလက်ဖြစ်ပြီး ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ၏ ငွေချေးရန်ထိုက်တန်မှု (Credit worthiness) ကို စိစစ်ရန်အတွက်ဖြစ်ခြင်း၊

(၆) ဘဏ်နှင့် ၎င်း၏ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူအကြား သို့မဟုတ် ၎င်းအား အာမခံသူတို့အကြားဖြစ်စေ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ငွေစာရင်းမှ ငွေကိုထုတ်ယူရန် တောင်းခံသူနှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအကြားဖြစ်စေ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်ပတ်သက်၍ တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း တရားစွဲဆိုမှုအတွက် လိုအပ်သော သတင်းအချက်အလက်ဖြစ်ခြင်း၊

(၇) ဥပဒေအရ တရားရုံး၏ အမိန့်နှင့်အညီ ထုတ်ဖော်ခြင်း၊

(၈) ဘဏ်အတွင်း စာရင်းစစ်ဆေးမှုပြုခြင်းနှင့်သာ သက်ဆိုင်သည့်ကိစ္စ သို့မဟုတ် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအတွက် ဆောင်ရွက်ရသည့်ကိစ္စအတွက် ထုတ်ဖော်ခြင်း၊

(၉) ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ချေးငွေသတင်းအချက်အလက်ဌာနသို့ ဖော်ထုတ်ခြင်း၊

(၁၀) ဘဏ်က ၎င်း၏လုပ်ငန်းတာဝန်များကို ပြင်ပအခြားအဖွဲ့အစည်းအား ဆောင်ရွက်စေသည့်အခါ ထိုပြင်ပအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်သာ သက်ဆိုင်သည့်ကိစ္စအတွက် ထုတ်ဖော်ခြင်း၊

(၁၁) ဘဏ်က အခြားလိုင်စင်ရ အဖွဲ့အစည်းနှင့်ပူးပေါင်းရန် သို့မဟုတ် ပူးပေါင်းရေးအတွက် အဆိုပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ ထုတ်ဖော်ခြင်း၊

(၁၂) ဘဏ်၏ လုပ်ငန်းများ အခြားဘဏ်သို့လွှဲပြောင်းခြင်း သို့မဟုတ် လွှဲပြောင်းရန် အဆိုပြုခြင်းအတွက် ထုတ်ဖော်ခြင်း၊

(၁၃) အခန်း (၁၄)နှင့်(၁၅)တို့အရ ဘဏ်၏ ပြန်လည်ဖွဲ့စည်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်သာ သက်ဆိုင်သော ထုတ်ဖော်ခြင်း၊

(၁၄) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့ပါ ပြဋ္ဌာန်းချက်အရ ထုတ်ဖော်ခြင်း၊ အချက်အလက်များ အသိပေးခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၆) သို့မဟုတ် ပုဒ်မခွဲငယ် (၇)အရ တရားမမှုခင်းတစ်ခုခုတွင် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ၏ ငွေစာရင်းနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို ထုတ်ဖော်ရန်ရှိသည့်အခါ အဆိုပါ တရားမမှုခင်းတွင် တရားရုံး၏အမိန့်အရဖြစ်စေ၊ အမှုသည်တစ်ဦး၏ တောင်းဆိုချက်အပေါ် ချမှတ်သည့် အမိန့်အရဖြစ်စေ အဆိုပါအမှုကို တံခါးပိတ်ကြားနာပြီး ထုတ်ဖော်သည့်သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားကို အမှုသည်များနှင့် တရားရုံးအကြား လျှို့ဝှက်ထားရမည်။ ထို့ပြင် မည်သည့်အမှုသည်မျှ ထိုသတင်းပေးချက် သို့မဟုတ် စာတမ်းအမှတ်အသားကို အခြားသူအား ထုတ်ဖော်ခြင်းမပြုရ။

(ဂ) တရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် မည်သူမျှ ပုဒ်မခွဲ (ခ)တွင် ရည်ညွှန်းဖော်ပြထားသည့် အဆိုပါတရားမမှုခင်းတွင် ပါဝင်သည့် အမှုသည်တစ်ဦးဦး၏ အမည်၊ နေရပ်လိပ်စာ သို့မဟုတ် ဓာတ်ပုံကိုသော်လည်းကောင်း၊ အမှုသည်များက ထိုအမှုတွင် မည်သူတို့က မည်သို့မည်ပုံ ပါဝင်သည်ကို သိနိုင်လောက်သည့် သတင်းအချက်အလက် တစ်ခုခုကိုသော်လည်းကောင်း ပုံနှိပ်ဖြန့်ချိခြင်း မပြုရ။

လျှို့ဝှက်ချက်ထိန်းသိမ်းရန်တာဝန်နှင့်စပ်လျဉ်းသည့် နောက်ထပ်ခြွင်းချက်များ

၈၃။ အခြား ပုဒ်မတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သည်-

(က) ဘဏ်များထံမှ သတင်းအချက်အလက်များကို တစ်စုတစ်ပေါင်းတည်း ပုံစံဖြင့် အများပြည်သူအကျိုးငှာ သင့်လျော်သည် ထင်မြင်လျှင် ပုံနှိပ်ဖြန့်ချိနိုင်သည်။

(ခ) သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများ ထိရောက်စွာ ကြီးကြပ်စစ်ဆေးခြင်းအတွက်သာ အသုံးပြုရန်ဖြစ်ပါက ပြည်တွင်းပြည်ပမှ ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြပ်မတ်ကွပ်ကဲရေးနှင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ဖလှယ်နိုင်သည်။

အခန်း (၁၁)
စာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ငွေရေးကြေးရေးရှင်းတမ်းများ ငွေစာရင်းများနှင့် ငွေရေးကြေးရေးရှင်းတမ်း အစီရင်ခံစာများ

၈၄။ (က) ဘဏ်သည် မိမိတို့၏လုပ်ငန်းများလည်ပတ်မှုနှင့် ငွေရေးကြေးရေးအခြေအနေတို့ကို ထင်ဟပ်စေရန် လုံလောက်သော ငွေစာရင်းများထိန်းသိမ်းခြင်းနှင့် အချိန်ကာလအလိုက် ငွေရေးကြေးရေးရှင်းတမ်းများပြုစုခြင်းတို့ကို နိုင်ငံတကာကလက်ခံထားသော စာရင်းရေးသွင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) အဆိုပါစည်းမျဉ်းများနှင့် လိုက်နာဆောင်ရွက်မှုကို အခြားဥပဒေတစ်ရပ်ရပ်တွင် ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်ထားသည့်စာရင်းရေးသွင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က)ပါ ယေဘုယျပြဋ္ဌာန်းချက်ကို ကန့်သတ်ခြင်းမပြုဘဲ နိုင်ငံခြားဘဏ်ခွဲအသီးသီးသည် သီးခြားငွေစာရင်းစာအုပ်များ၊ ငွေစာရင်းများနှင့်မှတ်တမ်းများကို ထိန်းသိမ်းထားရမည်။ ထို့ပြင် အရှုံးအမြတ်စာရင်းများအပါအဝင် ငွေရေးကြေးရေးရှင်းတမ်းတို့ကို ယင်းနိုင်ငံခြားဘဏ်၊ ဘဏ်ခွဲ၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေများနှင့် ကုန်ကျစရိတ်များကို ရှင်းလင်းစွာ ထင်ဟပ်ပေါ်လွင်စေရန် နိုင်ငံခြားဘဏ်က ပိုင်ဆိုင်သော အခြားငွေစာရင်းစာအုပ်များ၊ ငွေစာရင်းများ၊ မှတ်တမ်းများနှင့် ငွေရေးကြေးရေးရှင်းတမ်းနှင့်ခွဲခြား၍ ပြုစုရမည်။

စာရင်းစစ်ကော်မတီ

၈၅။ (က) ဘဏ်တိုင်းသည် စာရင်းစစ်ကော်မတီကို ဖွဲ့စည်းထားရန်လိုသည်။

(ခ) ဘဏ်၏ အစုဝင်များ သင်းလုံးကျွတ်အစည်းအဝေးမှ အဖွဲ့ဝင်သုံးဦးပါဝင်သော စာရင်းစစ်ကော်မတီကို ဖွဲ့စည်းရမည်။ စာရင်းစစ်ကော်မတီအဖွဲ့ဝင်များ၏ သက်တမ်းမှာ လေးနှစ်ဖြစ်သည်။

(ဂ) ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးသည် စာရင်းစစ်ကော်မတီကို ဦးဆောင်ရမည်။ စီမံခန့်ခွဲမှု အဖွဲ့ဝင်များသည် စာရင်းစစ်ကော်မတီတွင် ပါဝင်တာဝန်ထမ်းဆောင်ခြင်းမပြုရ။

(ဃ) စာရင်းစစ်ကော်မတီသည်-

(၁) ဘဏ်အတွက် သင့်လျော်သော စာရင်းရေးသွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ထိန်းချုပ်မှုများကို သတ်မှတ်ထားရမည့်အပြင် ယင်းလုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်မှု ရှိ မရှိ ကြီးကြပ်ရမည်။ ထို့ပြင် ဘဏ်၏ ငွေစာရင်းနှင့် မှတ်တမ်းများကို စစ်ဆေးရမည်။

(၂) ဘဏ်နှင့်သက်ဆိုင်သည့် ဥပဒေနှင့်စည်းမျဉ်းများကို လိုက်နာဆောင်ရွက်မှု ရှိ မရှိ စောင့်ကြပ်ကွပ်ကဲရမည့်အပြင် ထိုသို့စောင့်ကြပ်ကွပ်ကဲမှုကို ဒါရိုက်တာအဖွဲ့သို့ အစီရင်ခံရမည်။

(၃) ဒါရိုက်တာအဖွဲ့သို့တင်ပြသည့် ကိစ္စတစ်ရပ်ရပ်အပေါ် အကြံပြုချက်တောင်းခံလျှင် အကြံပြုချက်ပေးရမည်။

(င) စာရင်းစစ်ကော်မတီသည် အစည်းအဝေးကို သုံးလလျှင်တစ်ကြိမ် ပုံမှန်ကျင်းပရမည်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့က အစည်းအဝေးတက်ရောက်ရန်ခေါ်သည့်အခါတိုင်း တက်ရောက်ရမည်။

လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း

၈၆။ (က) ဘဏ်သည် နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အောက်ပါတို့ကို ပြုစုရမည်-

(၁) သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ နောက်ဆုံးအလုပ်လုပ်ရက်များရှိ လက်ကျန်ရှင်းတမ်း၊

(၂) အဆိုပါဘဏ္ဍာရေးနှစ်အတွက် အရှုံးအမြတ်စာရင်း၊

(၃) ဗဟိုဘဏ်က လိုအပ်သည့်အခြားငွေရေးကြေးရေးဆိုင်ရာ ရှင်းတမ်းများ။

(ခ) ဘဏ်၏ ငွေရေးကြေးရေးရှင်းတမ်းများဖြစ်သည့် လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းသည် ၎င်းအဖွဲ့အစည်းနှင့် ၎င်း၏ လက်အောက်ခံအဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်မှုနှင့် ငွေရေးကြေးရေးအခြေအနေတို့ကို သီးခြားစီဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထင်ဟပ်ပေါ်လွင်နေရမည်။

(ဂ) ဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ငွေရေးကြေးရေးရှင်းတမ်းများကို ဗဟိုဘဏ်သို့ ပေးပို့ရမည်။

(ဃ) ဘဏ်သည် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးထားသည့် ငွေရေးကြေးရေးရှင်းတမ်းကို ဗဟိုဘဏ်ကခွင့်ပြုသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာရမည်။

(င) စာရင်းစစ်ဆေးထားသည့် ငွေရေးကြေးရေးရှင်းတမ်းကို ဘဏ်၏ ဘဏ်ခွဲအသီးသီး၌ မြင်သာသော နေရာတွင် ပြသထားရမည်။

(စ) ဘဏ်သည် ၎င်း၏လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းတို့ကို ဗဟိုဘဏ်က သတ်မှတ်သည့် အချက်အလက်များပါရှိသည့် ပုံစံဖြင့် ပြုစုရမည်။ ထို့အပြင် အတည်ပြုချက် ထုတ်ပေးခြင်း၊ အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ သတ်မှတ်ချက်များအရ ဆောင်ရွက်ရမည်။

(ဆ) ဘဏ်က ပုဒ်မခွဲ(စ)အရ ဘဏ်ရှင်းတမ်းကို ထုတ်ပြန်ရာတွင် ပါရှိရမည့်အချက်များ မပါရှိခြင်း သို့မဟုတ် မမှန်မကန်ဖော်ပြခြင်း သို့မဟုတ် လှည့်ဖြား၍ဖော်ပြခြင်းပြုလုပ်ကြောင်း တွေ့ရှိလျှင် ဗဟိုဘဏ်သည် ဘဏ်သို့ အောက်ပါတို့ကို ဆောင်ရွက်ရန် အကြောင်းကြားစာ ပေးပို့နိုင်သည် -

(၁) ထုတ်ပြန်သည့်ရှင်းတမ်းတွင် ချန်လှပ်ထားသော အချက်များ ပြန်လည်ထည့်သွင်းဖော်ပြရန်၊

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

(၂) မမှန်ကန်သော သို့မဟုတ် လှည့်ဖြားထားသောအချက်များ မပါသည့် ရှင်းတမ်းအား ထုတ်ပြန်ရန်၊

(၃) ဗဟိုဘဏ်က အကြောင်းကြားစာတွင် သတ်မှတ်ပေးသည့် အတိုင်း မှားယွင်းချက်များကို ပြင်ဆင်ရန်။

ဗဟိုဘဏ်သို့ပေးပို့ရသော အချိန်ကာလအလိုက် အစီရင်ခံစာများ

၈၇။ (က) ဘဏ်အသီးသီးသည် ငွေရေးကြေးရေးအစီရင်ခံစာများကို ကာလ အပိုင်းအခြားအလိုက် ပြုစုပြီး ဗဟိုဘဏ်သို့ အစီရင်ခံရမည်။

(ခ) ပုဒ်မခွဲ (က) အရ လိုအပ်သော အစီရင်ခံစာအသီးသီးကို -

(၁) ဗဟိုဘဏ်က သတ်မှတ်သည့်ပုံစံနှင့် သတ်မှတ်သည့်ကာလ အတွင်း တင်ပြရမည်။

(၂) ဘဏ်၏ အမှုဆောင်အရာရှိချုပ်နှင့် ဘဏ္ဍာရေးအရာရှိ ချုပ်တို့က မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုး ရမည်။

(ဂ) လိုင်စင်ရ နိုင်ငံခြားဘဏ်ခွဲများ၏ အစီရင်ခံစာများတွင် ၎င်းတို့၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေများ၊ ကုန်ကျစရိတ်များ၊ စီမံခန့်ခွဲမှုများနှင့်လုပ်ငန်း ဆောင်ရွက်ချက်များ ပါဝင်စေရမည်။

(ဃ) ဤပုဒ်မအရ တင်ပြရန်လိုအပ်သည့်အစီရင်ခံစာတစ်ခုခုကို တင်သွင်း ရန် ပျက်ကွက်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

ပြင်ပစာရင်းစစ်များ

၈၈။ (က) ဘဏ်အသီးသီးသည် ၎င်း၏ငွေစာရင်းများကို စစ်ဆေးရန်အတွက် သင်းလုံးကျွတ် အထွေထွေအစည်းအဝေးကျင်းပ၍ သင့်လျော်သော ပြင်ပစာရင်းစစ်ခန့်အပ်ရန် တာဝန်ရှိသည်။

(ခ) ဘဏ်များသည် ၎င်းတို့၏ ပြင်ပစာရင်းစစ်များကို ငါးနှစ်လျှင် အနည်းဆုံးတစ်ကြိမ် အစားထိုးပြောင်းလဲခန့်အပ်တာဝန်ပေးရမည် ဖြစ်ပြီး ၎င်းစာရင်းစစ်ကို သုံးကြိမ် ဆက်တိုက်ထက်ပို၍ ခန့်ထားခြင်း မပြုရ။ သို့မဟုတ် ဗဟိုဘဏ်က သတ်မှတ်သည့် ကာလအတိုင်းဖြစ် သည်။

(ဂ) ဘဏ်အသီးသီးသည် ပြင်ပစာရင်းစစ်များကို ခန့်အပ်ပြီးနောက် ထိုစာရင်းစစ်များ၏ အမည်၊ လုပ်ငန်းတည်နေရာလိပ်စာ၊ အရည် အချင်းနှင့် အတွေ့အကြုံများကို ချက်ချင်း ဗဟိုဘဏ်သို့ အကြောင်း ကြားရမည်။

(ဃ) ဘဏ်က ခန့်အပ်တာဝန်ပေးထားသည့် ပြင်ပစာရင်းစစ်မှာ ရာထူး တာဝန်နှင့် မသင့်လျော်ကြောင်း ဗဟိုဘဏ်မှအကြောင်းပြချက်များ ဖြင့် အကြောင်းကြားစာပေးထားခြင်း မရှိပါက ထိုစာရင်းစစ်မှာ သင့်လျော်သည်ဟု မှတ်ယူရမည်။ ထိုသို့သော အကြောင်းကြားစာ ရရှိပါက ဘဏ်သည် ၎င်း၏ ပြင်ပစာရင်းစစ်ကို ချက်ချင်းအစားထိုး ခန့်အပ်ရမည်။

(င) သင့်မြတ်လျော်ကန်သူကိုသာလျှင် ဘဏ်၏ စာရင်းစစ်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်။ ဘဏ်နှင့်ဆက်နွှယ်သူနှင့် ဝန်ထမ်းများကို ဘဏ်၏ ပြင်ပစာရင်းစစ်အဖြစ် မခန့်အပ်ရ။

(စ) ပြင်ပစာရင်းစစ်အဖြစ် ခန့်ထားခြင်းခံရသူသည် ၎င်းအား ခန့်အပ် တာဝန်ပေးပြီးနောက် ဘဏ်နှင့်သက်ဆိုင်သူ သို့မဟုတ် ဝန်ထမ်း ဖြစ်ပါက ပြင်ပစာရင်းစစ်အဖြစ်မှ ချက်ချင်း တာဝန်မှ ရပ်စဲရမည်။

(ဆ) ပုဒ်မခွဲ (က) အရ ဘဏ်က ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်တာဝန် ပေးရန် ပျက်ကွက်ပါက ဗဟိုဘဏ်သည် အဆိုပါဘဏ်အတွက် ပုဒ်မ ၈၉ အရ သတ်မှတ်ထားသည့် လုပ်ငန်း တာဝန်များကို ဆောင် ရွက်ရန် ပြင်ပစာရင်းစစ်များကို ထိုဘဏ်၏ ကုန်ကျစရိတ်ဖြင့် ခန့်အပ်ပိုင်ခွင့်ရှိသည်။

(ဇ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (င) အရ ဘဏ်က ခန့်အပ်သည့် ပြင်ပစာရင်းစစ်သည် ၎င်း၏ တာဝန်ဆောင်ရွက်ရန် ဘဏ်၏စာအုပ် များ၊ ငွေစာရင်းများ၊ ဘောက်ချာများနှင့် စာတမ်းအမှတ်အသား အားလုံးကို လိုအပ်သည့် အချိန်တိုင်း ရယူစစ်ဆေးခွင့်ရှိသည်။ ထို့ပြင် ပြင်ပစာရင်းစစ်သည် ဘဏ်၏ဒါရိုက်တာများနှင့် အရာရှိများ ထံမှ ၎င်း၏ စာရင်းစစ်လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် လိုအပ် သည်ဟု ထင်မြင်သော သတင်းအချက်အလက်များနှင့် ရှင်းလင်း ချက်များကို တောင်းခံရယူ စစ်ဆေးပိုင်ခွင့်ရှိသည်။

(ဈ) ဗဟိုဘဏ်သည် ပြင်ပစာရင်းစစ်များအတွက် စံသတ်မှတ်ချက် များနှင့် အခြားသက်ဆိုင်သည့် ကိစ္စရပ်များအတွက် စည်းမျဉ်းကို ထုတ်ပြန်နိုင်သည်။

၈၉။ (က) နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးသုံးလအတွင်း စာရင်းစစ်အစီရင် ခံစာတိုင်းကို ပြည့်စုံစွာ ပြုစုရမည်ဖြစ်ပြီး စာရင်းစစ်က ထိုအစီရင် ခံစာတွင် အောက်ပါအချက်များ ဖော်ပြပါရှိစေရမည် -

(၁) ၎င်းတို့၏ ထင်မြင်ချက်တွင် ဘဏ်က ရေးဆွဲထားသော လက်ကျန် ရှင်းတမ်းနှင့် အရှုံးအမြတ် စာရင်းများသည် ပြည့်စုံ၍ မျှတကျနစွာ ရေးဆွဲထားခြင်း ရှိ မရှိ၊

(၂) ဘဏ်၏ လုပ်ငန်းဆောင်တာများကို ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ မရှိ၊

(၃) အဆိုပါဘဏ်၏အရာရှိများ သို့မဟုတ် ကိုယ်စားလှယ် များထံမှရရှိသော သတင်းအချက်အလက်သည် ကျေနပ် ဖွယ်ရာ ရှိ မရှိ၊

(၄) ဗဟိုဘဏ်က သတ်မှတ်နိုင်သော အခြားသက်ဆိုင်သည့် အဆိုပါ ကိစ္စရပ်များ။

(ခ) ဘဏ်များအတွက် ပုဒ်မခွဲ (က) နှင့်အညီ ပြုစုထားသည့် စာရင်းစစ် အစီရင်ခံစာကို အစုရှယ်ယာဝင်အားလုံး တက်ရောက်သည့် နှစ်ပတ် လည်သင်းလုံးကျွတ် အစည်းအဝေးတွင် ဘဏ်၏ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့်အတူယှဉ်တွဲ၍ ဖတ်ပြရမည်။

(ဂ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလထက်နောက်မကျစေဘဲ စာရင်းစစ်၏ စီမံခန့်ခွဲမှု စာနှင့်အတူ ပုဒ်မခွဲ (က) အရ ပြုစုသည့် အစီရင်ခံစာပြီးဆုံးသည့်အခါ ထိုစာရင်းစစ် အစီရင်ခံစာကို ဗဟို ဘဏ်သို့ လွှဲပြောင်းပေးပို့ရမည်။

(ဃ) ဗဟိုဘဏ်သည် စာရင်းစစ်ဆေးထားသည့် ဘဏ္ဍာရေးအခြေအနေ ထုတ်ဖော်ချက်များမှာ ဘဏ်၏လုပ်ငန်းဆောင်ရွက်ချက်များ စစ်မှန် ပြီး မှန်ကန်စွာ ထုတ်ဖော်ပြသခြင်းမရှိဟု သော်လည်းကောင်း၊ စာရင်း စစ်၏ အစီရင်ခံစာ သို့မဟုတ် စီမံခန့်ခွဲမှုစာမှာ ကျေနပ်ဖွယ်ရာ မရှိဟု သော်လည်းကောင်းထင်မြင်လျှင် ဘဏ်၏စရိတ်ဖြင့် ပြင်ပစာရင်းစစ် ကို ထပ်မံခန့်ထားရန်နှင့် စာရင်းစစ်အစီရင်ခံစာ အသစ်တင်ရန် ထိုဘဏ်သို့ အမိန့်ထုတ်ဆင့်နိုင်သည်။

(င) ဘဏ်၏ စာရင်းစစ်အဖြစ် ၎င်း၏လုပ်ငန်းတာဝန်များဆောင်ရွက်ရာ တွင် စာရင်းစစ်သည် အောက်ပါကိစ္စရပ်တစ်ရပ်ရပ်အား စစ်ဆေး တွေ့ရှိပါက ဗဟိုဘဏ်သို့ ထိုကိစ္စကို ချက်ချင်းသတင်းပို့ရမည် -

(၁) ဤဥပဒေပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာမှုမရှိခြင်း သို့မဟုတ် လိမ်လည်မှု သို့မဟုတ် မရိုး မဖြောင့်မှုကျူးလွန်ခြင်း၊

(၂) ဘဏ်၏ မတည်ရန်ပုံငွေများ ၅၀ ရာခိုင်နှုန်းမျှ လျော့ကျ ခြင်းကြောင့် အရှုံး ဖြစ်ပေါ်ခြင်း၊

(၃) မြီရှင်များအတွက် အာမခံချက်ကိုထိခိုက်စေသည့် ပုံမမှန်မှု အပါအဝင် စနစ်ကျနမှု မရှိခြင်း၊

(၄) မြီရှင်များ၏ တောင်းဆိုမှုအပေါ် ရရန်ပိုင်ခွင့်များဖြင့် ပေး ချေနိုင်မည်ဟု ၎င်းက အတည်ပြုထောက်ခံနိုင်မှု မရှိခြင်း။

၉၀။ (က) ပြင်ပစာရင်းစစ်သည် စာရင်းစစ်အစီရင်ခံစာကို သက်ဆိုင်ရာဘဏ်နှင့် ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ စာရင်းစစ်အစီရင်ခံစာကို ဗဟိုဘဏ်သို့တင်ပြသည့်အခါ ပြင်ပ စာရင်းစစ်သည် ထိုအစီရင်ခံစာနှင့်အတူ ဘဏ်၏ စာရင်းစစ် ဆေးချက်နှင့် ဆက်စပ်သော အခြားအစီရင်ခံစာများတွင် ဗဟိုဘဏ်က သတ်မှတ်သည့် စာတမ်းအမှတ်အသားများ ပူးတွဲ၍ တင်ပြရမည်။

အခန်း (၁၂)

ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း

ဘဏ်သို့သွားရောက်စစ်ဆေးခြင်း

၉၁။ (က) ဗဟိုဘဏ်သည် အစစ်ဆေးခံဘဏ်သို့ သွားရောက်စစ်ဆေးမှုကို နှစ် နှစ်လျှင် အနည်းဆုံး တစ်ကြိမ် စစ်ဆေးရမည်။

(ခ) ဗဟိုဘဏ်သည် -

(၁) အစစ်ဆေးခံဘဏ်သို့ သွားရောက်စစ်ဆေးမှုကို အခြားပုဂ္ဂိုလ် များနှင့် ပူးတွဲပြု လုပ်နိုင်သည်။

(၂) ငွေစာရင်းများစစ်ဆေးရန် လက်မှတ်ရပြည်သူ့စာရင်းကိုင် တစ်ဦးဦးကိုဖြစ်စေ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အဖွဲ့တစ်ခုခုကိုဖြစ်စေ ရွေးချယ်ခန့်အပ်ပြီး လုပ်ပိုင်ခွင့်အပ်နှင်း နိုင်သည်။

(ဂ) ကြီးကြပ်စစ်ဆေးသူတစ်ဦးဦးသည် အောက်ပါတို့ကို တရားဝင် ဆောင် ရွက်နိုင်သည် -

(၁) လိုအပ်ပါက ဘဏ်၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် အားလုံးကို ဖြည့်ဆည်းပံ့ပိုးပေးရန် အစစ်ဆေးခံ ဘဏ်၏ ဒါရိုက်တာ၊ အရာရှိ၊ အခြားဝန်ထမ်း သို့မဟုတ် စာရင်းစစ်တစ်ဦးဦးအား တောင်းဆိုခြင်း၊

(၂) စစ်ဆေးလျက်ရှိသည့် ဘဏ်၏လက်ဝယ်တွင်ရှိသော သို့မဟုတ် ထိန်းသိမ်းထားရှိသော ၎င်း၏ စာတမ်းအမှတ်အသားများ၊ ငွေသား၊ ငွေချေးသက်သေခံလက်မှတ်များနှင့်အခြား ရရန်ပိုင် ခွင့်များကို စစ်ဆေးရေးအတွက်တင်ပြရန် အစစ်ဆေးခံဘဏ်၏ ဒါရိုက်တာ၊ အရာရှိ၊ အခြားဝန်ထမ်း သို့မဟုတ် စာရင်းစစ်တစ် ဦးဦးကိုတောင်းဆိုနိုင်ခြင်း၊

(၃) အစစ်ဆေးခံဘဏ်က မမှန်မကန်စီမံခန့်ခွဲမှု ပြုလုပ်ကြောင်း သက်သေခံချက် အထောက်အထား တွေ့ရှိသည့်ကိစ္စတွင် အောက်ပါတို့ကို တောင်းဆိုနိုင်ခြင်း-

(ကက) ဗဟိုဘဏ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် စာရင်း စစ်က စစ်ဆေးရေးအတွက် ဘဏ်၏စာရင်းများ တင်ပြရန်၊

(ခခ) စစ်ဆေးမေးမြန်းရာတွင် စာရင်းစစ်ကို လိုအပ်သည့် သတင်းအချက်အလက်များအား ဖြည့်ဆည်းပေးရန်၊

(ဂဂ) စာရင်းစစ်က စစ်ဆေးရေးအတွက် ဘဏ်၏ သို့မဟုတ် ၎င်း၏ လက်ဝယ်တွင်ရှိသော စာတမ်း အမှတ်အသား၊ ငွေသား၊ ငွေချေးသက်သေခံ လက် မှတ်များနှင့် အခြားရရန်ပိုင်ခွင့်များကို တင်ပြရန်။

(ဃ) အစစ်ဆေးခံဘဏ်၏ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်းနှင့်စာရင်းစစ်များ သည် ပုဒ်မ ၉၁ အရ သတ်မှတ်ချက်များကို လိုက်နာရန်နှင့်လိုအပ် ချက်များကို ဆောင်ရွက်ပေးရမည်။

(င) ဗဟိုဘဏ်သည် ဘဏ်တစ်ခုက လက်ရှိကာလတွင်ဖြစ်စေ၊ အနာဂတ် တွင်ဖြစ်စေ ငွေအပ်နှံသူများအား ထိခိုက်နစ်နာစေမည့် နည်းလမ်း တစ်ခုခုဖြင့် လုပ်ငန်းဆောင်ရွက်နေခြင်း ရှိ မရှိ ဆုံးဖြတ်ရန် လိုအပ် သည့်အခါ ဘဏ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်ရရှိရန် သက်ဆိုင်ရာပုဂ္ဂိုလ် တစ်ဦးဦးကို အကြောင်းကြားစာ ပေးပို့တောင်းဆို နိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ ဗဟိုဘဏ်သို့ တင်ပြပေးရန် တောင်းဆိုခြင်းခံရသူသည် တရားရုံးအမိန့်ဖြင့် ထိုသို့တင်ပြပေးခြင်းမပြုရန် တားမြစ်ထားခြင်း မရှိလျှင် ဗဟိုဘဏ်ကတောင်းဆိုသည့်အတိုင်း တင်ပြရမည်။

(ဆ) အစစ်ဆေးခံ ဘဏ်၏လုပ်ငန်းဆောင်ရွက်ချက် အခြေအနေမှန်ကို သိရှိရန်အလို့ငှာ ဗဟိုဘဏ်သည် ပုဒ်မ ၉၁ အရ စစ်ဆေးမေးမြန်းမှု အတွက် ၎င်းအဖွဲ့အစည်းနှင့် ဆက်နွှယ် ဆက်စပ်လျက်ရှိသည့် အောက်ပါကုမ္ပဏီတစ်ခုခု၏ လုပ်ငန်းကိုလည်း စစ်ဆေးနိုင်သည်-

(၁) အစစ်ဆေးခံရသော ဘဏ်၏ ဦးပိုင်ကုမ္ပဏီ သို့မဟုတ် လက်အောက်ခံ ကုမ္ပဏီ၊

(၂) အစစ်ဆေးခံရသော ဘဏ်၏ ဦးပိုင်ကုမ္ပဏီ၏ လက်အောက် ခံကုမ္ပဏီ၊

(၃) အစစ်ဆေးခံ ဘဏ်၏ တွဲဖက်ကုမ္ပဏီ။

(ဇ) မည်သူမဆို ပုဒ်မ ၉၁ ပါလိုအပ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဗဟိုဘဏ်က ပုဒ်မ ၉၁ အရ ဆောင်ရွက်ရန် ပေးအပ်သော လိုအပ်ချက်တစ်ရပ်ရပ်ကို ဖြစ်စေ ပျက်ကွက်ခြင်းမရှိစေဘဲ လိုက်နာရမည်။

နိုင်ငံခြားဘဏ်များက စစ်ဆေးခြင်း

၉၂။ (က) နိုင်ငံခြားဘဏ်သည် ဗဟိုဘဏ်၏ အတည်ပြုချက်ရယူပြီးနောက် ဗဟိုဘဏ်က သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ နိုင်ငံ တော်၌ တည်ထောင်သော ၎င်း၏ ကုမ္ပဏီရုံးခွဲနှင့် ဘဏ်ရုံးခွဲကို စစ်ဆေးနိုင်သည်။

(ခ) သက်ဆိုင်ရာ နိုင်ငံခြားဘဏ်သည် ပုဒ်မခွဲ (က) အရ စစ်ဆေးမှုပြုလုပ် ပြီး စစ်ဆေးချက် အစီရင်ခံစာ မိတ္တူကို ဗဟိုဘဏ်သို့ တင်ပြရမည်။

အခန်း (၁၃)

ဘဏ်များ ပြန်လည်တည့်မတ်အောင်ပြုလုပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

ဘဏ်များလိုက်နာရန်နှင့်စပ်လျဉ်းသည့် ဗဟိုဘဏ်၏လုပ်ငန်းတာဝန်

၉၃။ ဘဏ်များအားလုံး လိုက်နာရမည့်သတ်မှတ်ထားသောမူများ၊ စံသတ်မှတ်ချက် များ၊ နည်းဥပဒေများနှင့် ဤဥပဒေပါပြဋ္ဌာန်းချက်များကို သေချာစွာလိုက်နာဆောင် ရွက်ရေးအတွက် စနစ်တကျ ကြီးကြပ်ထိန်းကျောင်းရန်မှာ ဗဟိုဘဏ်၏ တာဝန်ရှိမှု နှင့်တာဝန်ဝတ္တရားများ ဖြစ်သည်။

ဘဏ်များပြန်လည်တည့်မတ်အောင် အရေးယူဆောင်ရွက်ခြင်း

၉၄။ (က) အောက်ပါအခြေအနေများတွင် ဗဟိုဘဏ်သည် တည့်မတ်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်-

(၁) ဗဟိုဘဏ်သို့ ဘဏ်ကကြွေးမြီများ ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိကြောင်း သို့မဟုတ် ၎င်း၏ပေးရန်တာဝန်များကို ဖြည့် ဆည်းဆောင်ရွက်နိုင်စွမ်းမရှိတော့ကြောင်း သို့မဟုတ် ပေးဆပ်ရန် တာဝန်များအနက်မှ ကြီးမားသော အတိုင်း အတာကို ပြန်လည်ပေးဆပ်နိုင်စွမ်း မရှိတော့ကြောင်း သို့မဟုတ် ငွေပေးချေမှုကို အတိုင်းအတာ တစ်ခုအထိ ဆိုင်းငံ့မည်ဖြစ်ကြောင်းအကြောင်းကြားခြင်း၊

(၂) ပုဒ်မ ၉၁ အရ ကြီးကြပ်စစ်ဆေးပြီးနောက်ဖြစ်စေ၊ အခြား နည်း အရဖြစ်စေ ဗဟိုဘဏ်သည် ဘဏ်တွင် အောက်ပါ အခြေအနေတစ် ရပ်ရပ်ဖြစ်ပေါ်နေကြောင်း တွေ့ရှိသည့် အခါ သတိပေးအကြောင်း ကြားစာပေးပို့မည်-

(ကက) ၎င်း၏ လုပ်ငန်းများလုပ်ဆောင်ရာတွင် ငွေအပ်နှံ သူများ၊ မြီရှင်များ သို့မဟုတ် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ပြုလုပ် ကြောင်း၊

(ခခ) ငွေရေးကြေးရေး ပေးရန်တာဝန်များကို ပေးဆပ်ရန် အချိန်စေ့ရောက်သော်လည်း ပေးချေမှုမပြုကြောင်း၊

(ဂဂ) ပေးရန်တာဝန် အားလုံးကိုဖြစ်စေ၊ ကြီးမားသော အတိုင်းအတာတစ်ခု အထိဖြစ်စေ ပေးချေမှုမပြုနိုင် ကြောင်း သို့မဟုတ် ငွေပေးချေမှုကို အတိုင်းအတာ တစ်ခုအထိ ဆိုင်းငံ့မည်ဖြစ်ကြောင်း၊

(ဃဃ) တရားစွဲဆိုခံရခြင်းမရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လိုင်စင်ပါ စည်း ကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အခြား တည်ဆဲ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း၊

(ငင) လိုင်စင်လျှောက်ထားရာတွင် မမှန်ကန်သော အကြောင်းပြချက် သို့မဟုတ် လိမ်လည်ထိမ်ချန်သော ဖော်ပြချက်ဖြင့် လိုင်စင်လျှောက် ထားရရှိခဲ့ကြောင်း၊

(စစ) ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဘဏ်၏အကျိုးစီးပွားကို ဖြစ်စေ၊ ငွေအပ်နှံသူများ၏ အကျိုးစီးပွားကိုဖြစ်စေ ထိခိုက်နစ်နာစေရန် ဆောင်ရွက်ကြောင်း၊

(ဆဆ) ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဘဏ်၏ လုပ်ငန်းနှင့် စာအုပ်များ သို့မဟုတ် မှတ်တမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအားလုံး သို့မဟုတ် အရေးပါသောအစိတ်အပိုင်းများကို နိုင်ငံတော် ပြင်ပသို့ ထုတ်ဆောင်သွားသဖြင့် ဘဏ်သည် ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးမှုအား နှောင့်နှေး ကြန့်ကြာမှု ဖြစ်စေကြောင်း၊

(ဇဇ) ဗဟိုဘဏ်က ပေးပို့သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း၊

(ဈဈ) ဗဟိုဘဏ်က သတ်မှတ်သည့် စံသတ်မှတ်ချက်များ ဖြစ်သည့် ရရန်ပိုင်ခွင့် အရည်အသွေး စီမံခန့်ခွဲမှု၊ ဝင်ငွေရရှိမှု၊ ငွေကြေးလွယ်ကူမှု သို့မဟုတ် ဈေးကွက် ဆုံးရှုံးနိုင်ခြေအပေါ် ခံနိုင်ရည်ရှိမှုစသည်တို့ကို ပြည့်မီအောင် လိုက်နာရန် ပျက်ကွက်ကြောင်း၊

(ညည) ဤဥပဒေပါ သို့မဟုတ် ဗဟိုဘဏ်၏ စည်းမျဉ်း တစ်ရပ်ရပ်ပါ မတည်ရင်းနှီးငွေ လိုအပ်ချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ပျက်ကွက် မည့် အခြေအနေဖြစ်ပေါ်နေကြောင်း၊

(ဋဋ) ဘဏ်လုပ်ငန်းစနစ် တစ်ရပ်လုံး၏ သို့မဟုတ် တစ်စိတ်တစ်ပိုင်းရှိ ငွေအပ်နှံသူများအတွက် ဆုံးရှုံး နိုင်ခြေရှိသည့် လုပ်ငန်းများနှင့် လုပ်ထုံး လုပ်နည်း များ ဆောင်ရွက်လျက်ရှိကြောင်း၊

(ဌဌ) ဘဏ်သည် ကြွေးမြီပေးဆပ်နိုင်စွမ်းမရှိခြင်းနှင့် ၎င်း၏စုစုပေါင်းရရန် ပိုင်ခွင့်တန်ဖိုးသည် စုစုပေါင်း ပေးရန် တာဝန်ထက်လျော့နည်းနေကြောင်း၊

(ဍဍ) မြီစားများအတွက် ကြွေးမြီသက်သာခွင့်ပြုသည့် လူမွဲစာရင်းခံယူခြင်းဆိုင်ရာ အက်ဥပဒေအရဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ လုံခြုံရေးအရ အပ်နှံ ခံရသူ၊ ပစ္စည်းထိန်းအရာရှိ သို့မဟုတ် စာရင်း ရှင်းလင်းဖျက်သိမ်းရေး အရာရှိက အဆိုပါသက်သာ ခွင့်တောင်းဆိုသည့်အမှုများနှင့် ရင်ဆိုင်နေရ ကြောင်း၊

(ဆက်လက်ဖော်ပြပါမည်။)

ဘက်စုံဖွံ့ဖြိုးမှုကိုအခြေခံသော ပညာရေးစနစ်ဖြစ်စေမည့် KG (သူငယ်တန်း)ဗဟိုအဆင့် နည်းပြသင်တန်းဖွင့်ပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၃၁

ဘက်စုံဖွံ့ဖြိုးမှုကို အခြေခံသောပညာရေးဖြစ်စေရန် ပြုစုထားသည့် KG (သူငယ်တန်း)ကို သင်ရိုးသစ်ဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ KG (သူငယ်တန်း) ဆရာ ဆရာမများ လေ့ကျင့်သင်တန်းပေးရေး ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အဓိကကျပြီး နိုင်ငံ၏ အုတ်မြစ်ဖြစ်သကဲ့သို့ ကောင်းမွန်သောပညာရေးရရှိရေးအတွက် နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပြီး KG (သူငယ်တန်း)သည် မူလတန်းအဆင့်သာမက မြန်မာနိုင်ငံပညာရေးစနစ်၏ အခြေခံကောင်းများဖြစ်သဖြင့် အစွမ်းကုန်ဆောင်ရွက်ပေးကြရန် အခမ်းအနားသို့ တက်ရောက်လာသော တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က တိုက်တွန်းပြောကြားခဲ့သည်။

အသက် ငါးနှစ်ပြည့်ပြီးကလေးများကို အရွယ်နှင့်လျော်ညီသော ဘက်စုံဖွံ့ဖြိုးမှုများ ပြုလုပ်ပေးသောပညာရေးကို သူငယ်တန်းပညာရေးဟုအဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဘက်စုံဖွံ့ဖြိုးမှုပေးနိုင်သော နည်းလမ်းများဖြင့်ပြုစုထားသော KG (သူငယ်တန်း) သင်ရိုးသစ်ဖြစ်ပြီး စာမေးပွဲစနစ်မရှိဘဲ ကလေးများ နေ့စဉ်ပါဝင်လုပ်ဆောင်မှုနှင့် စိတ်ဝင်တစားသင်ယူမှုတို့ကိုကြည့်၍ လိုအပ်ချက်များကို ကူညီထောက်ပံ့ပေးသွားမည့်စနစ်မျိုးဖြစ်ကာ ဆရာနှင့် ကလေးများ အတူတကွ ဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း သူငယ်တန်း သင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီအဖွဲ့မှ အတွင်းရေးမှူး ဒေါ်ဝင်းဝင်းအောင်က ပြောကြားသည်။

"သာမန်ကျောင်းဖွင့်ချိန်အတိုင်းဖြစ်ပြီး ဖွံ့ဖြိုးမှုလုပ်ငန်းလုပ်ဆောင်ချိန် ၄ နာရီ သတ်မှတ်ထားပါတယ်။ ဗျည်းအက္ခရာ ၃၃ လုံးအနက် ရှစ်လုံးကို ဖယ်ထုတ်တဲ့ကိစ္စဟာ နားလည်မှုလွဲတာဖြစ်ပါတယ်။ ဒီ KG သင်ရိုးအစပြုဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၈ ခုကို ကိုယ်စားပြုထားတဲ့ မြို့ကြီး ၁၀ မြို့မှာ အသိပေးဆွေးနွေးပွဲတွေ ပြုလုပ်ရှင်းလင်းခဲ့ပြီ ဖြစ်ပါတယ်။ KG

(သူငယ်တန်း)သင်ရိုးသစ်မှာ ဗျည်း ၃၃ လုံးရဲ့ အသံနဲ့အမည်ကို အရင်သင်ကြားပေးမယ်။ ကလေးတွေ ကူးရေးတဲ့အခါ ခက်ခဲမယ့် ဗျည်း ရှစ်လုံးကို ခေတ္တချန်ထားကာ စာသင်နှစ်နောက်ဆုံးသုံးလဖြစ်တဲ့ နိုဝင်ဘာ၊ ဒီဇင်ဘာနဲ့ ဇန်နဝါရီလတွေမှာတော့ နောက်အတန်းကို ကူးပြောင်းဖို့အတွက် လေ့ကျင့်တဲ့အနေနဲ့ ကူးရေးနည်းတွေကို သင်ကြားပေးမှာဖြစ်ပြီး သင်ရိုးညွှန်းတမ်းအတိုင်းဆက်လက်သင်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အများမြင်နေသလို ဗျည်း ၃၃ လုံးကို ဖျက်လိုက်တာမဟုတ်ပါဘူး"ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

ယခု သင်ရိုးသစ်ကို ၂၀၁၃ ခုနှစ်မှ စတင်ရေးဆွဲရန် စီစဉ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့၊ မြန်မာစာအဖွဲ့ဦးစီးဌာနနှင့် ပြည်တွင်းပညာရှင်များ ချိတ်ဆက်ရေးဆွဲထားခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံ တက္ကသိုလ်သင်ရိုးညွှန်းတမ်းပညာရှင်၏ တည်းဖြတ်အကြံပြုချက်များဖြင့် ပြုစုရေးဆွဲထားခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

အဆိုပါ ဗဟိုအဆင့်နည်းပြသင်တန်းသို့ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမပေါင်း ၅၀၀ တက်ရောက်ခဲ့ပြီး သူငယ်တန်းသင်ရိုးညွှန်းတမ်းပြုစုရေးအဖွဲ့ ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အခြေခံပညာဦးစီးဌာန မိတ်ဖက်အဖွဲ့အစည်းများပါဝင်သော နည်းပြပေါင်း၆၇ ဦးနှင့် သင်တန်းကြီးကြပ်သူ ၁၀ ဦးတို့က ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ မန္တလေးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းတို့၌ လေ့ကျင့်သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

အိမ်ရှင်မများအတွက် အသင့်ချက်စားသုံးရန်ရောင်းချမှုများ ပိုမိုတွင်ကျယ်လာ

ရန်ကုန် ဇန်နဝါရီ ၃၁

ယနေ့ခေတ်သည် အိမ်ရှင်မများ စျေး(ဟင်းလျာ)ဝယ်ခြမ်းရာ၌ ခေတ်ကာလနှင့်အညီ အလွန်လွယ်ကူပိုမိုအဆင်ပြေသော ရောင်းချမှုစနစ်ကို တွေ့မြင်လာရသည်။

စာရေးသူတို့ငယ်ငယ် မိခင်(အိမ်ရှင်မများ) စျေး(ဟင်းလျာ) ဝယ်ယူရာ၌ ကြက်ဆိုလျှင် အကောင်လိုက် သို့မဟုတ် အနည်းဆုံးတစ်ခြမ်း ဝယ်ယူကြရသည်။ ငါးဆိုလျှင်လည်း အကောင်လိုက် ဝယ်ခြမ်းကြပြီး အိမ်ကျမှ ခုတ်ထစ်ကြရသည်။

ယနေ့ကာလ အိမ်ရောက်လျှင် ရေဆေးအဆင်သင့် ချက်ရုံမျှသာ ဖြစ်သည်။ အိမ်ရှင်မများအတွက် အချိန်ကုန်လူသက်သာ လွယ်ကူသော စျေး(ဟင်းလျာ) ဝယ်ယူမှုစနစ်ဖြစ်သည်။

ထိုထက်ပို၍ အဆင်ပြေလာသည်မှာ ဗမာလူမျိုးသည် ငါးပိရည်ကို အလွန်ကြိုက်သော လူမျိုးဖြစ်သည်။ ထမင်းဝိုင်းတွင် အဓိကဟင်းလျာမည်မျှပင် ကောင်းစေကာမူ ငါးပိရည်တို့စရာ ကောင်းကောင်းပါလျှင်ထမင်းစားပို၍မြိန်တတ်ကြသည်။

ယခင်က ငါးပိ ကောင်းကောင်း ဝယ်၍ အိမ်တွင်ဒန်အိုး သို့မဟုတ် မြေအိုးလေးများဖြင့် ကျိုတတ်ကြသည်။ ရှေးလူကြီးများက ငါးပိရည် ကျိုရာ၌ ဒန်အိုးနှင့်ကျိုခြင်းထက် မြေအိုးဖြင့်ကျိုခြင်းက သဘာဝ အရသာမပျက်စား၍ ပိုကောင်းကြောင်း ပြောပြသည်။

ယခုအခါ ငါးပိရည်ဆိုလျှင် ကျိုပြီးသားအသင့်ဝယ်၍ ရလာပြီဖြစ်သည်။ ကျပ် ၁၀၀ ဖိုးဆိုလျှင် မိသားစုအားလုံး ဝိုင်းစားနိုင်သည်။ ထိုကျပ် ၁၀၀ ဖိုးတွင် ငရုတ်သီးမှုန့် အသင့်ပါပြီး ဖြစ်သည်။ အချို့သော ရောင်းသူများက ငရုတ်သီးမှုန့်အပြင် ငရုတ်သီးစိမ်း မီးဖုတ်ထောင်း၍ ထည့်ပေးတတ်ကြသည်။

ထို့အပြင် ငါးပိရည်နှင့်တွဲဖက်၍ တို့စရာအဖြစ် ပဲစောင်းခါးသီး၊ ဗူးသီးစိတ်၊ ခရမ်းသီး(သီးကင်း) ရုံးပတီသီး၊ မှိုစ်၊ ဘူးညွန့်အရွက်စုံ စသည်တို့ပါပြုတ်ပြီးသား အသင့်ဝယ်ယူနိုင်သည်။ **(အောက်ပုံ)** ငါးပိရည်ကျပ် ၁၀၀ ဖိုးနှင့် တို့စရာအစုံ ကျပ် ၁၀၀ ဖိုးဆိုလျှင် မိသားစုတစ်စု အတွက် စားနိုင်သော အနေအထားဖြစ်သည်။ ဝယ်ရသည့် ငွေကြေးလည်းသက်သာ လှော့ပစ်ရန်အပိုအလျှံလည်း မဖြစ်သည့်အတွက် တွက်ခြေကိုက်ကြသည်။

တစ်နေ့က ကြည့်မြင်တိုင် ထီးတန်းစျေးကြီးအတွင်း လိုအပ်သောပစ္စည်းလေးများ ရှာဖွေရာမှ အရန်သင့်စားဖွယ် အမည်သစ်တစ်ခုကို ထပ်မံတွေ့ရှိလိုက်ရသည်။ မီးသွေး မီးဖိုဖြင့် ခရမ်းသီးအလုံးကြီးများကို ဖုတ်၍ ရောင်းချနေခြင်းဖြစ်သည်။ အိမ်ရှင်မများအတွက် မိမိအိမ်တွင်ဖုတ်(ကင်)ရန် ခက်ခဲနေသော ကိစ္စတစ်ရပ်ကို အသင့်စားနိုင်ရန်အတွက် စီစဉ်ရောင်းချမှုတစ်ခုဖြစ်သည်။ အိမ်ရောက်လျှင် မြေပဲ၊ နှမ်း၊ ကြက်သွန်စိမ်းနှင့်ဆီထည့်၍ အလွယ်တကူ သုပ်စားနိုင်သောအနေအထားဖြစ်သည်။

ယနေ့ခေတ်အိမ်ရှင်မများသည် ခေတ်နှင့်အညီ တိုးတက်များပြားလာသော တာဝန်ကိစ္စရပ်များအကြားမှ မိမိအိမ်ထောင်မိသားစုစားသောက်ရေးအတွက် အဓိကတာဝန်ယူနေကြသူများ ဖြစ်သည်။

ယခုကဲ့သို့ စျေးများအတွင်း အလွယ်တကူအသင့်ချက် စားသုံးရန် ဟင်းလျာများရောင်းချမှု ပိုမိုတွင်ကျယ်လာခြင်းအတွက် အချိန်ကုန် လူသက်သာကာ အဆင်ပြေမှုများ ပိုမိုရှိလာသည်ကို တွေ့ရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ကိုကြီးတင်

အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းနှင့် သက်ကြီးဘိုးဘွားကျန်းမာရေးစောင့်ရှောက်မှုစင်တာ ဖွင့်ပွဲကျင်းပ

ဖားကန့် ဇန်နဝါရီ ၃၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ သီရိမင်္ဂလာမဏိဇေယျံ ပရိယတ္တိစာသင်တိုက်အတွင်း၌ ကွန်းဖောင်ဒေးရှင်းမှ အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းနှင့် သက်ကြီးဘိုးဘွားကျန်းမာရေးစောင့်ရှောက်မှုစင်တာ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလတတိယပတ်က ဆေးခန်းရှေ့မုခ်ဦးတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဘဒ္ဒန္တဝါယမ မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ ဗိုလ်မှူးကြီးသန်းဦး (အမှတ်(၇) ကွပ်ကဲရေးတပ်)၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရဲဝင်း၊ အလှူရှင်ဦးမောင်ကွန်း၊ ဒေါ်ညိုညိုဝင်း (မိသားစု)(ကွန်းဖောင်ဒေးရှင်း)တို့က ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဆေးခမ်းဖွင့်ပွဲအခမ်းအနားကျောက်စာကို အလှူရှင်များနှင့် တာဝန်ရှိသူများက နံ့သာရည်များပက်ဖျန်း၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **စိုးနိုင်ဦး(ဖားကန့်)**

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

စလင်း ဇန်နဝါရီ ၃၁

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇီးဖြူပင် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီလစတုတ္ထပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် စလင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ထွန်းကအမှာစကားပြောကြားပြီး မြဗဟိုဆောက်လုပ်ရေးကုမ္ပဏီမှ ဦးသန်းဌေးအောင်က ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဇီးဖြူပင်ကျောင်းအုပ်ဆရာကြီး ဦးပေါ်ဦးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

အမှိုက်ပုံရှင်းလင်းပေးပါရန်

လှိုင်သာယာ(၅)ရပ်ကွက် မြရိပ်ညို(၅)လမ်းတွင်ရှိသော လူနေအိမ်ခြေများအတွင်း လာရောက်စွန့်ပစ်ထားသည့် အမှိုက်ပုံမှာ သက်ဆိုင်ရာက လာရောက်ရှင်းလင်းခြင်း မရှိပါသဖြင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်ခြင်း၊ မီးဘေးအန္တရာယ်စိုးရိမ်ရခြင်းများရှိနေပါသဖြင့် အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်နေပြည်သူများ**

ဆူညံသံများနှင့်ညှော်နံ့များကြောင့် ပတ်ဝန်းကျင်ထိခိုက်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် ကျီးပင်လမ်းထိပ်တွင် ဖွင့်လှစ်ထားသော ထမင်းနှင့်လက်ဖက်ရည်ရောင်းချသည့်ဆိုင်၏ ဆူညံသံများ၊ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ ကျောင်းသား ကျောင်းသူများ စာကျက်ရန် အခက်အခဲဖြစ်ရပြီး သက်ကြီးရွယ်အိုများနှင့် ကလေးလူငယ်များ ကြော်လှော်သည့် ညှော်နံ့များကို နေ့စဉ်ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ညှော်နံ့မခံနိုင်သောလမ်းသူလမ်းသားများ**

ကျူးကျော်နေအိမ်ကို အခွန်လွတ်သာသနာ့မြေပေါ်မှ ဖျက်သိမ်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ၁/က အခွန်လွတ်သာသနာ့မြေ ပရိယတ္တိတက္ကသိုလ် အောင်ဘောဂလမ်း ငမိုးရိပ်ဘုတာရုံရှေ့ မင်းကျောင်းစာသင်တိုက် ကျောင်းဝင်းအတွင်း အခွန်လွတ်သာသနာ့မြေပေါ်၌ ခြံခတ်ခြင်း၊ အိမ်သာဆောက်ခြင်း၊ အိမ်များဆောက်လုပ်ခြင်းများကို တရားမဝင် ကျူးကျော်ဆောက်လုပ်နေသည့်အတွက်ကြောင့် သက်ဆိုင်ရာများက ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

သာသနာ့မြေသန့်ရှင်းစေလိုသူ

ဝပ်ရှော့လုပ်ငန်း ဆက်လက်လုပ်ကိုင်နေ

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက် ပြည်သူ့ကွက်သစ်-၁ လမ်းရှိ ကားဝပ်ရှော့လုပ်ငန်းသည် နေ့ရောညပါ ကားပြင်ဆင်လုပ်ငန်း လုပ်ကိုင်နေသဖြင့် လမ်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခြင်း၊ တစ်ခါတစ်ရံ လာရောက်ပြင်ဆင်သည့်ကားများ မီးလောင်ခြင်းကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရခြင်းတို့အား သက်ဆိုင်ရာမှ လာရောက်စစ်ဆေးပြီးသော်လည်း အဆိုပါလုပ်ငန်း ဆက်လက်လုပ်ကိုင်နေခြင်းကို ဖယ်ရှားရှင်းလင်းပေးပါရန် ထပ်မံတင်ပြအပ်ပါသည်။

ပြည်သူတစ်ဦး

နည်းလမ်းကျသောကြိုတင်ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ဖြင့် လျှင်ဘေးအန္တရာယ်ကို ရင်ဆိုင်ကြပါစို့

ဆောင်းပါး - တက္ကသိုလ်ပွင့်သူအောင်

ပြီးခဲ့သည့် ဇန်နဝါရီလ ၁၂ ရက် ည ၉ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး လက်ခုပ်ကုန်းအနီး ရန်ကုန်မြစ်ဝကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့သည်။ ထို့နောက် အင်အား ၄ ဒသမ ၀၊ ၃ ဒသမ ၆ နှင့် ၂ ဒသမ ၈ ရှိ နောက်ဆက်တွဲငလျင်ငယ် သုံးကြိမ်ထပ်မံလှုပ်ခတ်သွားခဲ့သည်။

ထို့အတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက် ညနေ ၃ နာရီခန့်ကလည်း ရစ်ချ်တာစကေး ၅ ဒသမ ၄ အင်အားအသင့်အတင့်ရှိငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်နှင့် မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်းရှိ စေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ ပျက်စီးခဲ့သည်။ ယင်းငလျင်သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏ အနောက်မြောက်ဘက် ၃၅ မိုင်ခန့်ကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဗဟိုချက်နှင့်နီးသော ချင်းတွင်းမြစ်အနောက်ဘက် ယင်းမာပင်ခရိုင်ရှိ ကနီမြို့ပေါ်မှ ရွှေမြင်းဖြူအရန်စေတီတစ်ဆူ၊ ရှင်ပင်စစ်သားစေတီနှင့် အောင်သိဒ္ဓိစေတီတို့တွင် အက်ကြောင်းများဖြစ်ပေါ်ခြင်း၊ ထီးတော်ယိုင်ခြင်း၊ သီတာဦးစေတီမှာ စိန်ဖူးတော်နှင့်ထီးတော်များ မြေခခြင်း၊ မုံရွာခရိုင် ဘုတလင်မြို့နယ် မောင်းထောင်စံပြကျေးရွာ မာန်အောင်မြင်ဘုရားဝင်းအတွင်းရှိ မြောက်ဘက်စေတီမှာ ထီးတော်မြေခပြီး တောင်ဘက်စေတီမှာ စိန်ဖူးတော်မြေခခဲ့သကဲ့သို့ ကံဆုံဘုရားစေတီမှာ ထီးတော်တစ်ဝက်မှ ပြုတ်ကျခဲ့ခြင်းများဖြစ်ပွားခဲ့သည်။

အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကနီနှင့် ဘုတလင်မြို့နယ်များတွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ ရှိသော ငလျင်လှုပ်ခတ်ခဲ့ခြင်းသည် ပထမဆုံး အကြိမ်ဖြစ်သည်။ ယင်းငလျင်လှုပ်ခတ်ခဲ့မှုသည် စစ်ကိုင်းပြတ်ရွေ့ကြော (Sagaing Fault) နှင့် ဆက်စပ်နေခြင်းကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အဓိကကျနေသော ငလျင်ကြော (Earthquake Belt) နှစ်ခုအနက် တစ်ခုဖြစ်သည့် အယ်လပိုက် (Alpide)ကြောပေါ်တွင်တည်ရှိနေကာ ငလျင်ပြင်းထန်ဇုန်၌ ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မှတ်တမ်းများအရ နှစ်ပေါင်း ၁၇၅ နှစ်ကာလအတွင်း ငလျင်ပမာဏ (earthquake magnitude) M.7.0 နှင့်အထက် ၁၇ ကြိမ် အပါအဝင် ငလျင်များမကြာခဏ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်မှစ၍ မြန်မာနိုင်ငံ ငလျင်ဇုန်မြေပုံများကို ခေတ်အဆက်ဆက် ရေးဆွဲခဲ့ရာ ယင်းမြေပုံများအနက်မှ အသုံးများသည့် ငလျင်ဇုန်မြေပုံအရ "ပျက်စီးမှုဇုန်ကြီး" (Destructive Zone) နှစ်ဇုန်နှင့် ဇုန်ငယ်များရှိကြောင်း သိရသည်။ ဇုန်ကြီးနှစ်ဇုန်မှာ တောင်ဘက်မုတ္တမကွေ့မှ မြောက်ဘက်ပူတာအိုဒေသအထိ တောင်မြောက်သွယ်တန်းဖြစ်တည်နေသော "စစ်ကိုင်းပြတ်ရွေ့ဝန်းကျင်ဇုန်"နှင့် စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်ပိုင်းဇုန်တို့ပင် ဖြစ်သည်။ ယင်းတို့အနက်မှ စစ်ကိုင်းပြတ်ရွေ့ဝန်းကျင်ဇုန်၏ တောင်ဘက်ပိုင်းသည် မြန်မာနိုင်ငံတွင် ငလျင်ဘေးအန္တရာယ်အများဆုံးဖြစ်ပြီး ယင်းအပိုင်း၌ ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ သဲတော-ဝမ်းတွင်း၊ မန္တလေး၊ စစ်ကိုင်းစသော မြို့ကြီးများနှင့် မြို့လတ်များ ကျရောက်လျက်ရှိသည်။

အထူးသဖြင့် H.L Chhibber ၁၉၃၄ တွင် ရေးသားဖော်ပြခဲ့သည့် မြန်မာပြည်၏ ဘူမိဗေဒစာအုပ်တွင် ၁၈၃၉ ခုနှစ် မတ် ၂၃ ရက် နံနက် ၄ နာရီက ဖြစ်ပွားခဲ့သော အင်းဝငလျင်၊ ၁၈၄၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်နှင့် ၁၈၄၈ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဖြစ်ပွားခဲ့သည့် ကျောက်ဖြူငလျင်၊ ၁၈၅၅ ခုနှစ် စက်တင်ဘာ ၁၈ ရက်နှင့် အောက်တိုဘာ ၅ ရက်၌ ဖြစ်ပွားခဲ့သော အမရပူရငလျင်၊ ၁၈၅၈ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဖြစ်ပွားခဲ့သည့် ပြည်ငလျင်၊ ၁၈၆၈ ခုနှစ် ဇန်နဝါရီ ၆ ရက်နေ့၌ဖြစ်ပွားခဲ့သော မော်လမြိုင်ငလျင်၊ ၁၈၇၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် နံနက်စောစောတွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်၊ ၁၈၈၄ ခုနှစ် ဇူလိုင် ၂၃ ရက်၌ ဖြစ်ပွားခဲ့သော ရန်ကုန်ငလျင်၊ ၁၈၈၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်ကို ဗဟိုပြု၍ဖြစ်ပွားခဲ့သည့် ငလျင်စသည်တို့ကို ဖော်ပြထားသည်။

ယင်းငလျင်များအနက် အင်းဝငလျင်ကြီးသည် မြန်မာနိုင်ငံမြောက်ဖျား ဗန်းမော်မြို့မှ တောင်ဘက် ရန်ကုန်မြို့သာမက ထိုင်းနိုင်ငံအထိ လှုပ်ခတ်သွားခဲ့သည်။ ယင်းအင်းဝငလျင်ကြီးကြောင့် ဆောက်လုပ်တည်ထားဆဲဖြစ်သော မင်းကွန်းစေတီတော်အပါအဝင် စစ်ကိုင်းတောင်ရိုးရှိ ကျောင်းကန်ဘုရားများ၊ အမရပူရမြို့ပေါ်ရှိ ဘုရားစေတီများ ပြိုကျပျက်စီးခဲ့ရသည်။ အထူးသဖြင့် ယနေ့မျက်မှောက်ခေတ်တွင် မြင်တွေ့နေရသော မင်းကွန်းပုထိုးတော်ကြီးနှင့် တိမ်းစောင်းနေသည့် အင်းဝမျှော်စင်တို့သည် ၁၉ ရာစုနှစ် မြန်မာနိုင်ငံ၏ ငလျင်အပျက်အစီးအမှတ်အသား ဖြစ်ခဲ့သည်။

ထို့အပြင် ၁၉၁၇ ခုနှစ် ဇူလိုင် ၅ ရက် နံနက် ၅ နာရီခန့်တွင် ဖြစ်ပွားခဲ့သော ပဲခူးငလျင်၊ ၁၉၂၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် နံနက် ၂ နာရီ၌ ဖြစ်ပွားခဲ့သော ရန်ကုန်ငလျင်၊ ၁၉၂၉ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ရေတာရှည်မြို့နယ် ဆွာငလျင်၊ ၁၉၃၀ ပြည့်နှစ် မေ ၅ ရက် ည ၈ နာရီခန့်တွင် ထပ်မံဖြစ်ပွားခဲ့သော ပဲခူးငလျင်၊ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၄ ရက် နံနက် ၁ နာရီ မိနစ် ၃၀ ခန့်က ဖြစ်ပွားခဲ့သည့် ဖြူးငလျင်၊ ၁၉၃၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက် နံနက် ၂ နာရီ မိနစ် ၃၀ ခန့်တွင် ဖြစ်ပွားခဲ့သော ကာမိန်းငလျင်စသည့် ငလျင်ကြီးများအပြင် အလတ်စားငလျင်များစွာတို့သည် စစ်ကိုင်းပြတ်ရွေ့ကြောင်းတစ်လျှောက် ဖြစ်ပေါ်ခဲ့သည်။

ကနီမြို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် စေတီအား တွေ့ရစဉ်။
ဓာတ်ပုံ-သန်းဌေးအောင်(ကနီ)

၁၉၁၂ ခုနှစ် မေ ၂၃ ရက် ညနေ ၃ နာရီ၌ ဖြစ်ပွားခဲ့သော မေမြို့ (ပြင်ဦးလွင်) ငလျင်သည် ရှမ်းပြည်နယ်တစ်ခုလုံးသာမက မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြား ထိခိုက်ခံစားခဲ့ကြရပြီး ယင်းငလျင်သည် မြန်မာနိုင်ငံတွင် ငလျင်တိုင်းကိရိယာဖြင့် တိုင်းတာရရှိခဲ့သော ငလျင်များအနက် အင်အားအကြီးမားဆုံးငလျင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၁၉၁၇ ခုနှစ်၌ ဖြစ်ပွားခဲ့သော ပဲခူးငလျင်ကြောင့် ပဲခူးနှင့်ရန်ကုန်မြို့တို့တွင် အပျက်အစီးများပြားခဲ့ပြီး လူဦးရေ ၅၀၀ ခန့် အသက်ဆုံးရှုံးခဲ့သည့်အပြင် ပဲခူးရွှေမော်ဓောဘုရားကြီး ပြိုကျပျက်စီးခဲ့သည်။ ပဲခူးငလျင်ကြောင့် ပြိုကျခဲ့သော ရွှေမော်ဓောဘုရားကြီး၏ အပျက်အစီးအချို့အား ရွှေမော်ဓောဘုရားကြီး ရင်ပြင်ပေါ်၌ မူလပုံစံမပျက် မြင်တွေ့ရဆဲဖြစ်သည်။ ယင်းဖြစ်စဉ်များက ၂၀ ရာစုနှစ် အစောပိုင်းကာလ မြန်မာနိုင်ငံ၏ ငလျင်ဘေးအန္တရာယ်များ ဖြစ်ခဲ့သည်။

ပုဂံငလျင်မှာ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ၍ တုန်ခါခဲ့သောဧရိယာမှာ စတုရန်းမိုင်ပေါင်း ၂၀၀၀၀ ကျော် ကျယ်ပြန့်သဖြင့် ပုဂံ-ညောင်ဦးရှိ ရှေးဟောင်းစေတီဘုရားနှင့်အဆောက်အအုံများ ၉၀ ရာခိုင်နှုန်း ပျက်စီးခဲ့သည်သာမက ဧရာဝတီမြစ်ရေ စီးဆင်းမှုရပ်တံ့သွားပြီး မြစ်အတွင်း လှိုင်းလုံးကြီးများဖြစ်ပေါ်ခဲ့ခြင်း၊ မင်းဘူးရွှံ့မီးတောင် နှစ်ပေခန့်နိမ့်ခဲ့သဖြင့် ရွှံ့ချော်ရည်များကျလာခဲ့ခြင်း စသည်တို့ ဖြစ်ပွားခဲ့ . . .

ထို့နောက် ၁၉၅၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ဖြစ်ပွားခဲ့သော စစ်ကိုင်းငလျင်၊ ၁၉၅၂ ခုနှစ် မတ် ၁၂ ရက်နှင့် ၁၉၉၁ ခုနှစ် ဇန်နဝါရီ ၅ ရက်က ဖြစ်ပွားခဲ့သည့် တကောင်းငလျင်၊ ၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်က ဖြစ်ပွားခဲ့သော ပုဂံငလျင်တို့သည် ၂၀ ရာစုနှောင်းပိုင်းကာလ ငလျင်ကြီးများဖြစ်ခဲ့သည်။ ယင်းငလျင်ကြီးများအနက် စစ်ကိုင်းငလျင်မှာ ရစ်ချ်တာစကေး ၇ ခန့်ရှိကာ စစ်ကိုင်းတံတားကြီး နေရာရွေ့သွားခြင်း၊ စစ်ကိုင်းတောင်ရိုးမှ ဘုရားစေတီများပြိုကျပြီး လူအသေအပျောက်ရှိခဲ့ခြင်းတို့ ကြုံတွေ့ခဲ့ရသည်။

ပုဂံငလျင်မှာ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ၍ တုန်ခါခဲ့သော ဧရိယာမှာ စတုရန်းမိုင်ပေါင်း ၂၀၀၀၀ ကျော် ကျယ်ပြန့်သဖြင့် ပုဂံ-ညောင်ဦးရှိ ရှေးဟောင်းစေတီဘုရားနှင့် အဆောက်အအုံများ ၉၀ ရာခိုင်နှုန်း ပျက်စီးခဲ့သည်သာမက ဧရာဝတီမြစ်ရေ စီးဆင်းမှုရပ်တံ့သွားပြီး မြစ်အတွင်း လှိုင်းလုံးကြီးများဖြစ်ပေါ်ခဲ့ခြင်း၊ မင်းဘူးရွှံ့မီးတောင် နှစ်ပေခန့်နိမ့်ခဲ့သဖြင့် ရွှံ့ချော်ရည်များကျလာခဲ့ခြင်း စသည်တို့ ဖြစ်ပေါ်ခဲ့သည်။ မှတ်တမ်းများအရ ၁၉၃၀ ပြည့်နှစ် မေ ၅ ရက် ညပိုင်း၌ လှုပ်ခတ်ခဲ့သော ပဲခူးငလျင်သည် ပြင်းအားရစ်ချ်တာစကေး ၁၀ ရှိပြီး တုန်ခါသွားသောဧရိယာမှာ စတုရန်းမိုင်ပေါင်း ၂၂၀၀၀ ကျော်ရှိခဲ့သည်။ ထို့အတူ ၁၉၂၁ ခုနှစ် မေ ၂၃ ရက်တွင် လှုပ်ခတ်ခဲ့သည့် ပြင်ဦးလွင်ငလျင်သည် ပြင်းအားရစ်ချ်တာစကေး ၈ ရှိ၍ တုန်ခါသွားသည့် ဧရိယာမှာ စတုရန်းမိုင်ပေါင်း ၃၇၅၀၀၀ ရှိခဲ့သည်။

ထို့နောက် ၂၁ ရာစုနှစ် အစောပိုင်းကာလအတွင်း မြန်မာနိုင်ငံ၌ ငလျင်ကြီးသုံးကြိမ် လှုပ်ခတ်ခဲ့သည်။ ယင်းတို့မှာ ၂၀၀၃ ခုနှစ် စက်တင်ဘာလ၌ ဖြစ်ပေါ်ခဲ့သော တောင်တွင်းကြီးငလျင်၊ ၂၀၁၁ ခုနှစ် မတ် ၂၄ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် တာလေငလျင်နှင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်၌ ဖြစ်ပေါ်ခဲ့သော သပိတ်ကျင်းငလျင်တို့ပင် ဖြစ်သည်။ ယင်းငလျင်ကြီးများအနက် ၂၀၁၁ ခုနှစ် မတ် ၂၄ ရက်တွင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိသော တာလေငလျင်ကြောင့် အနီးဆုံး တာလေမြို့နယ်ခွဲနှင့် လွယ်ဘွေကျေးရွာတို့၌ လူဦးရေ ၃၀၀ ခန့် သေဆုံးခဲ့သည်သာမက လူပေါင်း ၃၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ကြပြီး နေအိမ်များ၊ စာသင်ကျောင်းများ၊ အဆောက်အအုံများစွာ ပျက်စီးသွားကာ တာလေငလျင်ကြီး၏အရှိန်ကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ထိုင်းနိုင်ငံမြောက်ပိုင်း၊ လာအိုနှင့် ယူနန်ပြည်နယ်များပါ ငလျင်ဒဏ်ခံခဲ့ကြရသည်။

အထူးသဖြင့် ရေမြေအနေအထားအရ အင်ဒို-ယူရေးရှန် မြေထုချပ်နှင့် ဘားမားမြေထုချပ်တစ်လျှောက်ရှိ မြေထုချပ်များထိုးထွက်ခြင်းနှင့် စိုက်ဝင်ခြင်းများကြောင့်သာမက လက်ရှိပြတ်ရွေ့များကြောင့် မြန်မာနိုင်ငံသည် ငလျင်ဖြစ်နိုင်ချေများသည်။ မြန်မာနိုင်ငံသည် မြေတွင်းလှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လျက်ရှိသော ကမ္ဘာ့ငလျင်ကြောကြီးနှစ်ခုအနက် တစ်ခုပေါ်တွင် တည်ရှိနေသည်။ အနောက်ဘက်ရှိ မြေထုချပ် (Plate) စိုက်ဝင်မှု (တိုက်မိခြင်းနှင့် စိုက်ဝင်ခြင်း)ကြောင့် မြန်မာနိုင်ငံသည် တောင်မြောက်ပြတ်ရွေ့အတိုင်း နှစ်ပိုင်းကွဲသွားသည်။ ဘေးတိုက်ရွေ့နေသော စစ်ကိုင်းပြတ်ရွေ့၏ အနောက်ဘက်ခြမ်းကို ဘားမား(မြန်မာ)မြေထုချပ်ဟုခေါ်ပြီး အရှေ့ဘက်ခြမ်းကို ဆန်ဒါမြေထုချပ် (Sunda Plate)ဟု ခေါ်ကြသည်။

စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံ၌ တောင်မြောက်သွားနေပြီး အသိသာအထင်ရှားဆုံးနှင့် အားကောင်းသော ပြတ်ရွေ့တစ်ခုဖြစ်သည်။ စစ်ကိုင်းပြတ်ရွေ့တစ်လျှောက် ၁၉၁၈ ခုနှစ်မှ စတင်ကာ သမိုင်းဝင်ငလျင်အချက်အလက်များအပေါ် အခြေခံ၍ လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်းတွင် မြောက်လတ္တီကျူ ၁၉ ဒသမ ၂ ဒီဂရီနှင့် ၂၁ ဒသမ ၅ ဒီဂရီကြား ပြတ်ရွေ့ပြတ်တောက်မှုတစ်ခုနှင့် အက်ဒမန်ပင်လယ်တောင်ဘက်၌ မြောက်လတ္တီကျူ ၁၆ ဒသမ ၆ ဒီဂရီအတွင်း ပြတ်တောက်မှုတစ်ခုရှိနေသည်။

၂၀၀၅ ခုနှစ်၌ ထုတ်ဝေထားသော ငလျင်အန္တရာယ်ဇုန်ပြမြေပုံ (Deterministic Seismic Hazard Zonation Map) တွင် မြန်မာနိုင်ငံကို ငလျင်ဇုန်ကြီးငါးခုဖြင့် ပိုင်းခြားဖော်ပြထားသည်။ ယင်းတို့မှာ ဇုန်-၁ (အားပျော့ဇုန်)၊ ဇုန်-၂ (အားသင့်တင့်ဇုန်)၊ ဇုန်-၃ (အားကောင်းဇုန်)၊ ဇုန်-၄ (အားပြင်းဇုန်)နှင့် ဇုန်-၅ (ပျက်စီးမှုများဇုန်)တို့ ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော ငလျင်အန္တရာယ်ဇုန်ပြမြေပုံ (Probabilistic Seismic Hazard Map)သည် ငလျင်ပြန်လည်ဖြစ်ပေါ်လာနိုင်သည့်ခုနှစ် (Return Period) အမျိုးမျိုးအတွက် ပို၍တိကျသော မြေပြင်လှုပ်ခတ်မှုအရှိန်များဖြင့် ဖော်ပြထားသည်။ ငလျင်ပညာရှင်များ၏ မကြာသေးခင်က လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ငလျင်ပြင်းအားပမာဏ ရစ်ချ်တာစကေး ၇ ဒသမ ၉ အထိရှိသော ငလျင်များဖြစ်လာနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ မြို့ပြရပ်ဝန်းများဖြစ်သော ပဲခူး၊ တောင်ငူနှင့် စစ်ကိုင်းမြို့များ အပါအဝင် နေရာဒေသများစွာသည် ငလျင်ဒဏ်မြင့်မား၍ ပျက်စီးမှုများသော ဇုန်အတွင်း ကျရောက်နေပြီဖြစ်သည်။

ထို့ကြောင့် လွန်ခဲ့သောနှစ်အနည်းငယ်ခန့်အတွင်းမှစ၍ မြန်မာနိုင်ငံငလျင်ကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့သည် ECHO (DIPECHO VIII AND IX) နှင့် Norwegian Ministry of Foreign Affairs တို့၏ ငွေကြေးထောက်ပံ့မှုဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး (RRD)နှင့် UN-Habitat တို့ ပူးပေါင်းကာ ပဲခူး၊ တောင်ငူ၊ စစ်ကိုင်းနှင့် ပြည်မြို့တို့တွင် ငလျင်အန္တရာယ်ကြိုတင်ဆန်းစစ်ချက်များ၊ ရန်ကုန်မြို့တွင် ငလျင်ဘေးအန္တရာယ် ဆန်းစစ်ချက်များအား ဆောင်ရွက်ခဲ့သည်။ ပထမဦးစွာ ပဲခူး၊ တောင်ငူနှင့် စစ်ကိုင်းမြို့သုံးမြို့တွင် လက်ရှိနှင့် နောင်အနာဂတ်တွင် ဖြစ်လာနိုင်သည့် ငလျင်အန္တရာယ်တို့အတွက် ကြိုတင်ပြင်ဆင်၍ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရန် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းပြတ်ရွေ့၏ အနောက်ဘက်တွင် ငလျင်လှုပ်ခတ်မှုကို တိုင်းတာနိုင်သော GPS နှစ်လုံး၊ စစ်ကိုင်းပြတ်ရွေ့၏ အရှေ့ဘက်၌

စာမျက်နှာ ၁၉ သို့

ရှေးဟောင်းပေါ်တော်မူဘုရား ပူဇော်ပူဇနိယပွဲတော် စည်ကားစွာကျင်းပလျက်ရှိ

ကျောက်ဆည် ဇန်နဝါရီ ၃၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သံချပ်ကုန်းကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်တော်မူမြတ်စွာဘုရားကြီး ပူဇော်ပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၈ မှ ဖေဖော်ဝါရီ ၁ ရက် (ပြာသိုလပြည့်ကျော် ၄ ရက်မှ ၈ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဘုရားပွဲကို သံချပ်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှစ်ရွာမှ ပြည်သူများ စုပေါင်း၍ နှစ်စဉ်ကျင်းပကြောင်း၊ ယခုနှစ်တွင် ငါးညတိုင်တိုင် တရားပွဲများနှင့် သံဃာတော်များအား လှူဒါန်းခြင်း၊ ရွာကိုးရွာမှပြည်သူများ စုပေါင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲများအပြင် ပျော်ပွဲရွှင်ပွဲများအဖြစ် ဇာတ်ပွဲများနှင့် အသင်း ၃၀ ပါ ဘောလုံးပြိုင်ပွဲ၊ နွားအလှနှင့် ဒုန်းစီးပြိုင်ပွဲ၊ မြင်းအလှနှင့် အပြေးပြိုင်ပွဲများလည်း ပါဝင်ကြောင်း သိရသည်။ **အောင်မင်း(စဉ့်ကိုင်)**

ဆောင်းသီးနှံသစ်အဖြစ် ဖရဲများစိုက်ပျိုးလာ

အင်းတော် ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်တိတ်ရတနာကုန်း ရိုးပြတ်လယ်ယာမြေကွက်များတွင် ယခင်နှစ်များက ဆောင်းသီးနှံအဖြစ် မြေပဲကိုသာ စိုက်ပျိုးကြရာမှ ယခုနှစ်တွင် သီးနှံသစ်အဖြစ် ကလေးဖရဲကြားများကို ဒေသခံတောင်သူများ စတင်စိုက်ပျိုးလာကြကြောင်း သိရသည်။

ဖရဲကြားများသည် စတင်စိုက်ပျိုးပြီး လေးလခန့်တွင် အသီးပေါ်ကာ ရောင်းချနိုင်ပြီး ဈေးကွက်လည်းကောင်းသဖြင့် တောင်သူများအနေဖြင့် မိုးရာသီ စပါးများရိတ်သိမ်းပြီးနောက်တွင် ဆောင်းသီးနှံအဖြစ် ဖရဲကြားများကို တစ်ပိုင်တစ်နိုင် စတင်စိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ မော်တိတ်ရတနာကုန်းကျေးရွာရှိ လယ်ယာမြေများနှင့် အင်းတော်-ဗန်းမောက် ကားလမ်းဘေးရှိ လယ်ယာမြေကွက်များတွင် ဖရဲကြားများ စိုက်ပျိုးနေကြသည်ကို မြင်တွေ့ရသည်။ **သန်းမောင်လေး**

ပုဂံခရီးစဉ် ဓာတ်ပုံပြိုင်ပွဲ ဆုများချီးမြှင့်

တောင်ကြီး ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓာတ်ပုံအသင်းက ဦးစီး၍ ပြိုင်ပွဲအမှတ်စဉ်(၁)အဖြစ် ကျင်းပခဲ့သည့် ပုဂံခရီးစဉ် ဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

ပုဂံခရီးစဉ် ဓာတ်ပုံပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ပြီး ဓာတ်ပုံဝါသနာရှင် ၁၅ ဦးက ပုဂံမြို့၏ ရှုခင်းအလှဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆုရွေးချယ်ပွဲတွင် ဓာတ်ပုံပညာရှင် ဦးဖရန်ကီထွန်းတင်(မန္တလေး)၊ ဦးကျော်ဇောလင်း(မန္တလေး)၊ ဦးကျော်ဝင်းလှိုင်(ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်)နှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဓာတ်ပုံအသင်းမှ ဆရာများက အမှတ်ပေးရွေးချယ်ခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယဆုများကို ဦးဝင်းလွင် (7Star)၊ ဦးခွန်ဆန်းဦး(နောင်တရား)နှင့် ဦးစံသိန်း(ပန်းရိုးမ)တို့က ရရှိခဲ့ကာ နှစ်သိမ့်ဆုများကို ဦးအောင်ဆန်း၊ ဒေါက်တာလှအောင်နှင့် စိုင်းနှောင့်တို့က ရရှိခဲ့သည်။

ကမ္ဘာပေါ်တွင် ထင်ရှားသော ပုဂံဒေသ သမိုင်းဝင်ဘုရားပုထိုးများ၏ မှတ်တမ်းများနှင့် ရှုခင်းအလှများကို ဖော်ကျူးလို၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ဓာတ်ပုံအသင်းအနေဖြင့် ပုဂံခရီးစဉ် ဓာတ်ပုံပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း (တောင်ကြီး)**

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ညှိနှိုင်းဆွေးနွေး

ကွမ်းခြံကုန်း ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် ဒေသခံပြည်သူများ သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက အခက်အခဲများ ကျော်လွှားနိုင်ရန်ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို ကွမ်းခြံကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဇန်နဝါရီ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲကို ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်း ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာနတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများ၏ သဘာဝဘေးအန္တရာယ်များအတွက် အရေးပေါ်အခြေအနေများတွင် လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီဝင်များ ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ၊ ကြက်ခြေနီနှင့် မီးသတ်ဦးစီးဌာနမှူးများ ၊ ပင်လယ်ကမ်းဘေးရှိ ကျေးရွာများဖြစ်သော လက်ခုပ်ကုန်းနှင့် ကညင်ကုန်းကျေးရွာအုပ်စုများမှ တာဝန်ရှိသူများ တတ်ရောက်ခဲ့ကြကြောင်း သိရသည်။ **စိန်တိုး (ကွမ်းခြံကုန်း)**

မျက်စိခွဲစိတ်လူနာများအား ထောက်ပံ့ငွေများပေးအပ်

တောင်ကြီး ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ပံ့ပိုးမှုဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ အခမဲ့ မျက်စိခွဲစိတ်ကုသပေးရာတွင် လာရောက်ကုသခံယူသော မျက်စိဝေဒနာရှင်များအား အလှူငွေနှင့် မျက်မှန်များကို ပြည်နယ်အစိုးရကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့်အဖွဲ့ ဇန်နဝါရီ ၂၈ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၊ အမျိုးသမီးနှင့် ကလေးဆေးရုံ၊ လွိုင်လင်ဆေးရုံများမှ အထူးကုဆရာဝန်ကြီးများပူးပေါင်း၍ ဇန်နဝါရီလဆန်းပိုင်းမှစပြီး မြို့နယ်များသို့ကွင်းဆင်းကာ မျက်စိလူနာများအား အခမဲ့ကုသပေးခဲ့ကာ အဆိုပါလူနာများက ခွဲစိတ်ကုသရန်လိုအပ်သည့် မျက်စိဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသမှု ခံယူနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ထောက်ပံ့မှုနှင့် တောင်တန်းလူငယ်(နမ့်စမ်)အဖွဲ့နှင့် ရာစုသစ်သွေးလှူရှင်နှင့် လူမှုကူညီရေးအသင်း တို့ပူးပေါင်း၍ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံသို့ပို့ဆောင်၍ ခွဲစိတ်ပေးခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၆ ရက်တွင် အတွင်းတိမ်လူနာ ၁၅ ဦးနှင့် ဇန်နဝါရီ ၂၈ ရက်တွင် ရှစ်ဦးကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသပြီးသော လူနာများအတွက် မျက်မှန်နှင့် ထောက်ပံ့ကြေးများကို လူမှုရေးဝန်ကြီးက ပြည်နယ်အစိုးရကိုယ်စား ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း၍ ခွဲစိတ်ကုသပေးခဲ့ရာတွင် ဖယ်ခုံမြို့နယ်နှင့် မိုးဗြဲမြို့နယ်များသို့ ဇန်နဝါရီ ၂ ရက်ကလည်းကောင်း၊ နမ့်စမ်မြို့နယ်သို့ ဇန်နဝါရီ ၉ ရက်ကလည်းကောင်း၊ ကာလိမြို့သို့ ဇန်နဝါရီ ၁၀ ရက်ကလည်းကောင်း သွားရောက်ကွင်းဆင်းကုသပေးခဲ့ပြီး စုစုပေါင်း လူနာ ၃၃၇၀ ကို အခမဲ့ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

နန်းဦးခမ်း(ဟိုပုံး)

ကလေးခိုးမှုသတင်းများ ကောလာဟလသာဖြစ်ကြောင်းရှင်းလင်း

မော်လမြိုင် ဇန်နဝါရီ ၃၁

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း ပေါ်ပေါက်လာသော ကလေးခိုးမှုသတင်းများ ကောလာဟလသာဖြစ်ကြောင်း ရှင်းလင်းပွဲကို မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ရွှေမြိုင်ခန်းမ၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းငွေက ကလေးခိုးမှုနှင့်ပတ်သက်ပြီး ပေါ်ထွက်လာသော သတင်းများမှာ ကောလာဟလသာဖြစ်ကြောင်း မြို့နေပြည်သူများ စိုးရိမ်ပူပန်မှုများဖြစ်ခဲ့ခြင်းနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ စုံစမ်းမေးမြန်းနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်က မော်လမြိုင်မြို့နယ်အတွင်း ကလေးခိုးမှုသတင်းများကို စတင်ကြားရချိန်မှစ၍ လူအများကြောက်လန့်ကာ စိုးရိမ်မှုများဖြစ်ပေါ်နေကြောင်း၊ မော်လမြိုင်မြို့နယ် အတွင်း၌ ကောလာဟလသာရှိပြီး ကလေးပျောက်တိုင်တန်းသူ မည်သူမျှမရှိ ကြောင်း၊ ဘယ်သူမှအမှုဖွင့်တိုင်တန်းခြင်း အမှန်တကယ်မရှိကြောင်း၊ ကလေးခိုးမှုသတင်းများမှာ တစ်ဆင့်စကားတစ်ဆင့်ကြားပြီး တိကျခိုင်မာမှုမရှိသည့် ကောလာဟလသတင်းများသာဖြစ်ကြောင်း၊ မော်လမြိုင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ မြို့ပေါ်ရှိ ၄၂ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် မီဒီယာများအား ရှင်းလင်းပြောကြားသည်။

ကလေးခိုးမှုသတင်းများကို မြို့နယ်အတွင်းကြားသိပါကလည်း သတင်းအမှန်သိရှိနိုင်ရန်အတွက် စုံစမ်းနိုင်ကြောင်း အချိန်မီတားဆီးနိုင်ရေးနှင့် အချိန်မီဖမ်းဆီးနိုင်ရေးအတွက် ရဲတပ်ဖွဲ့သို့ ဆက်သွယ်သတင်းပေးနိုင်သော ဖုန်းနံပါတ်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မုဒုံမောင်မောင်**

စာမျက်နှာ ၁၈ မှအဆက်

GPS နှစ်လုံး၊ ပဲခူးနှင့် ကျိုက်ထီးရိုးအနီးတစ်ဝိုက်တွင် အရှေ့ဘက်၌ GPS နှစ်လုံး၊ အနောက်ဘက်တွင် GPS နှစ်လုံး စုစုပေါင်း GPS ရှစ်လုံး တပ်ဆင်ထားပြီးဖြစ်သည်။ ယင်းကဲ့သို့ ငလျင်ကို ကြိုတင်ခန့်မှန်းနိုင်သောခေတ်မီကိရိယာ GPSကို တပ်ဆင်အသုံးပြုထားသဖြင့် ငလျင်လှုပ်နိုင်ခြေကို ခန့်မှန်းနိုင်ရုံမက ငလျင်လှုပ်မှုကြောင့် မြေတွင်းပြတ်ရွေ့ကွာဟမှုကို ဖော်ထုတ်နိုင်မည်ဖြစ်သည့်အပြင် ငလျင်လှိုင်းဖြန့်ကျက်သွားပုံနှင့် ငလျင်တုန်ခါမှု အတိုင်းအတာကိုပါ တွက်ချက်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် ငလျင်နှင့်ပတ်သက်၍ ပြည်သူအသိပညာပေးလုပ်ငန်းများ မြှင့်တင်သွားရန် လိုအပ်နေပြီဖြစ်သည်။ ငလျင်ဆိုသည်မှာ မြေမျက်နှာပြင်အောက်ရှိ ကျောက်များ ရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာသော မြေသားရုတ်တရက်လျင်မြန်စွာ တုန်ခါမှုပင်ဖြစ်သည်။ ထို့ကြောင့် ငလျင်ဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်ရန် နည်းလမ်းကျသော ကြိုတင်ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို ကြိုတင်သိထားရမည်ဖြစ်သည်။

မိသားစုအားလုံးသည် ငလျင်ဖြစ်ပွားစဉ် မည်သို့လုပ်ဆောင်ရမည်ကို သိရှိထားရမည်ဖြစ်သည်။ အခန်းတိုင်းတွင် လုံခြုံသောနေရာကို သိထားရမည်။ (ခိုင်ခံ့သော စားပွဲခုံအောက်၊ အတွင်းနံရံ သို့မဟုတ် တိုင်နှင့်ကပ်လျက်နေရာ၊ တံခါးပေါင်အောက်စသည်ဖြင့် ကြိုတင်လေ့လာရွေးချယ်ထားရမည်)။ ယင်းသို့ လုံခြုံသောနေရာသို့ဝင်ရန်၊ အကာအကွယ်ယူရန်၊ ဆွဲကိုင်ထားရန် လေ့ကျင့်ထားရမည်။ ဥပမာ -စားပွဲခုံအောက်သို့ အမြန်ဝင်ခြင်း၊ စားပွဲခြေထောက်တိုင်များကို ဆွဲကိုင်ထားခြင်း၊ မျက်လုံးများဘေးကင်းစေရန် မျက်နှာကို မိမိ၏လက်မောင်းနှင့်ကပ်ထားခြင်း စသည်တို့ဖြစ်သည်။

လေ့ကျင့်ခြင်းဖြင့် အရေးပေါ်အခြေအနေတွင် ယင်းအပြုအမူတို့ကို အလိုအလျောက်လုပ်ဖြစ်စေသည်။ လူအများစုသည် အရေးကြုံသောအခါ ကြောင်သွားပြီး မည်သို့လုပ်ရမည်ကို မေ့နေတတ်သည်။ အလျင်အမြန် အလိုအလျောက် တုံ့ပြန်ခြင်းဖြင့် ထိခိုက်မှုမှ ကာကွယ်ပေးနိုင်သည်။ ထို့အပြင် အန္တရာယ်ရှိသောနေရာများကို သိထားရမည်။ ဥပမာ-ပြတင်းပေါက်များ၊ မှန်များ၊ တွဲလောင်းချိတ်ထားသောပစ္စည်းများ၊ မြင့်သော၊ ယိုင်လဲနိုင်သော ပရိဘောဂများ၊ ပစ္စည်းများစွာ တင်ထားသောစင်များ စသည်တို့အနီးတွင် အန္တရာယ်ရှိသည်။ အိမ်ပြင်တွင်ရှိလျှင် လုံခြုံစိတ်ချရသော နေရာများကို သိထားရသည်။ ဥပမာ-အဆောက်အအုံ၊ တံတားများ၊ သစ်ပင်များ၊ တယ်လီဖုန်းနှင့် လျှပ်စစ်ဓာတ်တိုင်များ၊ ဓာတ်ကြိုးတန်းများ၊ ခုံးကျော်တံတားများမှ ဝေးသော ကွက်လပ်၊ ကွင်းပြင်နေရာမျိုး။ ထို့အပြင် ထွက်ပြေးရန်လမ်းကြောင်းများ၊ အရန်ထွက်လမ်းများကို လေ့လာသတ်မှတ်ထားရမည်။

အရေးပေါ်အခြေအနေတွင် မိမိအိမ် သို့မဟုတ် အလုပ်လုပ်ရာမှ ထွက်ပြေးရန် အပေါက်များ၊ လမ်းကြောင်းများကို သိထားရမည်။ အိမ်နှင့်အဆောက်အအုံမှ ထွက်ပြေးရန် လေ့ကျင့်ရမည်။ စဉ်းစားထားသောထွက်ပေါက်သည် သေချာမှုရှိ မရှိ၊ ပိတ်ဆို့နေမှုများရှိ မရှိကို စစ်ဆေးထားရမည်။ ထို့အပြင် ရေ၊ ဓာတ်ငွေ့နှင့်လျှပ်စစ်မီးတို့ အရေးပေါ်ဖြတ်တောက်နိုင်မည့် နေရာများကို သိထားရမည်။ လျှပ်စစ်မိန်းခလုတ်ချခြင်း၊ ဓာတ်ငွေ့အိုး၊ ဓာတ်ငွေ့ပိုက်ပိတ်ခြင်းတို့ကို စမ်းသပ်လုပ်ကိုင်ထားရမည်။ ရှေးဦးသူနာပြုစုနည်းများကို လေ့လာထားရမည်။ အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရန်စနစ်များကို ရေးဆွဲစီစဉ်ထားရမည်။ ငလျင်လှုပ်ချိန်တွင် မိသားစုအတူမရှိပါက (ဥပမာ-မိဘများကအလုပ်ခွင်တွင် ကလေးများကကျောင်း၌ ရှိနေပါက) ဆက်သွယ်ရန်နည်းလမ်းများ စီစဉ်ထားရန်ဖြစ်သည်။

အထက်ဖော်ပြပါအချက်များသည် ငလျင်မလှုပ်မီ ဆောင်ရွက်ထားသင့်သော လုပ်ငန်းများဖြစ်သည်။ ထို့နောက် နေအိမ်ကို လုံခြုံသောနေရာဖြစ်အောင် ဆက်လက်ဆောင်ရွက်ရမည်။ နံရံတွင်ကပ်ထားသော လေးလံသည့် ဗီရို၊ သေတ္တာစသည့် ပရိဘောဂများကို ယိုင်လဲပြီး လူထိခိုက်မှုမဖြစ်စေရန် နံရံနှင့် တွဲကပ်ထားရမည်။ ကြီးမားလေးလံသောပစ္စည်းများနှင့် ကွဲတတ်သော ပစ္စည်းများကို အနိမ့်ပိုင်းတွင် ထားရှိခြင်းဖြင့် ပြုတ်ကျခြင်း၊ ထိခိုက်အန္တရာယ်ဖြစ်ခြင်းတို့မှ ကာကွယ်ထားရမည်။ လောင်ကျွမ်းတတ်သော အရည်အားလုံးကို အိမ်အပြင်ဝေးရာတွင် လုံခြုံစွာ စနစ်တကျထားသိုရမည်။ သို့မဟုတ်ပါက ငလျင်ကြောင့် မီးလောင်ခြင်း၊ ပေါက်ကွဲခြင်းများဖြစ်နိုင်သည်။ ပန်းချီကား၊ ကြည့်မှန်ကြီးများစသည့် လေးလံသောအရာအားလုံးကို အိပ်ရာ၊ ခုံတန်းရှည်စသည့် လူနေထိုင်ရာ လဲလျောင်းရာနေရာတို့နှင့် ဝေးရာတွင် ချိတ်ဆွဲထားရမည်။

ထို့အပြင် မီးလုံး၊ မီးဆိုင်းများကို ငလျင်လှုပ်လျှင် ပြုတ်မကျစေရန် သေချာစွာ တွဲချုပ်ထားရမည်။ တံခါးများပိတ်ထားခြင်း၊ တရုတ်ကပ်တံခါးများ ချထားခြင်းနှင့် ကန့်လန့်ကာများချထားခြင်းတို့ဖြင့် မှန်ကွဲများဝင်မလာအောင် ကာကွယ်ရမည်။ အိပ်ပျော်နေစဉ် ငလျင်လှုပ်နိုင်သဖြင့် အိပ်ရာအနီးရှိ မှန်ပြတင်းတံခါးများမှအန္တရာယ်ကို အထူးသတိထားရမည်။ အုတ်ညှပ်အဆောက်အအုံများတွင် ကျည်းပေါင်နှင့်သေချာတွဲမထားသော အုတ်နံရံများ၊ မြင့်မိုရ်ပိတ်များ ပြုတ်ကျနိုင်သဖြင့် ခိုင်ခံ့မှုရှိ မရှိ သေချာစွာ စစ်ဆေးပြုပြင်ထားရမည်။

ထို့အပြင် အရေးပေါ်လိုအပ်မည့် စားစရာနှင့် သောက်ရေ၊ ရှေးဦးသူနာပြုပစ္စည်းနှင့် အရေးပေါ်ဆေးများ၊ ဓာတ်မီးနှင့် ဓာတ်ခဲအပိုများ၊ ယင်းတို့ကို နေရာအချို့တွင် အစုံလိုက်ထားရန်၊ ခရီးဆောင် ရေဒီယိုနှင့် အရန်ဓာတ်ခဲများ၊ ရေဒီယိုသည် ငလျင်လှုပ်ပြီး မီးပြတ်သည့်အခါ သတင်းရရှိနိုင်သည့် အကောင်းဆုံးကိရိယာဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရမည်။

မည်သည့်သဘာဝဘေးမဆို ကြိုတင်ကာကွယ်နိုင်ခြင်းသည် ဘေးအန္တရာယ်မှ လျော့ပါးသက်သာအောင် ဆောင်ရွက်နိုင်ခြင်းဖြစ်၍ ငလျင်နှင့်ပတ်သက်၍ နည်းလမ်းကျသော ကြိုတင်ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ဖြင့် ငလျင်ဘေးအန္တရာယ်ကို ရင်ဆိုင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ချင်းတွင်းမြစ်ရေတိုက်စား၍ ကမ်းပြိုမှုမှကာကွယ်ရန် ကျောက်စီတမံဆောက်လုပ်

ကနီ ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် နတ်ကြီးကျေးရွာအုပ်စု ဝက်ချောင်းကလေးကျေးရွာ၌ ချင်းတွင်းမြစ်ရေ တိုက်စား၍ ကမ်းပြိုခြင်းမှ ကာကွယ်နိုင်ရန် အရှည်ပေ ၅၇၀ ရှိ သံခြင်းအခြေပြု ကျောက်စီတမံကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ချင်းတွင်းမြစ်ရေ စံချိန်တင်မြင့်တက်ခဲ့၍ ဝက်ချောင်းကလေးကျေးရွာ၌ ကမ်းပါးများ မြစ်ရေတိုက်စားမှုများ ဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်အချို့ ရွှေ့ပြောင်းခဲ့ရသည်။ ထို့ကြောင့် ကမ်းပြိုခြင်းမှ ကာကွယ်နိုင်ရန် ကျောက်စီတမံကို တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မတ်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သံခြင်းအခြေပြု ကျောက်စီတမံကို ၂၀၁၅ ဒီဇင်ဘာ ၂၅ ရက်က စတင်တည်ဆောက်ခဲ့ပါတယ်။ တမံအရှည်ပေ ၅၇၀ နဲ့ တမံပြင် လျှောဇောက် (စလုတ်)အရှည်ပေ ၄၀ ရှိပြီး သံခြင်းအခြေပြု ကျောက်စီတမံရှေ့မှာ ရေတိုက်စားခံ ထန်းလုံးတိုင် အကာအကွယ်တွေ စိုက်ထားပါတယ်။ ဒီတမံလုပ်ငန်းတွေကို ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေပြီး မတ်လနောက်ဆုံးပတ်မှာ အပြီးတည်ဆောက်သွားမှာ ဖြစ်ပါတယ်"ဟု ကျောက်စီတမံတည်ဆောက်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝက်ချောင်းကလေး ကျေးရွာ ကျောက်စီတမံ တည်ဆောက်ခြင်း လုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၅၇ ဒသမ ၁၂ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်လှစ်

စဥ့်ကိုင် ဇန်နဝါရီ ၃၁

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် မြို့သစ်ရပ်ကွက်၌ တည်ဆောက်ပြီးစီးခဲ့သော မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီလ စတုတ္ထပတ်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တရားရုံးအဆောက်အအုံသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးသစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ထွေးဦး၊ ကျောက်ဆည်ခရိုင်တရားသူကြီး ဒေါ်ခင်စိုးယုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က မြို့နယ်တရားရုံးအဆောက်အအုံသစ်တည်ဆောက်ခဲ့ပုံကို ရှင်းလင်းတင်ပြပြီး မြို့နယ်တရားသူကြီး ဦးညိုဌေးက အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို တည်ဆောက်ခဲ့သောကုမ္ပဏီထံမှ လွှဲပြောင်းလက်ခံသည်။

စဥ့်ကိုင်မြို့နယ်တရားရုံး အဆောက်အအုံသစ်ကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စတင်တည်ဆောက်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရရန်ပုံငွေမှ ကျပ် ၅၃၁ ဒသမ ၆၃ သန်း အကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလျား ၁၁၂ ပေ၊ အနံ ၇၈ ပေရှိ ပင်မဆောင်နှင့်အတူ အလျားပေ ၃၀၊ အနံ ၁၄ ပေရှိ ယာယီအချုပ်ခန်း၊ ဂိတ်တံခါးကြီးသုံးခုပါ အလျားပေ ၈၂၀၊ အမြင့် ၆ ပေရှိ ခြံစည်းရိုး၊ အလျားပေ ၃၀၊ အနံပေ ၁၄ ရှိ သက်သေနားနေဆောင်များပါဝင်ကာ စက်ရေတွင်း၊ ဂါလန် ၁၀၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ ဂါလန် ၈၀၀ ဆံ့ ဖိုင်ဘာရေစင်တစ်ခု၊ လေးခန်းတွဲအိမ်သာစသည့် အဆောက်အအုံများလည်း ပါဝင်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မူဆယ်တွင်ကျင်းပမည့် Miss Northern Shan State ပြိုင်ပွဲဝင်သူများလေ့ကျင့်

မူဆယ် ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင်ကျင်းပမည့် ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ Miss Golden Land Myanmar အတွက် မူဆယ်မြို့ ဗိုလ်တဲရိပ်သာတွင် ပါဝင်ယှဉ်ပြိုင်မည့် အလှမယ် ၁၂ ဦးကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်မည့်အလှမယ်များမှာ မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်(ပန်းဆိုင်း)၊ ကွတ်ခိုင်၊ သိန်းနီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ တန့်ယန်း၊ နမ့်ဆန်၊ မန်တုံမြို့နယ်များမှ ကိုယ်စားပြုအလှမယ်တစ်ဦးစီပါဝင်ပြီး ဖေဖော်ဝါရီ ၅ ရက်၌ မူဆယ်မြို့ မိုးလုံလေလုံအားကစားရုံ၌ ဆန်ခါတင်တစ်ဦးရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူအလှမယ်တစ်ဦးကို 2016 Miss Golden Land Myanmar ရှမ်းပြည်နယ်(မြောက်ပိုင်း)ကိုယ်စားပြု Land ပြိုင်ပွဲအတွက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် အလှမယ်များကို ကိုဖြိုးမင်းသုတက လေ့ကျင့်သင်ကြားပေးပြီး Stage Director အဖြစ်

ကဗျာဆရာဇော်မျိုးဟန်(ငါးသိုင်းချောင်း)က တာဝန်ယူ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန့်ဇင်(မူဆယ်)

ကလေးခိုးယူမှုသတင်းများ ကောလာဟလသာဖြစ်ကြောင်း ကျောက်တံခါးမြို့နယ်၌ ရှင်းလင်း

ကျောက်တံခါး ဇန်နဝါရီ ၃၁

ကလေးခိုးယူမှုများ ဖြစ်ပွားနေကြောင်း ထွက်ပေါ်နေသည့် သတင်းများနှင့်ပတ်သက်၍ အဆိုပါသတင်းများမှာ ကောလာဟလသာဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ဇန်နဝါရီ ၂၉ ရက်က ရှင်းလင်းပြောကြားသည်။

ကျောက်တံခါးမြို့နယ်အတွင်း နယ်မြေလေးခုမှ စခန်းမှူးများ၊ သတင်းမီဒီယာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး ရှင်းလင်းပွဲတွင် ကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်က ကလေးခိုးယူမှုသတင်းများမှာ အခြေအမြစ်မရှိသည့် ကောလာဟလသတင်းသာဖြစ်ကြောင်း၊ ကလေးပျောက်ဆုံး၍ လာရောက်တိုင်တန်းသည့်ဖြစ်စဉ်များလည်း မရှိကြောင်း၊ ကောလာဟလသတင်း ဖြန့်ချိသူများကို စုံစမ်းဖော်ထုတ်၍ အရေးယူသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကလေးခိုးယူသူဟု သင်္ကာမကင်းသူများအား စိစစ်မှုမရှိဘဲ လူအုပ်ဖြင့် ဝိုင်းရိုက်ခြင်းများ မပြုလုပ်ရန်၊ ထိုသို့ပြုလုပ်၍ ထိခိုက်မှုများရှိပါက ဥပဒေအရအရေးယူခံရနိုင်ကြောင်း၊ ကလေးခိုးယူသည်ဟု ထူးခြားမှုများရှိပါက ရဲတပ်ဖွဲ့နှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ဆက်သွယ်အကြောင်းကြားကြရန် စသည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှင်းလင်းပွဲတက်ရောက်သော သတင်းမီဒီယာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက သိလိုသည်များကို မေးမြန်းခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဖြေကြားသည်။ **ခင်ကို(ကျောက်တံခါး)**

ကလေးငယ်များအား အာဟာရဖြည့်နို့နှင့် ကြက်ဥများတိုက်ကျွေး

ကလေး ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာစီပီကုမ္ပဏီတို့ပူးပေါင်း၍ ကလေးမြို့နယ် ကြက်ဖနက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကလေးငယ်များ ဉာဏ်ရည်ထက်မြက် ကျန်းမာစေရန်ရည်ရွယ်၍ အာဟာရဖြည့်နို့နှင့် ကြက်ဥများ ဇန်နဝါရီ ၂၈ ရက်က တိုက်ကျွေးခဲ့ပြီး ကျောင်းသုံးစာရေးကိရိယာများကိုလည်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ကလေးမြို့ Myanmar C.P Livestock ကုမ္ပဏီလီမိတက်မှ တာဝန်ခံမန်နေဂျာ ဦးစိုးကိုကိုဦးက အာဟာရဖြည့်နို့နှင့် ကြက်ဥတိုက်ကျွေးခြင်းနှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သန်းက ကျောင်းနေအရွယ်ကလေးငယ်များအား အာဟာရဖြည့်အစားအစာများ တိုက်ကျွေးခြင်းအားဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ကလေးငယ် ၃၀၀ အား နို့ဘူး ၃၀၀၊ ကြက်ဥအလုံး ၆၀၀ ကို တက်ကျွေးကာ ဗလာစာအုပ် ဒါဇင် ၅၀၊ ခဲတံ ၂၄ ဒါဇင်နှင့် ဘောလ်ပင်အချောင်း ၅၀ ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ချင်းတွင်းသား (ပြန်/ဆက်)

အသက် ၉၀ ကျော် ဘိုးဘွားများအား ပူဇော်ထောက်ပံ့ငွေပေးအပ်

ဆိပ်ဖြူ ဇန်နဝါရီ ၃၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်မှ အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွားများအတွက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ပူဇော်ငွေပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ဇန်နဝါရီ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ဆိပ်ဖြူမြို့နယ်အတွင်းမှ အသက် ၉၀ နှင့်အထက် ဘိုးဘွားတစ်ဦးလျှင် ပူဇော်ထောက်ပံ့ငွေ ကျပ် ၁၈၀၀၀ နှုန်းဖြင့် ဘိုးဘွား ၄၁ ဦးအတွက် ကျပ် ၇၃၈၀၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ပူဇော်ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးက ပူဇော်ထောက်ပံ့ငွေများကို ဘိုးဘွားများနေထိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများကိုယ်စား မြင်ကဝကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြသိန်းထံ ပေးအပ်ခဲ့သည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

မြစိမ်းရောင်စီမံကိန်းအတွက် ဒေသနွားမများ ဖြန့်ဖြူးပေးအပ်

ကန့်ဘလူ ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဆိပ်ဖူးမြောင်ကျေးရွာမှ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ(အသားကဏ္ဍ)အတွက်မွေးမြူရန် ဒေသနွားမများကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဇန်နဝါရီ ၂၈ ရက်က ဖြန့်ဖြူးပေးခဲ့သည်။

ဆိပ်ဖူးမြောင်ကျေးရွာတွင် နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ဒေသနွားမများကိုဝယ်ယူ၍ ကျေးရွာနေ တောင်သူ ၇၅ ဦးအတွက် ဒေသနွားမ ၇၅ ကောင်ကို ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း၊ နောင်သုံးနှစ်တွင် အခြားသူများသို့ လက်ဆင့်ကမ်းမွေးမြူစေပြီး မွေးမြူရေးဘဏ်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ကျေးရွာမူလတန်းကျောင်းဆောင်သစ် ဖွင့်လှစ်

ပုသိမ် ဇန်နဝါရီ ၃၁

ပုသိမ်မြို့နယ် ဇင်ပြွန်းကုန်းကျေးရွာအုပ်စု မြင်းကုန်းကျေးရွာ အမကကျောင်း၌ ရန်ကုန်မြို့ Uniteam Marine ကုမ္ပဏီလီမိတက်နှင့် မြန်မာသင်္ဘောအရာရှိများ၊ သင်္ဘောသားများ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၆၅၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်တည်ဆောက်ပြီးစီးသဖြင့် ဇန်နဝါရီ ၂၉ ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပညာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးခဲ့သည်။ ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **ပုသိမ်လှကြည်**

ရွှေလင်ပန်းစက်မှုဇုန် စက်ရုံလုပ်သားအိမ်ရာရှစ်လုံး မတ်လကုန်တွင် တည်ဆောက်ပြီးစီးမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်း စက်မှုဇုန် အနောက်ဘက်မြေကွက်လပ်တွင် ဝန်ထမ်း အလုပ်သမားများ သက်သာချောင်ချိစွာ နေထိုင်နိုင်ရေး အတွက် စက်ရုံလုပ်သားအိမ်ရာကို ဆောက်လုပ်လျက်ရှိရာ အဆောက်အအုံများကို မတ်လကုန်တွင် အပြီးတည် ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအိမ်ရာကို နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးကြပ်ကာ ၂၀၁၅ ခုနှစ် မေလအတွင်းက စတင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ အကျယ် ၂ ဒသမ ၀၈၁ ဧကရှိ မြေပေါ်တွင် တစ်လုံးလျှင် ၁၈ ပေပတ်လည်အကျယ်ရှိ အခန်း ၆၀ ပါ အဆောက်အအုံ ရှစ်လုံးကို တည်ဆောက်ခဲ့ခြင်းဖြစ် ပြီး စုစုပေါင်းအခန်း ၄၈၀ ရှိသည်။ ယခုအချိန်တွင် အဆောက်အအုံများမှာ တည်ဆောက်ပြီးစီးတော့မည် ဖြစ်ကာ လေးလုံးမှာ ဖေဖော်ဝါရီလအတွင်း ပြီးစီးမည်ဖြစ် ပြီး မတ်လကုန်တွင် အဆောက်အအုံအားလုံး တည် ဆောက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အခန်း ၆၀ ပါ အဆောက်အအုံများမှ အခန်းတစ်ခန်း လျှင် အလုပ်သမား ရှစ်ဦး နေထိုင်ပါက အလုပ်သမား ၃၈၀၀ ခန့်အတွက် အဆင်ပြေစွာ နေထိုင်နိုင်မည်ဖြစ် ကြောင်း လှိုင်သာယာမြို့နယ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆောက် အအုံများတွင် ရေမီးအစုံ တပ်ဆင်ပြီးပါက အလုပ်သမား များ၏ နေထိုင်ရေးအတွက် အဆင်ပြေစေမည့်အပြင် သွားလာစရိတ်လည်း သက်သာ၍ ငွေကြေးကုန်ကျမှုလည်း ပိုမိုသက်သာလာမည်ဖြစ်ရာ အလုပ်သမားများအနေဖြင့် ပိုမိုသက်သာချောင်ချိလာမည်ဖြစ်ကြောင်း သိရသည်။

လှိုင်သာယာစက်မှုဇုန်တွင် နိုင်ငံအရပ်ရပ်မှ အလုပ် သမားများ လာရောက်အလုပ်လုပ်ကိုင်လျက်ရှိရာ လက်ရှိ အချိန်တွင် စက်မှုဇုန် (၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇၊ ၈)တို့၌ လုပ်ကိုင် နေသည့် စုစုပေါင်း အလုပ်သမားဦးရေမှာ ၆၈၀၀၀ ခန့်ရှိ ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

တာချီလိတ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေး

တာချီလိတ် ဇန်နဝါရီ ၃၁

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု မြှင့်တင်ရေး ဆွေးနွေးပွဲကို တာချီလိတ်ကုန်သည် ကြီးများအသင်း အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ဆွေးနွေးပွဲတွင် တာချီလိတ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ညွှန်ကြားရေးမှူး ဦးအောင်သူရက ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် တာချီလိတ်ကုန်သွယ်ရေး စခန်း၏ ပို့ကုန်နှင့်သွင်းကုန် ကုန်သွယ်မှုပမာဏနှင့် စပ်လျဉ်း၍ ရှင်းလင်းအမှာစကားပြောကြားသည်။ ထို့နောက် အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့ စီးပွားရေးဘဏ်၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဌာန(FDA)တို့မှ တာဝန်ခံများက ဌာန အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကိုလည်းကောင်း၊ ကုန်သွယ်မှုပမာဏ တိုးတက် မြင့်မားလာစေရေးအတွက် ဆောင်ရွက်သင့်သည် များကိုလည်းကောင်း တင်ပြဆွေးနွေးပြီး ဆွေးနွေး ပွဲတက်ရောက်သော ကုန်သွယ်လုပ်ငန်းရှင်များက ဇန်နဝါရီလအတွင်း ကုန်သွယ်မှုလုပ်ငန်းပိုင်းအခြေ အနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ဒေသတွင်းစားသုံး မှုမှ ပိုလျှံဆန်များကို ပြည်ပသို့တင်ပို့ခွင့်နှင့် စပ်လျဉ်း၍ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်စည်စီး ဆင်းမှုလွယ်ကူမြန်ဆန်စေရေး၊ နှောင့်နှေးကြန့်ကြာ မှု မရှိစေရေးနှင့် မလိုလားအပ်သော ကုန်ကျစရိတ် များ မရှိစေရေးတို့အတွက် ရှမ်းပြည်နယ်(အရှေ့ ပိုင်း)မှ ပိုလျှံဆန်များကို ပြည်ပသို့ လိုင်စင်ဖြင့် တရားဝင်တင်ပို့ခွင့်ကို နိုင်ငံတော်မှ မူအားဖြင့် ခွင့်ပြုထားပြီးဖြစ်၍ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်မလိုဘဲ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု မြှင့်တင်ရေး ဆွေးနွေးပွဲမှ သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ကလေးခိုးယူမှုသတင်းများ ကောလာဟလသာဖြစ်ကြောင်းရှင်းလင်း

စဉ့်ကူး ဇန်နဝါရီ ၃၁

စဉ့်ကူးမြို့နယ်အတွင်း ကလေးခိုးယူမှုဖြစ်ပွားကြောင်း ပေါ်ထွက်နေသော သတင်းများမှာ ကောလာဟလသတင်းများသာဖြစ်ကြောင်း ရှင်းလင်းပွဲကို စဉ့်ကူးမြို့မရဲစခန်း၌ ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူး ကိုကိုလှိုင်က အဆိုပါ ကောလာဟလဖြစ်မှုများနှင့်ပတ်သက်၍ ပြည်သူများစိုးရိမ်ပူပန်နေကြသည် ကို ကိုယ်ချင်းစာပါကြောင်း၊ အမှန်တကယ်ကလေးခိုးမှုဖြစ်စဉ်အမှန်မဟုတ် ဘဲ တစ်ယောက်စကားတစ်ယောက်နားမှ အဆင့်ဆင့်ကောလာဟလသတင်း များသာတွေ့ရှိရပါကြောင်း၊ မြို့နယ်တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့များက ဥပဒေ နှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အမှန်တကယ်ပြစ်မှုကျူးလွန်ခြင်း မရှိဘဲ စွပ်စွဲခံရသူအနေဖြင့် နစ်နာပါကြောင်း၊ ပြစ်မှုကျူးလွန်သူဟု ယူဆရ သူများကို ပြည်သူများအနေဖြင့် လက်လွန်ခြေလွန်မဖြစ်စေရန် သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြား၍ အဖြစ်မှန်ပေါ်ပေါက်စေရန် တာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်းနှင့် နောက်နောင်တွင် လည်း မမှန်မကန်ကောလာဟလသတင်းများဖြစ်ပေါ်မှုများနှင့် မှုခင်းကျဆင်း ရေးလုပ်ငန်းများတွင်ပြည်သူများအနေဖြင့် မိမိတို့ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင် ရွက်ပေးကြရန် ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘချစ်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့သည်။

စဉ့်ကူးမြို့နယ်အတွင်း ကလေးခိုးဂိုဏ်းများက ကလေးများကို ခိုးယူနေသည် ဆိုသော ကောလာဟလသတင်းများ ပေါ်ပေါက်နေ၍ အဆိုပါကောလာဟလ များ ပိုမိုကျယ်ပြန့်မသွားစေရန်နှင့် မှုခင်းကျဆင်းရေးအတွက် ပြည်သူများအား ရှင်းလင်းဟောပြောမှုများကို စခန်းပိုင်နယ်မြေများရှိ ကျေးရွာများ၌လည်း လိုက်လံပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဝင်းမောင်

သတင်းတိုများ

ဘဏ္ဍာရေးနှစ်သစ်အတွက် အရပ်ရပ်လုပ်ငန်းလိုင်စင်များ လေလံတင်

မကွေးတိုင်းဒေသကြီး မြိုင်မြို့ ပခုက္ကူလမ်းရှိ မြို့နယ်စည်ပင်သာယာရေး ရုံးခန်းမ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင် စင်များကို ဈေးပြိုင်စနစ်ဖြင့် ဇန်နဝါရီ ၂၉ ရက်က လေလံတင်ရောင်းချခဲ့ ကြောင်း သိရသည်။ လေလံတင်ရောင်းချပွဲသို့ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးစောဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာ ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အမှုဆောင်အရာရှိဦးဟန်မြင့်တို့က ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည့် စည်းကမ်းချက်များကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် လိုင်စင်အမျိုးအမည်အလိုက် ကြမ်းခင်းဈေးများကို စားပွဲတင်ငွေများသတ်မှတ်၍ ပွင့်လင်းမြင်သာစွာ ရောင်းချခဲ့သည်။ မြိုင် မြို့နယ်အတွင်း အရပ်ရပ်အခွင့်အရေးလိုင်စင် အသီးသီးကို စုစုပေါင်း ကျပ် ၁၆၉၂ ဒသမ ၉၈ သိန်းဖြင့် ရောင်းချအောင်မြင်ခဲ့သည်။ **စိန်မြိုင်(မြိုင်)**

မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ မြန်မာ့စီးပွားရေးဘဏ် ရမည်းသင်း ခရိုင်ဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့ သည်။ ဖွင့်ပွဲတွင် မြန်မာ့စီးပွားရေးဘဏ်အထွေထွေမန်နေဂျာ ဦးကျော်ကျော်၊ တိုင်းဒေသကြီးမန်နေဂျာ ဦးအောင်ဇော်နှင့် တာဝန်ရှိသူများက ဘဏ်ခွဲ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ခွင့်လှစ်ခဲ့သည်။**အတ်ကလေး(ရမည်းသင်း)**

ကျေးရွာမီးလင်းရေးအတွက် ထရန်စဖော်မာသစ် တပ်ဆင်ပြီးစီး

မိုင်းကိုင် ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ဖာခေးရွာ၌ ဆောင်ရွက်ခဲ့သော ကျေးရွာလျှပ်စစ် မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲ **(ယာပုံ)**ကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့ပြီး ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မိုင်းကိုင် မြို့နယ်အတွက် ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် 200 KVA ထရန်စဖော်မာလေးလုံး၊ 50 KVA ထရန်စဖော်မာတစ်လုံး ချထားပေးလာသည့်အနက် ဖာခေးကျေးရွာက 200 KVA ထရန်စဖော်မာ တစ်လုံးရရှိသည့်အတွက် အဆိုပါထရန်စဖော်မာကို တပ်ဆင်ခြင်းနှင့် လျှပ်စစ်ဓာတ်တိုင်များစိုက်ထူခြင်း၊ လိုင်းဆွဲခြင်းများကို မိုင်းကိုင်မြို့ မြန်မာ့လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မှူး ဦးဝင်း ကိုကိုနှင့် ဝန်ထမ်းများ၊ ဖာခေးရွာနေ ပြည်သူများ စုပေါင်း၍ ဇန်နဝါရီ ၅ ရက်မှစတင်ကာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၇ ရက်တွင် ပြီးစီးသဖြင့် ဓာတ်အားစတင်ဖြန့်ဖြူးပေးခြင်းဖြစ် သည်။ ဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ လွင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဖာခေးကျေးရွာ၌ ယခင်က လျှပ်စစ်ဓာတ်အား မလုံလောက်မှု အခက်အခဲများရှိခဲ့ပြီး ယခုထရန် စဖော်မာသစ် တပ်ဆင်ပြီးသဖြင့် ကျေးရွာရှိ အိမ် ခြေ ၂၀၀ ကျော်ကို လျှပ်စစ်ဓာတ်အား အပြည့်အဝ ပေးနိုင်ပြီဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းဆမ်အောင်၏ ပြောကြားချက်အရ သိရ သည်။

နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)

ကျေးရွာနေပြည်သူများအား မြေငှားဂရန်များ ပေးအပ်

အင်းတော် ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာမှ ပြည်သူများအတွက် ကျေးရွာမြေငှားဂရန်များကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၃၀ ရက်က ပေးအပ်ခဲ့သည်။ မြေငှားဂရန်များ ပေးအပ်ပွဲတွင် ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက အမှာစကားပြောကြားပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်မျိုးဦးက ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခြင်းနှင့် မြေငှားဂရန်ရရှိခြင်းဖြင့် ကျေးရွာနေပြည်သူများအတွက် ရရှိသောအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ မြေငှားဂရန်များကို တစ်ဦးချင်းစီ ပေးအပ်ခဲ့သည်။ မော်လူး ကျေးရွာအပြင် ကျန်ကျေးရွာများ၌လည်း ပြည်သူများက မြေငှားဂရန်များကို လျှောက်ထားလျက်ရှိကြောင်းနှင့် အိမ်ခြေ ၂၆၂ အိမ်က မူလကျေးရွာမြေ ၆၄ ဧကအတွင်း မြေငှားဂရန်များ လျှောက်ထား ကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

UNIQUE STAR TRAVELS & TOURS
ဥရောပ(အင်္ဂလန်) Apr: 9,12,13 ($ 4900)
အမေရိကား Apr:8,12 ($ 5600)
သြစတြေးလျ Apr:11,12 ($ 3500)
ဂရိ Apr:11,13 ($ 4100)
ဟောင်ကောင်၊မကာအို Apr:12 ($ 1800)
ပေကျင်း၊ရှန်ဟိုင်း Apr:11,12,13 ($ 1900)
ကိုရီးယား Apr:11,12 ($ 2400)
ကမ္ဘောဒီးယား၊ဗီယက်နမ် Apr:11 ($ 1200)
စင်္ကာပူ၊မလေးရှား Apr:11,13 ($ 1200)
ဂျပန် Apr:9,10,11,12 ($ 2300)
တောင်အာဖရိက Apr:10,12 ($ 4200)
ဒုဘိုင်း Apr:12 ($ 2800)
အီဂျစ် Apr:13 ($ 3100)
Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550 / $ 650)
Feb:12, Mar: 2, 23, 30 ($ 470 / $550)
Apr: 10, 11, 12, 13, 14, 18 ($ 550/ $ 650)
Bangkok - Cambodia ($ 500)
70/A,Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.

SUN FAR TRAVELS & TOURS CO., LTD.
ကြည့်မြင်တိုင်၊ မြေနီကုန်း၊ စမ်းချောင်း၊ အလုံ၊ လမ်းမတော်မြို့နယ်များရှိ ခရီးသွားများအတွက် အဆင်ပြေဆုံး Location, ကျယ်ဝန်းသော Car Parking
ပြည်တွင်းပြည်ပ ခရီးသွားများအတွက် စျေးနှုန်းအသက်သာဆုံးနှင့် အဆင်ပြေဆုံး Service
SUN FAR (အလုံမြို့နယ်) လေကြောင်းလက်မှတ်အရောင်းဌာန

အခန်း(၁၆)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်စုပေါင်းရုံးဝင်း၊ Tel: 01-2301 999
အောက်ကြည့်မြင်တိုင်လမ်း၊ သခင်မြပန်းခြံအနီး၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

အသားအရေထိန်းသိမ်းမှုကို ဂရုစိုက်ပါ
မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း

- ဝက်ခြံကုသမှု အစီအစဉ်များ ...
- ဝက်ခြံအမာရွတ် ကုသမှု ...
- တင်းတိပ်မဲ့ခြောက် ကုသမှု ...
- မျက်နှာအရေးအကြောင်း ကုသမှု ...
- အသားဖြူဝင်းခြင်းအတွက် ကုသမှု ...
အရေပြားအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။
နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။
အမှတ်-၄၄၄၊ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ရန်ကုန်။ ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံအာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(WYTU)တွင် ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ၁၃-၂-၂၀၁၆ ရက်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်ပါ၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခမ်းအနားတက်ရောက်ပေးကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ဖိတ်ကြားလွှာလက်ဝယ်ရောက်ရှိသည်ဖြစ်စေ၊ မရောက်ရှိသည်ဖြစ်စေ ဆရာ ဆရာမများ တက်ရောက်အပူဇော်ခံကြပါရန် ရိုသေလေးစားစွာ အသိပေးအပ်ပါသည်။

အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် အလှူခံဖြတ်ပိုင်း ဖြန့်ဝေထားသော အောက်ပါ ကျောင်းသူ ကျောင်းသားများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဆရာကန်တော့ပွဲအတွက် အလှူငွေများကို ဆက်သွယ်လှူဒါန်းရန်

မျိုးကျော်သူ(Mn)	ဖုန်း-၀၉-၄၄၈၀၀၇၅၂၇	စည်သူကျော်လင်း(Civil)	ဖုန်း-၀၉-၅၁၄၀၄၇၀
ရန်ပိုင်(MC)	ဖုန်း-၀၉-၄၂၂၄၉၁၇၁၃	သန်းထွန်းအောင်(Civil)	ဖုန်း-၀၉-၅၁၆၅၅၈၁
ဝေယံမင်းဇင်(IT)	ဖုန်း-၀၉-၇၉၅၅၆၈၂၉၉	ဇော်ထွန်း(EP)	ဖုန်း-၀၉-၅၀၅၃၅၄၄
အောင်ပြည့်(Petro)	ဖုန်း-၀၉-၄၂၁၁၂၅၇၃၃	ဝင်းဟံသာ(FC)	ဖုန်း-၀၉-၅၅၀၅၈၅၆
ရာဇာမြင့်(MP)	ဖုန်း-၀၉-၂၅၀၁၇၉၈၇၇	မေသန္တာစိုး(Archi)	ဖုန်း-၀၉-၇၃၂၁၆၈၉၁
မြတ်ဖြိုးပွင့်(EC)	ဖုန်း-၀၉-၄၀၁၅၃၉၇၉၈	သင်းလဲ့ဖြူ(Archi)	ဖုန်း-၀၉-၇၉၉၅၈၇၄၆၅
နှင်းထက်ထက်သူ(Tex)	ဖုန်း-၀၉-၅၀၄၂၆၅၆	ဖွန့်သဉ္ဇာဦး(EC)	ဖုန်း-၀၉-၄၃၀၃၁၁၈၉
သင်းဇာမောင်(MC)	ဖုန်း-၀၉-၄၄၈၅၄၃၃၇၂	ထိပ်တင်ချိုညွန့်(EC)	ဖုန်း-၀၉-၅၃၅၀၉၈၈

Singapore နိုင်ငံတွင် ရောက်ရှိနေသူများအတွက်

မျိုးသက်ခိုင်(Civil)	+၆၅၉၈၅၇၆၄၃၄
နန်းစပယ်ဖြူ(Civil)	+၆၅၉၇၂၂၆၇၁၉
ငွေသက်ရည်ထွန်း(Civil)	+၆၅၉၇၂၄၇၄၉၆

CB Bank စာရင်းအမှတ် ၀၀၁၆၆၀၀၁၀၀၀၆၄၂၈၉ သို့လည်း ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဦးအောင်ကျော် (Tu Tu - Su Su)
JO-4/မွေး/ရေ၊ ရုပ်သံကျွမ်းကျင်(၂)
အထူးသီးသန့်သင်တန်း တန်းခွဲသစ်များ စတော့မည်၊ အမြန်ဆက်သွယ်ပါ
၁၀၆၊စဉ့်အိုးတန်းလမ်း၊လသာ။ ဖုန်း-250727,09-5163884

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစျုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၀၁၇/၀၃၁၅
ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၉၉၄

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ မော်တော်ယာဉ်လေလံရောင်းချရန် ကြော်ငြာစာ

၁။ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရှိ မြို့နယ်များတွင် အသုံးပြုသည့် အောက်ဖော်ပြပါ ယာဉ် (၁၆)စီးအား သတ်မှတ်စည်းကမ်းများနှင့်အညီ လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

(က)	ပြည်နယ်စည်ပင်	-တိုယိုတာဗင် (၂)စီး၊ လိုက်အွေ့(စ်) (၁)စီး
(ခ)	ကျောက်တော်	-တိုယိုတာလိုက်အွေ့(စ်) (၁)စီး
(ဂ)	ကျောက်ဖြူ	-တောင်းအွေ့(စ်) (၁)စီး
(ဃ)	စစ်တွေ	-တိုယိုတာကိုရိုလာ(၁)စီး၊ နီဆန်း(ဆန်နီ) (၁)စီး၊ တိုယိုတာလိုက်အွေ့(စ်) (၁)စီး
(င)	တောင်ကုတ်	-လိုက်အွေ့(စ်) (၁)စီး
(စ)	ဘူးသီးတောင်	-နီဆန်း(ဆန်နီ) (၁)စီး၊ လိုက်အွေ့(စ်) (၁)စီး
(ဆ)	မင်းပြား	-တောင်းအွေ့(စ်)(၁)စီး
(ဇ)	မောင်တော	-ဆန်နီ(ဗန်နတီ) (၁)စီး၊ ဆန်နီ(ပစ်ကပ်)(၁)စီး
(ဈ)	မြောက်ဦး	-ဗင်နတီ(၁)စီး
(ည)	သံတွဲ	-လိုက်အွေ့(စ်)၊ ဗင်နတီ(၁)စီး

၂။ လေလံတင်ရောင်းချမည့်ယာဉ်များနှင့်ပတ်သက်၍ ၁-၂-၂၀၁၆ရက်မှ ၁၄-၂-၂၀၁၆ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်များတွင် သွားရောက်၍ ကြည့်ရှုနိုင်ပြီး၊ ပြည်နယ်စည်ပင်မှယာဉ်များအား စစ်တွေမြို့၌ ကြည့်ရှုရမည်ဖြစ်ပါသည်။ လေလံတင်ရောင်းချခြင်းအား အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က)	**လေလံရောင်းချပွဲကျင်းပမည့်ရက်**	-၁၆-၂-၂၀၁၆ရက်
(ခ)	**လေလံလျှောက်လွှာရောင်းချမည့်ရက်**	-၁၀-၂-၂၀၁၆ရက်မှ ၁၅-၂-၂၀၁၆ရက်ထိ
(ဂ)	**လေလံရောင်းချမည့်နေရာ**	-စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး (မြို့နယ်အားလုံးအတွက် တစ်ပါတည်း ရောင်းချမည်ဖြစ်ပါသည်။)

၃။ ယာဉ်တစ်စီးချင်းစီ၏ ကြမ်းခင်းဈေးနှင့် အသေးစိတ်စည်းကမ်းများ၊ အချက်အလက်များအားသိရှိလိုပါက သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၌ ရုံးချိန်အတွင်း လူကိုယ်တိုင် ဖြစ်စေ၊ ရုံးတယ်လီဖုန်းများသို့ဖြစ်စေ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း-၀၄၃-၂၂၀၀၃ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/8807 Toyota Alphard MNH. 10. M/B (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းစိုးအောင် ၅/ရဘန(နိုင်)၁၆၀၈၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၃၇၁၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၃ယ/၃၂၃၆ Anbo-150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာစိုး ၇/ပခန(နိုင်)၀၀၉၇၇၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၅၈၁၂၆ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်ဦး ၁၂/ဗတထ(နိုင်)၀၀၂၄၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)

ပျောက်ဆုံးကြောင်း

နန်းဆီဖောင်း (ဘ)ဦးစိုင်းတီ ၁၃/ကတန(နိုင်)၁၃၄၅၀၈ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၇၄၉၂၃၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/3398 Mitsubishi Mini CAB, P/U(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသန္တာ ၁၂/ဥကမ(နိုင်)၁၇၉၄၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

မွေးသက္ကရာဇ်အမှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသာ်တမြို့၊ ဥယျာဉ်တောင်ရပ်ကွက်၊ဦးစိန်တာလမ်း၊အိမ်အမှတ်(၃၄၈)နေ မောင်ဖြိုးအောင်ဇင် ၁၄/ဟသတ(နိုင်)၂၈၇၅၅၂၏မွေးသက္ကရာဇ်အမှန်မှာ ၂၆-၆-၁၉၉၃ဖြစ်ပြီး ဖခင်ဦးလှညွန့်၁၄/ဟသတ(နိုင်)၀၃၄၈၉၁နှင့်ဦးသောင်းမြိုင်သည်တစ်ဦးတည်းဖြစ်ပါသည်။

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်ကွန်ဒိုမီနီယမ် အဆောက်အအုံတွင်ရှိသော အခန်းအမှတ်(၄၀၅/အေ)၊ အကျယ်အဝန်း ၁၃၅၀ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးလှမြင့်သော် ၉/မခန(နိုင်)၀၁၅၀၆၅ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
တိုက်အမှတ် ၃၂၊အခန်းအမှတ် ၁၀၊ဒုတိယထပ်၊
၂၃ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရွှေဘိုခရိုင်တရားရုံး

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁

ဒုတိယဗိုလ်မှူးကြီး မျိုးမင်းထွန်း **နှင့်** ၁။ ဦးသောင်းဟန်
၂။ ဒေါ်ယဉ်ယဉ်အေး

တရားလို **တရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်ကွက်၊ သိန္ဓိရှင်ဆန်စက်နေ ဦးသောင်းဟန်၊ ဒေါ်ယဉ်ယဉ်အေး (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလို ဒုတိယဗိုလ်မှူးကြီး မျိုးမင်းထွန်းက ၃၁-၁၂-၂၀၁၄ရက်စွဲပါသဘောတူ ကတိစာချုပ်များအရ ပေးသွင်းရန်ကျန်နေသော တပ်မတော်ရိက္ခာစပါးတင်း ၃၈၄၂တင်း (တန်ဖိုးငွေ ၁၅၅၆၀၁၀၀ိ/-)နှင့် တိရစ္ဆာန်ရိက္ခာစပါးတင်း ၉၈၂၀တင်း (တန်ဖိုးငွေ ၃၅၃၅၂၀၀၀ိ/-) တို့ရှိခဲ့ရာ၊ စပါး(သို့တည်းမဟုတ်) ညီမျှသောတန်ဖိုးငွေ စုစုပေါင်းငွေကျပ် (၅၀၉၁၂၁၀၀ိ/-)နှင့် နစ်နာကြေးငွေကျပ်သိန်း (၁၀၀)စုစုပေါင်း (၆၀၉၁၂၁၀၀ိ/-)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မင်းအောင်)
ဒုတိယခရိုင်တရားသူကြီး(၂)
ရွှေဘိုခရိုင်တရားရုံး

ဦးဌေးဝင်းနှင့် အများသိစေရန်

ဦးဌေးဝင်း (ဘ)ဦးစိန်ထွန်း ၁၂/မဂဒ(နိုင်)၀၉၉၆၀၇ ကိုင်ဆောင်သူသည် ကျွန်မ ဒေါ်ခင်မာဇော် (ဘ)ဦးမြသောင်း ၈/ပဖန(နိုင်)၀၀၁၅၂၂ ကိုင်ဆောင်သူ၏ နေအိမ်မှ ထွက်ခွာသွားသည်မှာ ၃-၃-၂၀၁၆ ရက်တွင် တစ်နှစ်တိတိပြည့်ပြီဖြစ်ပါသည်။ ၂၃-၃-၂၀၁၅ ရက်မှစ၍ မြန်မာ့အလင်းတွင် ကြော်ငြာအကြိမ်ကြိမ်ထည့်၍ အဆက်အသွယ်ပြုလုပ်ရန်နှင့် ရရန်ပေးရန်များ လာရောက်ရှင်းလင်းပါရန် တောင်းဆိုခဲ့ပါသော်လည်း ယနေ့ထိတိုက်ရိုက်အဆက်အသွယ်မရရှိခဲ့ပါ။ ပြန်လာပေါင်းသင်းခြင်း၊ ဖြေရှင်းခြင်းမရှိခဲ့သလို ကွာရှင်းပေးခြင်းလည်းမရှိခဲ့ပါ။ ဆက်သွယ်လာနိုး၊ ပြန်လာနိုးနှင့် ၂၃-၇-၂၀၁၅ ရက်တွင် ဦးဌေးဝင်း သိစေရန်နှင့် မေတ္တာရပ်ခံပန်ကြားချက်ကို ပူးတွဲထည့်သွင်းကြေညာခဲ့ပါသည်။ ယခုကြော်ငြာသည် ထိုမေတ္တာရပ်ခံပန်ကြားချက်ကြော်ငြာကို အတိအလင်းရုပ်သိမ်းခြင်းဖြစ်ပါသည်။ ပွင့်ဖြူသန့် ကျောက်ပန်းချီနှင့် စိန်ရွှေရတနာလုပ်ငန်းသည် ဦးဌေးဝင်း-ဒေါ်ခင်မာဇော် နှစ်ဦးပူးတွဲလုပ်ဆောင်ခဲ့ကြောင်း အားလုံးအသိဖြစ်ပါသည်။ အိမ်ထောင်ဦးစီး ရှောင်တိမ်းနေသော်လည်း ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကျွန်မ ဒေါ်ခင်မာဇော်မှ တာဝန်ယူဖြေရှင်းခဲ့သည်ကိုလည်း နီးစပ်ရာအသိုင်းအဝိုင်းအားလုံး အသိဖြစ်ပါသည်။ အတိုးဆပ်ရန်အတွက် အတိုးနှင့်ပင် ချေးငှားရပါသောကြောင့် ယခုအချိန်တွင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲကြီးစွာဖြင့် အင်မတန်အရှက်တကွဲဖြစ်နေရပါပြီ၊ သို့ပါသောကြောင့် ရရန်ရှိသော အကြွေးရှင်များအနေဖြင့် စောင့်ဆိုင်းရန် မလိုအပ်တော့ပါကြောင်းနှင့် မိမိတို့သဘောဆန္ဒအလျောက် ဆောင်ရွက်နိုင်ကြပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မာဇော်

အထူးလှိုက်လှဲစွာဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

အိန္ဒိယနိုင်ငံ TRINITY WORLD UNIVERSITY မှ ဘာသာ သာသနာအတွက် ထူးချွန်အောင်မြင်စွာ သာသနာပြုနိုင်ခဲ့ခြင်းအား ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို ပေးအပ်ချီးမြှင့်ခြင်းခံရသည့် **ရွှေကျွန်းကုန်းဆရာတော် P.h D ဒေါက်တာ အရှင်ပညိန္ဒာဓိဝံသ** အား အထူးလှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။

ရွှေကျွန်းကုန်းဆရာတော်ဘုရားကြီးသည် ဘာသာ သာသနာအကျိုး ဆထက်တိုး၍ ထူးချွန်အောင်မြင်စွာ သာသနာပြုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

တပည့်ဒကာရင်းများ

ဦးခင်မောင်ကြည်+ဇနီး သုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြင်မြင့်နှင့် သားများ

ကိုပြည့်ဖြိုးမောင် (B-PA)+မသိမ့်သိမ့်အောင် (B.sc Physics)

ကိုအောင်ဖြိုးမောင် (B.A History)၊ ကိုကောင်းဖြိုးမောင် (B-Act)၊ မြေး ရှိုင်းခန့်ထည်(ခ)သားချစ်။

ခြံအမှတ် (SH 3A/B)၊ မြကန်သာအိမ်ရာ၊ ယုဇနလမ်း၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

"ရွှေဆိုင်နှင့်ပွဲရုံလုပ်ငန်း" တရုတ်တန်းလမ်း၊ စံရွှေးတန်းရပ်ကွက်၊ သုံးဆယ်မြို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံနှစ်မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၂၈-၁-၂၀၁၆ရက်မှ ၂၉-၂-၂၀၁၆ရက်အထိ ရိုက်နှိပ်မည့်လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရုံးအမှတ် (၄၈) နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၂၉-၂-၂၀၁၆ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ စုံစမ်းမေးမြန်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၃၁၀၂၇နှင့် ၀၆၇-၄၃၁၀၄၂သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မှတ်ခွဲရောရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရှုမည့်နေရာ** - အမှတ် (၆၉/၇၁)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်

(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး ရုံးအမှတ် (၁၉)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော် (ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ) တွင် တစ်စုံလျှင် ၂၀၀၀ိ/- (ကျပ်နှစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁-၂-၂၀၁၆ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၂၉-၂-၂၀၁၆ ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအ ကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/တပင်ရွှေထီး)၊ ဦးပိုင်မြေကွက်အမှတ် ပစ(င)၅၆၇၁၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ အကျယ်အဝန်း အလျား ၆၀× အနံပေ ၄၀ ရှိ မြေကွက်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဒေါ်နီနီဝင်း ၉/ပမန(နိုင်)၂၀၃၇၉၉ အမည်ဖြင့် တရားဝင်ချထားပေးသော နှစ်(၃၀)အငှားဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အမှတ် ပစ(င)၅၆၇၁ ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်နီနီဝင်းမှ မိမိသာလျှင် ရောင်းချပိုင်ခွင့်ရှိသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကိုကိုသန့်စင် ၁၂/တမန(နိုင်)၀၈၉၄၂၃ထံသို့ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာရာ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကိုသန့်စင်မှ ပေးချေထားပြီး အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီထားပြီး ဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထား၊ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါက ကျန်ငွေများကိုပေးချေပြီး အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်၍ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်နိုင်ဝင်း LL.B, WIPO(Switzerland)
အထက်တန်းရှေ့နေ(စဉ်-၃၆၃၀၁)
အမှတ် ၈/၈၂၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊
ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်
ဖုန်း-၀၉-၄၀၁၅၃၄၆၆၈၊ ၇၉၇၇၀၄၄၅၇

မိဘအမည်မှန်

ပါမောက္ခဆရာမကြီး ဒေါက်တာမော်လီမောင်သည် ၂၅-၁-၂၀၁၆ ရက် (တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာမကြီး၏မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ သတ္တဗေဒ မိသားစု၏အကျိုးကို အစဉ်သယ်ပိုးခဲ့သောဆရာမကြီး ဆုံးရှုံးသွားရ ပါသဖြင့် အထူးပင်နှမြောတသ ပူဆွေးခြင်းဖြစ်ရပါသည်။

ပါမောက္ခ(ဌာနမှူး)၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခနှင့်
ဆရာ/ဆရာမများ
သတ္တဗေဒဌာန၊ ဟသ်ာတတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း၊ ရဟန်း၊ ဓမ္မာရုံ ဒါယကာမကြီး

ဒေါ်ခင်မြင့် (ခ) ကေ့ပိုးကြူး

အသက်(၉၀)နှစ်

ဒိုက်ဦး၊ (၃၅၁) ဘီရုံ၊ သိမ်ကြီးဈေး၊

ရန်ကုန်မြို့၊ အမှတ် (၁၉၅)၊ အနော်ရထာလမ်းနေ ဦးအောင်ထွေး + ဒေါ်မို့မို့ဝင်း (Crown မွေ့ရာဆိုင်)၊ ဒေါက်တာကျော်နိုင် + ဒေါက်တာသီတာဝင်းတို့၏ မွေးသမိခင်သည် ၂၈. ၁. ၂၀၁၆ နေ့ နံက်၁း၄၅ နာရီတွင်စင်ကာပူနိုင်ငံ Mount Elizabeth Hospital ကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

ဆွိုတီးဟူမိး
မိသားစု

အမည်ပြောင်း

ဦးလှိုင်ဝင်း၏သားနှင့်သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အင်ဒိုင်းကြီးကျေးရွာ အထက သတ္တမတန်း(က)မှ မဝေနှင်းဖြူအား မအိမ့်ချစ်ဖြူ ဟုလည်းကောင်း၊ တတိယတန်း(က)မှ မောင်အောင်ကျော်ညွန့်အား မောင်အောင်ကျော်ဖြိုးဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မအိမ့်ချစ်ဖြူ၊ မောင်အောင်ကျော်ဖြိုး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5076, Toyota KLUGER ACU 20, S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသူ ၁၂/သလန (နိုင်) ၀၁၀၅၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ သပြေသာရွာ၊ ဇေယျသုခအုတ်ကျောင်းတိုက်
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်ရုပ်၊ နှစ်ကျိပ်ရှစ်ဆူကျောင်းတိုက်၊
ပဓာနနာယက မြို့နယ်သံဃနာယကဆရာတော်

ဘဒ္ဒန္တ ကုန္တကသာမိမထေရ် (သာသနဓဇ သိရီပဝရဓမ္မာစရိယ)
သက်တော် (၉၂)၊ သိက္ခာတော် (၇၂) ဝါ

အန္တိမအဂ္ဂိရှာပနမဟာပူဇာပွဲ ကျင်းပမည့်အခမ်းအနားအစီအစဉ်ကြေညာခြင်း

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၁) ရက်၊ ၈-၁၁-၂၀၁၅ ရက်နေ့ ည (၁၁း၀၀) နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားသော ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာ ကျေးဇူးတော်အား ဦးထိပ်ပန်ဆင်၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်အား ဇီးကုန်းမြို့၊ ရွှေဖောင်ဦးပရိယတ္တိစာသင်တိုက်ဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး နှစ်ကျိပ်ရှစ်ဆူကျောင်းထိုင်ဆရာတော်၊ သပြေသာရွာ ဒက္ခိဏဝန်ကျောင်းထိုင်ဆရာတော်တို့အား ဦးစီးနာယကပြု၍ ရပ်ဝေးရပ်နီးတပည့်များနှင့် ကျန်ရစ်သူဆွေမျိုးတစ်စုတို့မှ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း (၃) ရက်နှင့် (၄) ရက် (၂၀၁၆-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀၊ ၁၁) ရက်တို့တွင် အငြိမ့်ဇာတ်ပွဲ၊ ဆွမ်းလောင်းလှူပွဲ၊ တရားပွဲများနှင့်တကွ နောက်ဆုံးပူဇာပွဲကို သပြေသာရွာပွဲကွင်းတွင် ကျင်းပရန် ရက်သတ်မှတ်ပြီးကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

ရန်ကုန်မြို့မှ အလှူရှင်များအနေဖြင့် (၁) ဦးဣန္ဒာစာရ နှစ်ကျိပ်ရှစ်ဆူ၊ နာယကဆရာတော်၊ (၂) ဒုဗိုလ်မှူးကြီးခင်အောင် (ငြိမ်း)-ဒေါ်ခင်ဝင်းမိသားစု၊ (၃) ဒေါ်ခင်အေး (မော်လမြိုင်ရှုတ်သီးမုန့်) မိသားစု၊ (၄) ဦးအောင်မြင့်သိန်းတို့မှ ကျပ် (၁၀) သိန်းစီနှင့် စုစုပေါင်းကျပ်သိန်း (၄၀) မတည်၍ (၁) ဦးထွန်းထွန်းဦး-ဒေါ်ခင်ခင်အေးမှ ကျပ် (၂) သိန်း၊ (၂) ဦးမျိုးဝင်းမှ ကျပ် (၁) သိန်း၊ (၃) ဦးစိုင်းဇော်အောင်မှ ကျပ် (၁) သိန်းတို့ အသီးသီးလက်ခံရရှိပြီး အလှူငွေများကို စုပေါင်း၍ ရှာပနကော်မတီသို့ ပေးပို့လှူဒါန်းသွားပါမည်။

(ထပ်မံလှူဒါန်းလိုသူများအနေဖြင့် ဦးအောင်မြင့်သိန်း (ဖုန်း-၀၉ ၅၀၀၇၆၀၄) သို့ ဆက်သွယ်လှူဒါန်းသွားနိုင်ကြောင်း အသိပေးအပ်ပါသည်။)

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မဟာစည်ဩဝါဒါစရိယဆရာတော်ကြီး
ဒေါက်တာဘဒ္ဒန္တဇဋိလမဟာထေရ်
(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
(Ph.D.)
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာကြီး၏ ဩဝါဒါစရိယ၊ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများ နာယကအဖွဲ့အကျိုးတော်ဆောင်၊ မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့ချုပ်ကြီး၏ဥက္ကဋ္ဌ၊ နေပြည်တော်၊ ပျဉ်းမနားဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဇဋိလ မဟာထေရ်မြတ်ကြီးသည် (၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်)၁-၂-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(မဟာစည်သာသနာ့ရိပ်သာစံကျောင်းတော်ကြီး၌ ဈာပနအခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ပြီး မဟာစည်သာသနာ့ရိပ်သာကြီးမှ မော်တော်ယာဉ်များ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပါမောက္ခပဏ္ဍိတ
မဟာဂန္ထဝါစက ပဏ္ဍိတ၊ ဝိနယဓရ သာသနဓဇ ဓမ္မာစရိယ
သံဃ သမ္မုတိရ သံဃ ကိုယ်စားလှယ်
သက်တော်(၅၇)နှစ်၊ သိက္ခာတော်(၃၇)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့ ၊ သာသနာ့ရောင်ခြည် ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဘဒ္ဒန္တ ပါမောက္ခ ပဏ္ဍိတသည် (၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၂ရက်) ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်) ၃-၂-၂၀၁၆ ရက်တွင် စံကျောင်းချပူဇော်ပြီး (၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်၊ ၉ ရက် ၃၁-၃-၂၀၁၆ ရက်နှင့် ၁-၄-၂၀၁၆ရက်တို့တွင် အန္တိမအဂ္ဂိစျာပန ပူဇော်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
သက္ကလမြို့

ပင့်လျှောက်ခြင်း

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော် ဒေါက်တာဘဒ္ဒန္တဇဋိလ မဟာထေရ် အရှင်သူမြတ်ကြီးသည် ၂၈-၁-၂၀၁၆ရက် ည ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) ၁-၂-၂၀၁၆ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ အန္တိမစျာပနကျင်းပပူဇော်မည် ဖြစ်ပါသောကြောင့် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၉နာရီအရောက် မဟာစည်သာသနာ့ရိပ်သာသို့ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများ၏ လမ်းညွှန်ဥသျှောင်ဆရာတော်ကြီးများ၊ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများ နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့ချုပ်ကြီး၏ အကျိုးတော်ဆောင်ဆရာတော်များ၊ မဟာစည်နယ်လှည့်ဓမ္မကထိက အသစ်ရွေးချယ်ရေးအဖွဲ့ဝင် ဆရာတော်များ၊ စာပေစိစစ်ရေးအဖွဲ့ဝင် ဆရာတော်များ၊ စာရင်းစစ်မော်ကွန်းထိန်း ဆရာတော်များ၊ ရန်ကုန်မြို့နယ်အတွင်းရှိ ဝါဆို-ကထိန် သင်္ကန်းကပ်လှူပွဲတွင် ပင့်ဖိတ်လျက်ရှိသည့် မဟာစည်ရိပ်သာခွဲများနှင့် ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်များအားလုံး ကြွရောက်ကြပါရန် ရိုသေလေးမြတ်စွာ ပင့်ဖိတ်အပ်ပါသည်ဘုရား။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

သွေးသည် အသက်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးစိန်ကြည်(ခ)တေကြီးချမ်း
(Kaung Mah Kaung Co.,Ltd)
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၃၃-ဘီ၂)နေ (ဦးဝမ်ကိန်း-ဒေါ်စီမန်)တို့၏သား၊ (ဦးကျင်ရှောင်-ဒေါ်နု)တို့၏သားသမက်၊ ဒေါ်မြသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသန်းဦး-မခင်ခင်လင်း၊ ကိုအောင်ကိုကို-မသင်းသင်းနိုင်၊ ကိုအောင်ညီညီ-မရွှေစင်သန့်၊ ဒေါက်တာညီညီလွင်-ဒေါက်တာသင်းသင်းမော်၊ မဌေးဌေးနိုင်၊ ဒေါက်တာအေးအေးလွင်(ဆေးသုတေသန)၊ ဒေါက်တာနီနီဝင်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၉-၁-၂၀၁၆ ရက်(သောကြာနေ့) ညနေ ၅း၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ညွန့်ညွန့်
မင်းကွန်းယောဂီ၊ လှည်းတန်းဈေး
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဓမ္မိကဝတီလမ်း၊ အမှတ် ၅၂ နေ ဦးဝင်းသောင်း၏ဇနီး၊ ကမာရွတ်၊ လှည်းတန်း၊ ပေ ၅၀ လမ်းနေ (ဦးတင်မောင်-ဒေါ်သောင်းမြင့်)၊ (ဦးအောင်ချစ်)- ဒေါ်ကျင်တီတို့၏ညီမ၊ ကိုသန်းလှိုင်ဝင်း(ခေတ္တ-စင်ကာပူ)၊မမျိုးပပဝင်းတို့၏ မိခင်ကြီးသည် ၂၉-၁-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂-၂-၂၀၁၆ ရက် (အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြသူဇာ
(ဦးစီးအရာရှိ၊ ရှာင်သမဝါယမ)
အသက် (၆၀)

အေးသာယာမြို့၊ အေးသာယာစက်မှုဇုန်၊ နတ်စင်လမ်း၊ အမှတ် ၉က/၁၄နေ (ဗိုလ်မှူးမြတ်မင်း)-ဒေါ်မြစိန်တို့၏သမီး၊ ဦးသူရမင်း-ဒေါ်ရွှေဝါထွန်း (ST Bakery)တို့၏အစ်မ၊ မောင်ဉာဏ်လင်းထွန်း(ခ)ဖိုးခွား၊ မောင်သန်းထိုက်စံ(ခ)လုံးစီတို့၏မိခင်သည် ၂၉-၁-၂၀၁၆ ရက် (သောကြာနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အေးသာယာစက်မှုဇုန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ဒါယကာကြီး
လင်ကျန်ဝှက်(ခ)ဦးအောင်ဝင်း
ပုသိမ်
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)၊ သီရိရတနာ့ရိပ်သာ၊ ရတနာသိပ္ပံလမ်း၊ အမှတ်(၁၄)နေ ဦးမောင်ကျင်-ဒေါ်စန်းမြင့်တို့၏သား၊ ရွှေလောင်းမြို့နေ ဦးအမိုင်-(ဒေါ်စန်းရင်)တို့၏သားသမက်၊ ဒေါ်နီနီခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မနှင်းယုအောင် လသာ(၂)ကျောင်းသူဟောင်း၊ မသီရိရွှေစင်(တတိယနှစ်၊ ဆေးတက္ကသိုလ်-၁)တို့၏ဖခင်သည် ၃၀-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဦးအောင်ခိုင်စိုး (B.Sc, Physics)အသက် (၄၄)နှစ်
2nd Mate F/G East Win Co.,Ltd.
CDC-38616

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း ၅၀၊ အမှတ် ၁၉၅၊ ပထမထပ်နေ (ဦးဘိုကေ-ဒေါ်သန်း)တို့၏မြေး၊ (ဦးမြသောင်း)-ဒေါ်ခင်အုန်းတို့၏သား၊ (ဦး သောင်းထိုက်စိုး)၊ ဦးအောင်ကျော်စိုး-ဒေါ်ချိုသက်နွယ်၊ ဒေါ်နှင်းရူပါတို့၏အစ်ကို ၊ မမေဇွန်မြတ်မိုး၏ဦးကြီးသည် ၃၀-၁-၂၀၁၆ ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ချောစုစုမွန်(ခ)ဒေါ်အိမွန်သူ အသက် (၃၆)နှစ်
WFP- Yangon office

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၉/B)နေ ဦးဝင်းဖေ-ဒေါ်မူမူအေးတို့၏သမီး၊ ဦးမြင့်ဦး-(ဒေါ်မြသိန်းကြူ)တို့၏သမီးချွေးမ၊ ကိုအေးလွင်-ဒေါက်တာဝင်းနွဲ့နွဲ့သူတို့၏ညီမ၊ မဖူးပြည့်ငြိမ်းချမ်း(ခ)ဘရဏီ(Grade-1, Horizon)၏အဒေါ်၊ မတူးတူးဝေ (Zifam Co.,Ltd)၊ မောင်ထွန်းနိုင်ဦး (Picasoft Computer)တို့၏အစ်မ၊ ကိုဖြိုးမောင်ဦး (Picasoft Computer)၏ ချစ်လှစွာသောဇနီး၊ မောင်ရာဇာမင်းခန့်(ခ) Toum Toum (Grade-2, Horizon)၏မိခင်သည်၂၇-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဖြိုးမောင်ဦး၏ ချစ်လှစွာသောဇနီး၊ မောင်ရာဇမင်းခန့်၏ ချစ်လှစွာသောမိခင် ဒေါ်ချောစုစုမွန် အသက်(၃၆)နှစ်သည် ၂၇-၁-၂၀၁၆ရက် ဗုဒ္ဓဟူးနေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

United Nations World Food Programme မိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်အပိုင်း(၃)၊ မြေကွက်အမှတ် (၁၇၁-A) ဧရိယာ ၀ဒသမ၄၃၈၈ဧက အမည်ပေါက် ဦးထွန်းထွန်းစိုး ၉/ကပတ(နိုင်)၀၁၈၅၇၉ထံမှ စာချုပ်စာတမ်းဖြင့် ဒေါ်လဲ့လဲ့ဝင်း ၁၂/မရက(နိုင်)၀၈၄၁၅၄ က ဝယ်ယူခဲ့ပြီး ၄င်းအမည်ဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒုရဲမှူး မဟော်တူး
သတင်းတပ်ဖွဲ့ (SB II)
အသက် (၈၃)နှစ်

သူငယ်ချင်း စီစီဘောက်မိုင်၏ မွေးသဖခင် ဒုရဲမှူးမဟော်တူးသည် ၂၂-၁-၂၀၁၆ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

၁/၈၉ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမော်လီမောင်
ပါမောက္ခ(ငြိမ်း)

အငြိမ်းစား ပါမောက္ခဆရာမကြီး ဒေါက်တာမော်လီမောင် အသက်(၈၀)သည် ၂၅-၁-၂၀၁၆ ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အမှတ် ၃၆-စီ၊ တန်းမြင့်ကျောင်းလမ်းနေအိမ်၌ ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သတ္တဗေဒမိသားစု၊ ကလေးတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာကြီးဦးမိုးရည်
ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်
အသက် (၇၉)နှစ်

မန္တလေးမြို့၊ မဟာမြိုင်(၁)၊ ခ-၇/၆၀၊ ၆၈ လမ်း၊ ၄၂ × ၄၈ လမ်းကြားနေ ဒေါ်ဌေးကြည်၏ခင်ပွန်း ဆရာကြီး ဦးမိုးရည်သည် ၂၇-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာမကြီးဒေါ်ကြည်ကြည်စိန်
ပါမောက္ခဌာနမှူး(ငြိမ်း)၊ မြန်မာစာဌာန၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေး
အသက် (၆၇)နှစ်

မန္တလေးမြို့နေ ကျောက်ဆည်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ(ငြိမ်း) ဆရာကြီး ဦးမြမောင်၏ဇနီး ဆရာမကြီး ဒေါ်ကြည်ကြည်စိန်သည် ၂၇-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဦးဇော်မြင့် (ဇော်ဇော်အောင်)
ကထိက(ငြိမ်း)၊ မြန်မာစာဌာန
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၈၁၊ ကျိုက်ဝိုင်းဘုရားလမ်းနေ ဒေါ်ခင်မေရီ၏ခင်ပွန်း မြန်မာစာဌာန၏ သက်ကြီးအပူဇော်ခံ ဆရာကြီးဦးဇော်မြင့်သည် ၂၆-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းဥ(အလုံ) အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊အောက် ကြည့်မြင်တိုင်လမ်း၊ အမှတ် ၁၄၇နေ (ဦးဉာဏ်ကြယ်-ဒေါ်အေးပို)တို့၏သမီး၊(ဦးစိန်-ဒေါ်ရှင်လေး)တို့၏သမီးချွေးမ၊ (ဦးကျော်)-ဒေါ်ဝင်းစိန်၊(ဦးအောင်တင်-ဒေါ်အုန်းကြည်)တို့၏ညီမ၊ ဒေါ်ခင်စိန်၏အစ်မ၊ (ဦးသိန်းဇံ)၏ချစ်လှစွာသောဇနီး၊ (ဦးအောင်မြင့်-ဒေါ်တင်တင်အေး)၊ (ဦးမောင်မောင်)-ဒေါ်ခင်တီတီ(အောင်ဘုန်းမြတ် သင်္ကန်းတိုက်)၊ (ဗိုလ်ကြီးသိန်းထွဋ်)-ဒေါ်သင်းသင်းလှ၊ ဦးမောင်မောင်ဇံ-ဒေါ်ထွေးထွေးသိန်း၊ (ဒေါ်ရင်ရင်ဇံ)၊ ဒေါ်ဝင်းဝင်းဇံ(အထက-၅၊ အလုံ)၊ (ဗိုလ်ကြီးမိုးမြင့်ဦး)-ဒေါ်ခင်မမ (အထက-၁၊ ပန်းဘဲတန်း၊ ငြိမ်း)၊ ဦးလှထွေး-ဒေါ်အေးသက်ပိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၃၀-၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမိုးရည်
(မြန်မာစာပါမောက္ခ-ငြိမ်း)
မြတ်ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း-နာယက
အသက်(၇၉)နှစ်

၂၇-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရတနာငွေသစ္စာ(မိသားစု)
ကူမဲမြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးမိုးရည်
(မြန်မာစာပါမောက္ခ-ငြိမ်း)
မြတ်ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း-နာယက
အသက်(၇၉)နှစ်

၂၇-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်မင်းမြင့်-ဒေါ်ဇင်မာလွင်(ကူမဲမြို့)
မောင်စွမ်းထက်အောင်(တက္ကသိုလ်ဝင်တန်း)

ဝမ်းနည်းကြေကွဲခြင်း
ဦးမိုးရည်
(မြန်မာစာပါမောက္ခ-ငြိမ်း)
မြတ်ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း-နာယက
အသက်(၇၉)နှစ်

၂၇-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မြင့်-ဒေါ်မိုးမိုး(ကူမဲမြို့)
မောင်မိုးမြင့်အောင်(နဝမတန်း)

ဝမ်းနည်းကြေကွဲခြင်း
ဦးမိုးရည်
(မြန်မာစာပါမောက္ခ-ငြိမ်း)
မြတ်ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း-နာယက
အသက်(၇၉)နှစ်

၂၇-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်လင်း-ဒေါ်ကြည်ကြည်ဝင်း(ကူမဲမြို့)
မောင်ကိုကိုအောင်(အဋ္ဌမတန်း)
မောင်ညီညီအောင်(အဋ္ဌမတန်း)

ဝမ်းနည်းကြေကွဲခြင်း
ဦးမိုးရည်
(မြန်မာစာပါမောက္ခ-ငြိမ်း)
မြတ်ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း-နာယက
အသက်(၇၉)နှစ်

၂၇-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဘိုဆွေ-ဒေါ်သန်းသန်းလွင်(ကူမဲမြို့)
ဘိုသူရိန်ဆွေ(တက္ကသိုလ်ဝင်တန်း)

ဝမ်းနည်းကြေကွဲခြင်း
ဦးမိုးရည်
(မြန်မာစာပါမောက္ခ-ငြိမ်း)
မြတ်ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း-နယက
အသက်(၇၉)နှစ်

၂၇-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇော်လွင်ဦး-ဒေါ်ဥမ္မာမြင့်(ရမည်းသင်း)
မစောယုသံလွင်(အဋ္ဌမတန်း)
ကျော်သီဟဇော်(ပဥ္စမတန်း)

ဦးဗညားအောင်ကြည်(ဘိုဘို) အသက်(၄၄)နှစ်
ပညာရေးတက္ကသိုလ်၊ လေ့ကျင့်ရေးကျောင်းသားဟောင်း (88/89)
B.E (E.P)၊ RIT (1989 th Batch) 3/E V.Ship. CDC (61082)

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် ၈၂နေ [ဗိုလ်မှူးခင်မောင်ကြည်(အငြိမ်းစား-ရေ)-ဒေါ်ခင်လှရီ]တို့၏ချစ်လှစွာသောသား၊ ဒေါ်ဥမ္မာကြည်(စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ငြိမ်း)၊ ဦးကျော်စွာကြည်(UNITEM MARINE CO., LTD) - ဒေါ်သီတာရွှေ၊ (ဦးအောင်မြင်ကြည်)၊ ဦးညီညီ (C/O WALLENIUS MARINE SINGAPORE)-ဒေါ်စန္ဒာရီ(စက်မှုစား/ကုန်၊ ငြိမ်း)၊ ဒေါ်ကြည်ချယ်ရီ (ဒု/ညွှန်မှူး၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ဦးဇော်အောင်-ဒေါ်ဇင်ကြည်ရီ၊(ဦးတေဇာအောင်ကြည်)၊ ဦးပြည့်ဝန်းဇော်-ဒေါ်စောစန္ဒာနွယ်(TULIPANO SPA)တို့၏ညီ/မောင်၊ ဦးသီဟအောင်ကြည်(ခေတ္တ-စင်ကာပူ)တို့၏အစ်ကို၊ တူ၊တူမ သုံးယောက်တို့၏ဦးလေးသည် ၃၀-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဖီးဖီးနော်သိန်းတင်
အသက်(၉၆)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ကရင်အမျိုးသားရပ်ကွက်၊သူဌေးကုန်းလမ်း၊ အမှတ် ၂၇နေ (စောဘသိန်း-နော်ချိုချို)တို့၏သမီး၊ (စောဖိုးတုတ်-နော်စိန်ပွင့်)တို့၏သမီးချွေးမ၊ (စောအောင်တင်ကြီး-နော်တေး)တို့၏အစ်မ၊ စောထဲနယ်၊ Rev. Dr. စောခရီးနာ-နော်သတိုဖော၊ တွဲဖက်ပါမောက္ခ ဒေါက်တာစောအီမာ-နော်ဂျိုးအဲနာ၊ (စောထွန်းနိုင်)-မမြင့်ဆွေတို့၏မိခင်၊ နော်မိုးပွင့်ဖြူ၊ စောအယ်တာတော၊ စောစေးလွယ်၊ နော်ဆုမြတ်နိုင်တို့၏ဖီးဖီး၊ (စောလှမောင်)၏ချစ်လှစွာသောဇနီးသည် ၃၁-၁-၂၀၁၆ရက် နံနက် ၇း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ အောက်မေ့ဖွယ်ခန်းမဆောင် (၁၄၃-မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်ခင်မြင့်(ခ)ကေ့ပိုးကြူး (ဒိုက်ဦး)
၃၅၁ ဘီရုံ၊ သိမ်ကြီးဈေး
သရဖူမွေ့ရာဆိုင်
အသက်(၉၀)

ရန်ကုန်မြို့၊ အနော်ရထာလမ်း၊ အမှတ် ၁၉၅နေ(ဦးချိန်ကျန်- ဒေါ်ငြိမ်းကြည်)တို့၏သမီး၊ (ဒေါ်ကျင်မြိုင်)၊ (ဦးကျင်စိန်-ဒေါ်ဝိုင်းကြည်)၊ (ဒေါ်ကျင်မြ)တို့၏ညီမ၊ လောင်ပင်ကျောင်း-(ဒေါ်ညိုညို)၊ ဦးအောင်မြင့်-ဒေါ်ဖြူဖြူဝင်း၊ ဦးကြီးမြင့်-ဒေါ်အေးမြင့်တို့၏အစ်မ၊ (ဦးခင်မောင်ဝင်း)၏ဇနီး၊ မုံရွာမြို့နေ ဒေါ်မြအေး၏အစ်မ၊ ဦးအောင်ထွေး-ဒေါ်မို့မို့ဝင်း၊ ဒေါက်တာကျော်နိုင်-ဒေါက်တာသီတာဝင်းတို့၏မိခင်၊ မသဇင်အောင်ထွေး၊ မမေစပယ်ကျော်၊ မဆုမြတ်သီတာ၊ မအိရတနာကျော်တို့၏အဘွားသည် ၂၈-၁-၂၀၁၆ရက် နံနက် ၁း၄၅နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့)နံနက် ၉နာရီတွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်လုဒ်စမေရီ(ခ)ဒေါ်လူထူ
စိန့်ဂျိုးဇက်ကွန်ဗင့် (မော်လမြိုင်)
အသက်(၈၆)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၇)ရပ်ကွက်၊ အမှတ် ၁၃၀၊ သပြေလမ်းနှင့်မော်လမြိုင်မြို့နေ(ဦးဂျိုးဇက်-ဒေါ်အယ်နမာ)တို့၏သမီး၊ (ဦးဂျက်ဂျိုးဇက်)-ဒေါ်သန်းမြိုင်၊ (ဦးအေဂျိုးဇက်-ဒေါ်ရီလာ)တို့၏ညီမ၊ [ဦးဘီဂျိုးဇက်(ခ)အာစရိ-ဒေါ်မေရီ]တို့၏အစ်မ၊ တူ၊တူမ ၁၂ယောက်တို့၏အဒေါ်၊ မြေး ၁၄ယောက်တို့၏အဘွားသည် ၃၀-၁-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၂-၂၀၁၆ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းခြင်း အစီအစဉ်ပြုလုပ်မည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမ
ဒေါ်ရှုရင်(ကြူကြူ)
(ဘားအံ၊ တောင်စွန်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၁၈၂/၁၈၄၊ အခန်း ၆၀၁နေ (ဦးယူကန်-ဒေါ်မြရင်မွှေး)တို့၏သမီး၊ (ဦးအင်းကောင်-ဒေါ်ကင်း)တို့၏သမီးချွေးမ၊ (ဦးကျော်စိုး)၏ဇနီး၊ ကိုထူးမြတ်-မယဉ်ယဉ်စိုး၊ မသွယ်သွယ်စိုး၊ မဇင်မာစိုးတို့၏ချစ်လှစွာသောမိခင်၊ မောင်ထူးနိုင်မိုးယံ၊ မောင်ဘုန်းပြည့်မိုးယံတို့၏အဘွားသည် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၂၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၆ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်ငွေ အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ ၁လမ်း၊ အမှတ် ၁၀၃၄နေ(ဦးမောင်ခင်-ဒေါ်ဆွမ်ကြိုး)တို့၏သမီး၊ ဦးခင်မောင်(တိ/မွေး/ကု-ငြိမ်း)၏ဇနီး၊ဒေါ်ခင်နှင်းရီ(YUFL)၊ဒေါ်တင်မိုးအေး(YCDC)၊ ဒေါ်အေးအေးမိုး(တိ/မွေး/ကု)၊ ဦးထွန်းမိုးကျော်-ဒေါ်ဝေဝေမောင်၊ ဒေါ်ယဉ်ယဉ်ထွေး(YCDC)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၂-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုချိုလွင် (KCL)
B.Sc (maths); Dip: in French (UFL)
(Sweet & Smart) Fashion Collection
အသက်(၅၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ကျီးသဲမြို့နေ (ဦးစံဝ-ဒေါ်သိန်းခင်)တို့၏သား၊(ဦးထွန်းရင်)-ဒေါ်ကျင်ယုံတို့၏တူ/သား၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်ဝေ၊ (ကိုဝင်းမြင့်)၊ (ကိုချိုတူး)တို့၏ညီ/မောင်၊ ကိုဝင်းမော်၊ ကိုဇော်မိုးလွင်တို့၏အစ်ကို၊ Designer မင်းသက်စံနှင့် (Sweet & Smart) Fashion Collection တို့၏ ကျေးဇူးရှင်ဖြစ်သူသည် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇း၃၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၂လမ်း၊ အမှတ် ၂၅၆ နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

မသော်သော်နန္ဒာ (ရွှေဘို)
ဒုတိယနှစ် (မြို့ပြ)
နည်းပညာတက္ကသိုလ်၊မန္တလေးမြို့
အသက်(၁၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့၊ မြို့မရပ်ကွက်နေ (ဦးဘသန်း)-ဒေါ်သန်းမေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ (၁)ရပ်ကွက်၊ ဘူတာ(ခ)နေ ဦးဘလှိုင်-ဒေါ်ရီ(အညာမြေ-ထမင်းဆိုင်)တို့၏မြေး၊ ဦးမျိုးဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ရွှေဘိုခရိုင်)-ဒေါ်သိန်းသိန်းဝင်း(အလက-၁၊ ရွှေဘို)တို့၏သမီး၊ မောင်ကောင်းကျော်(ပထမနှစ်၊ ရက္ခဗေဒ)၏ညီမသည် ၃၀-၁-၂၀၁၆ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါ၍ ၁-၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင်ရွှေဘိုမြို့ ဥသျှစ်ကန်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကျော့နု
ဆလက (စစ်တွေ)
အသက်(၈၉)နှစ်

စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်နေ (ဦးသာဒိုး - ဒေါ်မအေး)တို့၏သမီး၊ (ဦးသာထွန်းဦး - ဒေါ်စိုးမြဦး)တို့၏ညီမ၊ (ဒေါ်မဖြူ သတင်းစာကိုယ်စားလှယ်) ရှုပမြောက်၏အစ်မ၊ ဦးသာမြ၊ ဒေါ်နုနုအေး၊ (ဦးထင်ကျော်)တို့၏အဒေါ်သည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် သုခလမ်း၊ အမှတ် ၄၂ (ပထမထပ်) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်အေး
(ကန်တော်လေး)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး၊ ဒေါ်သိန်းတင်လမ်း၊အမှတ် ၈၂(ပထပ်)နေ(ဦးအောင်သိန်း)၏ဇနီး၊ (ဦးကျင်-ဒေါ်ပု)တို့၏သမီး၊ (ဦးထျုန်စိန်-ဒေါ်ညော်ညား)၊ (ဦးဘွန်လျောင်-ဒေါ်ရှုအိမ်)တို့၏သမီးချွေးမ၊ ဒေါ်ပြုံးပြုံး (ISL-Logistcs Co.,Ltd)၊ ဦးကိုကိုအောင်-ဒေါ်မြိုင်တင်စီ(OT Sister,EYE Hospital)၊ ဒေါ်သီသီထွေး(JETRO)၊ဒေါ်ကြူကြူ (Golden Hawks In't'L Ltd)၊ ဦးညီညီအောင် - ဒေါ်မိုးမိုးမြိုင် (HR. Manager, MICASA HOTEL) တို့၏မိခင်၊ မြေး သုံးယောက်တို့၏ အဘွားသည် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၂-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ယုလွင်(ခ)မယု
(မြိတ်/မော်လမြိုင်)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆) ရပ်ကွက်၊ဆင်မလိုက်၊ ယုဇနဟိုင်းဝေးအိမ်ရာဝင်း၊ နှင်းဆီလမ်း၊ အမှတ်(B)၊ အခန်း ၁၁၂နေ [ဦးခီးယာ(ခ)ဦးမောင်ကြည်-ဒေါ်သိန်း]တို့၏သမီး၊ (ဦးရွှေအောင်-ဒေါ်ထားစိန်)တို့၏သမီးချွေးမ၊ မော်လမြိုင်မြို့၊ ရွှေအင်ကြင်းခြံ၊ မြိုင်သာယာ၊ ၂၂လမ်း၊ အမှတ် ၃၃၄နေ ဦးဝေလင်း(ခ)ဦးမောင်မောင်၏ ဇနီး၊ မအင်ကြင်းဝေ(စတုတ္ထနှစ်၊ပထဝီ၊ မော်လမြိုင် တက္ကသိုလ်)၏မိခင်၊ ဦးသက်လွင်-ဒေါ်အာယုတို့၏ညီမ၊ ဦးသိန်းအင်-ဒေါ်စပယ်ခိုင်၊ ဦးကျော်ညွန့်-ဒေါ်အေးအေးယု၊ ဦးစင်းအင်-ဒေါ်စောကြည်၊ဦးဝွမ်အင်၊(ဦးအင်စိုး)၊ (ဦးထွေးအင်)-ဒေါ်သန်းသန်းနွယ်၊ ဒေါ်ဆွေဆွေယု၊ ဒေါ်ဝေဝေယု၊ ဦးသက်ထွေး(ခ) ဦးနိုင်-ဒေါက်တာငြိမ်းပပတို့၏အစ်မသည် ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၉း၅၂နာရီတွင် ရန်ကုန်မြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့)ညနေ ၆နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ယုဇနဟိုင်းဝေးအိမ်ရာဝင်းမှ ကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်ကောင်းခန့်သာ(ခ)
ဒူးဒူး (မကွေး)
အသက်(၁၃)နှစ်

မကွေးမြို့၊ ကန်သာရပ်၊ ၁၈လမ်း၊ အမှတ် (C-၇၆)နေ ဦးခင်မောင်ပိုက် (ရွှေစင်ဂိတ်တာဝန်ခံ) - ဒေါ်ဆွေဆွေသန်း၊ ဦးစံခင်-ဒေါ်စောကြည်တို့၏မြေး၊ ဦးအောင်ကိုကိုထွန်း (စင်ထွာဒစ်ဂျစ်တယ်ကတ္တား) - ဒေါ်ယဉ်ငြိမ်းအေး(A Ray Myanmar Travel & Tol)၊ ဦးခင်မောင်ဆွေ (စီးပွား/ကူးသန်း၊ နေပြည်တော်)-ဒေါ်ယဉ်လှိုင်းခတ် (စီးပွား/ကုန်သန်း၊ နေပြည်တော်)၊ ဒေါ်နေခြည်နွေးနွေးပိုက်(Save the Children)၊ မောင်ဟိန်းကျော်(ခ) မောင်သဲညွှာပိုက် (ခေတ္တ-ဟောင်ကောင်)တို့၏တူ၊ ဦးအောင်ဆန်းဝင်း (Pact/Myanmar Renewable Energy Project)-ဒေါ်ယဉ်ငြိမ်းချမ်း (အားကစားဝန်ကြီးဌာန၊ နေပြည်တော်) တို့၏သား၊ မောင်သီဟနိုင်အောင်၏ အစ်ကိုသည် ၃၀-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် မကွေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝဏ္ဏသရ
(ရပ်ကွက် သံဃနာယကအဖွဲ့၊ ဥက္ကဋ္ဌ)
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီကျောင်းတိုက်၊ မဟာဝိဇိတာရုံကျောင်းဆရာတော် (ရပ်ကွက်သံဃနာယကအဖွဲ့၊ ဥက္ကဋ္ဌ)၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ချောင်းဝကျေးရွာနေ (ခမည်းတော် ဦးလုံးချေ-မယ်တော် ဒေါ်အေးစံ)တို့၏သား ဘဒ္ဒန္တဝဏ္ဏသရ အရှင်သူမြတ်ကြီးသည် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၆ရက်) ၃၀-၁-၂၀၁၆ရက် (စနေနေ့) ည ၁၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပနပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာအပေါင်းနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မှတ်ချက်။ ။ မွန်းလွဲ ၁နာရီတွင်ကျောင်းမှကားများထွက်ခွာပါမည်။) ဈာပနဖြစ်မြောက်ရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးငွေနှင်း(ခ)ဦးစိန်ဝင်း (မြင်းခြံ)
စိုက်ပျိုးရေး(ငြိမ်း)
အသက်(၇၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နေ (ဦးဘမှီ-ဒေါ်ဖွားခင်)တို့၏သား၊ (ဦးအောင်ဂျမ်း-ဒေါ်ခင်ညွှန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက် ၂လမ်း၊ အမှတ်(၃၆/က)နေ ဒေါ်ခင်အုန်းကြင်၏ခင်ပွန်း၊ ဒေါက်တာအောင်ဆန်းလင်း-ဒေါက်တာကေသီနှင်း(သချာဌာန၊ မြင်းခြံဒီဂရီကောလိပ်)၊ ဦးနိုင်ဇော်မိုး-ဒေါက်တာနန္ဒာနှင်း(သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး)တို့၏ဖခင်ကြီး၊ မောင်သစ်ဆင်း၊ မောင်အောင်နန္ဒတို့၏ဘိုးဘိုးကြီးသည် ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇း၂၀နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဘုန်းမြင့် B.A, (Eng;)
ငွေအိမ်စည်သင်္ကန်းတိုက်
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ ၃လမ်း၊ အမှတ် ၁၃၁နေ (ဦးရဲမြင့်-ဒေါ်မြရီ)တို့၏သား၊ ဖျာပုံမြို့နေ (ဦးကြီးစိန်-ဒေါ်ကျင်မြ)တို့၏သားသမက်၊ ဒေါက်တာဒေါ်မြမြဦး(YTU)၊ ဒေါက်တာသန်းထွန်းဝေ-ဒေါ်နုနုစိန်(ခေတ္တ-UK)၊ ဒေါက်တာခင်ညို-ဒေါက်တာမိမိစိန် (ခေတ္တ-UK)၊ ဦးအေးလွင်-ဒေါ်သူသူစိုးတို့၏ညီ/မောင်၊ ဒေါ်အေးအေးစိန်(မြသီတာသင်္ကန်းတိုက်၊ ဖျာပုံ)၊ ဦးငွေလွင်-ဒေါ်မြင့်မြင့်စန်းတို့၏အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေး၊ မောင်နိုင်မင်းဦး၏ဖခင်၊ ဒေါ်တင်တင်စိန်(ငွေအိမ်စည်သင်္ကန်းတိုက်)၏ခင်ပွန်းသည် ၃၀-၁-၂၀၁၆ရက်(စနေနေ့) နံနက် ၁၁း၁၅နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဘုန်းမြင့် B.A., (Eng;)
ငွေအိမ်စည်သင်္ကန်းတိုက်
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ ၃လမ်း၊ အမှတ် ၁၃၁နေ (ဦးရဲမြင့်-ဒေါ်မြရီ)တို့၏သား၊ ဒေါ်သန်းသန်း၊ ဒေါ်ကျင်ရီ၊ ဒေါ်မြင့်မြင့်တို့၏တူ၊ ဒေါ်မြင့်မြင့်စိန်၊ ဦးမောင်မောင်-ဒေါ်ခင်သန့်လွင်၊ ဒေါ်ခင်ထားမြင့်၊ ဒေါ်ဝင်းဝင်းမာ၊ ဦးစောအောင်-ဒေါ်ဆွေဆွေမြင့်(ခေတ္တ-ကနေဒါ)တို့၏ညီ/မောင်၊ ဒေါ်သီတာမြင့်၏အစ်ကို၊ မောင်ပြည်စိုးအောင်-မမေခလာမျိုးဝင်း(မြစိမ်းမြန်မာကုမ္ပဏီ)၊မောင်အာကာဟိန်း-မအင်ကြင်းမောင်မောင်၊ မယုယုအောင်၊ မောင်ဇင်မင်းမောင်မောင်၊ မောင်လင်းထက်အောင်၊ (မောင်ထင်လင်းမောင်မောင်)တို့၏ဦးလေး၊ မောင်နိုင်မင်းဦး၏ဖခင်၊ ဒေါ်တင်တင်စိန် (ငွေအိမ်စည်သင်္ကန်းတိုက်)၏ခင်ပွန်းသည် ၃၀-၁-၂၀၁၆ရက်(စနေနေ့) နံနက် ၁၁း၁၅နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁-၂-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

၁၅နှစ်ပြည့်အလွမ်း
ချစ်ခင်ပွန်း ဗိုလ်ကြီးမျိုးထွန်းသိုက်
၁-၂-၂၀၀၁ မှ ၁-၂-၂၀၁၆
ခွဲခွာသွားသည်မှာ ၁၅နှစ်ပြည့်ခဲ့ပါပြီ။

တစ်နေ့မှမမေ့ရက်ပါ။ ပြုပြုသမျှကုသိုလ်ဒါနအစုစုကို ချစ်ခင်ပွန်းကောင်းရာဘုံဘဝမှ ရရှိခံစားနိုင်ပါစေ။

ချစ်ဇနီး ကြူကြူ
လင်းလင်းအီလက်ထရွန်နစ်

ဒေါ်မညွန့် (မောင်တော)
အသက်(၈၃)နှစ်

(ဦးသာထွန်းအောင်-ဒေါ်အိမ်သာဖြူ)တို့၏သမီး၊ ဦးမောင်ကြီး-ဒေါ်မမြသိန်း၊ (ဒေါ်အေးကျော့ဖြူ)၊ ဦးစိန်လှ(ခေတ္တ-Australia)တို့၏မိခင်၊ဦးထွန်းထွန်းနိုင်-ဒေါ်သန္တာအောင်၊ ဒေါ်စံပယ်ခိုင်(ခေတ္တ-Australia)၊ ဒေါ်သူဇာခိုင်၊ ဦးထွန်းထွန်းခိုင်၊ ဒေါ်စုစုခိုင်တို့၏အဘောင်ရှင်၊ မြစ်ခုနစ်ယောက်တို့၏အဖီးရှင်သည် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၃း၃၀နာရီတွင် တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၃၀၄(ပ) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
ဒေါ်ရှုရင် (ကြူကြူ)
(ဘားအံ၊ တောင်စွန်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၁၈၂/၁၈၄၊ အခန်း ၆၀၁နေ (ဦးကျော်စိုး)၏ဇနီး၊ ဦးဟုတ်စိန်-(ဒေါ်ငွေရင်)၊ ဦးစိုးမြင့်-ဒေါ်မီရင်၊ (ဦးလုဝါ)-ဒေါ်ဟုရင်၊ ဦးကိုကိုနိုင်-ဒေါ်ထွေးတို့၏အစ်မ၊ တူ၊တူမ ၁၅ယောက်တို့၏ အဒေါ်သည် ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၂၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မန္တလေး-လားရှိုး-မူဆယ်ကားလမ်း နှစ်လမ်းသွားမှ နိုင်လွန်ကတ္တရာလေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်နေ

လေးလမ်းသွား အမြန်အဆင့်မြှင့်တင်ဆောင်ရွက်တော့မည့် လားရှိုး-မူဆယ်ကားလမ်းအား စက်ကြီးများဖြင့် လမ်းချဲ့ဆောင်ရွက်နေစဉ်။

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-ကျော်မိုးလွင်

မန္တလေးမြို့မှ တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့အထိ မိုင်အားဖြင့် ၂၈၃ မိုင် ရှည်လျားသည့် မန္တလေး-ပြင်ဦးလွင်-ကျောက်မဲ-သီပေါ-လားရှိုး-သိန်းနီ-ကွတ်ခိုင်-နန့်ဖတ်ကာ-မူဆယ် အဝေးပြေးအာရှလမ်းမကြီး အမှတ်-၄ (AH-14) အား မူလ ၁၂ ပေ နှစ်လမ်းသွား ကတ္တရာလမ်းမှ လေးလမ်းသွား နိုင်လွန် ကတ္တရာကားလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ORIENTAL HIGHWAY CO.,LTD က ယခုနှစ်မှစ၍ ငါးနှစ်စီမံကိန်းဖြင့် ၂၀၂၀ ပြည့်နှစ်အပြီး ဆောင်ရွက်တော့မည်ဖြစ်သည်။

အဆိုပါ အဝေးပြေးကားလမ်းမကြီးသည် ၂၂-၇-၁၉၉၆၊ ၁၅-၇-၁၉၉၈၊ ၂-၁၂-၂၀၀၂ နှင့် ၁၈-၉-၂၀၀၈ ခုနှစ်တို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းထံမှ အေးရှားဝေါလ်ကုမ္ပဏီက BOT စနစ်ဖြင့် ဆောင်ရွက်ခဲ့သော ရှမ်းပြည်နယ်မြောက်ပိုင်းမှ အဝေးပြေးကားလမ်းမကြီးတစ်လမ်း ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❇

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဓာတုဗေဒ ကျောင်းသင်ခန်းစာပါရှိ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေရန် ပညာရေးဝန်ကြီးဌာနမှ ရေးသားပြုစုထားသော ကျောင်းသင်ခန်းစာများကို မြန်မာ့အလင်းသတင်းစာတွင် နေ့စဉ်ဘာသာရပ်အလိုက် ဖော်ပြပေးသွားမည်ဖြစ်ရာ ယနေ့တွင် ဓာတုဗေဒဘာသာရပ် အထူးကဏ္ဍအချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

ထူးခြားသည့်ညအပူချိန်များ

၃၁-၁-၂၀၁၆

ပင်လောင်းမြို့
၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့
၃ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့
၄ ဒီဂရီစင်တီဂရိတ်

အင်ပြည့်အားပြည့်ကူညီကယ်ဆယ်နိုင်ရေးအတွက် တစ်စတစ်စ ကြိုးစားစုဖွဲ့ပြင်ဆင်လာသော အမြန်လမ်းမကြီး ရဲတပ်ဖွဲ့

သတင်းဆောင်းပါး-ခင်မောင်ထွေး

နေပြည်တော်သို့ အစိုးရရုံးဌာနများပြောင်းရွှေ့ရုံးစိုက်ချိန်မတိုင်မီ တစ်လနှစ်လအလိုခန့်မှာပင် ကျွန်တော်တို့ဌာနမှ ကျွန်တော်အပါအဝင် ခုနစ်ဦးရှေ့ပြေးအဖြစ် နေပြည်တော်သို့ရောက်ခဲ့သည်။

ထိုစဉ်က နေပြည်တော် သပြေကုန်းအပိုင်းပင် မပီပြင်သေး။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဆိုရင်ဖြင့် ဝေလာဝေးအဆင့်ပင်။ သို့မို့ကြောင့် အားလပ်ရက် အိမ်ပြန်ချိန်တွင် နှစ်စီးတည်းသာရှိသေးသည့် ပုဂ္ဂလိကယာဉ်လိုင်းကို အားကိုးလျှင်ကိုး၊ သို့မဟုတ်ပါက မြန်မာ့မီးရထားကိုသာ အားကိုးရွေးချယ်ကြရသည်။

ပုဂ္ဂလိကယာဉ်လိုင်းက လက်မှတ်အခက်အခဲရှိသကဲ့သို့ ရန်ကုန်-မန္တလေးလမ်းဟောင်းမှတစ်ဆင့်

စာမျက်နှာ ၆ ကော်လံ ၁ ❖

အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိသူများနှင့် ပစ္စည်းများအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြစဉ်။

ဇေယျာရွှေမြေနှင့် ရှမ်းယူနိုက်တက် အမှတ်ခွဲယူ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

မုံရွာ ဇန်နဝါရီ ၃၁

၂၀၁၆ ရာသီ MNLအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ သရေရလဒ်များဖြင့်ပြီးဆုံးခဲ့သည်။

မုံရွာကွင်း၌ ယှဉ်ပြိုင်သောပွဲတွင် ဇေယျာရွှေမြေအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ နှစ်သင်းစလုံး ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းနိုင်ခဲ့သော်လည်း လေးပွဲတွင် သုံးပွဲအထိ သရေကျခဲ့သည့်ရှမ်းယူနိုက်တက်အသင်းမှာ ထိပ်ဆုံးမှ ရတနာပုံအသင်းနှင့်လေးမှတ်အထိ ကွာဟသွားခဲ့ပြီဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြိုပြင်ဆင်မှု များစွာပြုလုပ်ခဲ့သော်လည်း အသစ်ခေါ်ထားသည့် ကစားသမားများခြေစွမ်းမပြနိုင်သောကြောင့် အမှတ်များဆုံးရှုံးနေရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းတွင် ဒဏ်ရာပြဿနာရှိနေသည့် ကွင်းလယ်လူ ဂေါ်စတာဗိုနှင့် နောက်ခံလူ

စာမျက်နှာ ၁၄ ကော်လံ ၃ ❍

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ ဓာတုဗေဒဘာသာရပ်

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ ဆွေးနွေးမှာကတော့ ၂၀၁၆ ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဌာန်းစာအုပ်ပါ အကြောင်းအရာနဲ့ သတိပြုရမယ့် အချက်အလက်တွေပဲ ဖြစ်ပါတယ်။

ပထမဦးစွာ ဓာတုဗေဒမေးခွန်းပုံစံနဲ့ အမှတ်ခွဲဝေမှုတို့ကို ရှင်းပြလိုပါတယ်။ မေးခွန်းဟောင်းပုံစံအရ မေးခွန်းမှာ Section-A နဲ့ Section-B ဆိုပြီး အပိုင်း (၂) ပိုင်း ပါဝင်ပါတယ်။ Section-A မှာ Objective type တွေဖြစ်တဲ့ TRUE / FALSE, Fill in the blanks, Multiple choice နဲ့ Matching တွေကို နံပါတ် (၁) မှ နံပါတ် (၄) အထိ ၁ မှတ်တန်မေးခွန်း (၇) ပုဒ်စီ မေးထားပါတယ်။ နံပါတ် (၅) မှာ ၁ မှတ်တန် Definition (၈) ပုဒ် မေးထားတဲ့အတွက် စုစုပေါင်း (၃၆) မှတ်ဖိုး ဖြေဆိုရပါမယ်။

Section-B မှာတော့ short question ဆိုတဲ့ (၂) မှတ်တန် မေးခွန်း(၆) ပုဒ်ကို နံပါတ်(၆) မှာ မေးထားပါတယ်။ အားလုံးဖြေဆိုရမှာဖြစ်ပြီး ရွေးချယ်ခွင့်မရှိပါဘူး။ နံပါတ်(၇)မှာတော့ Medium question ဖြစ်တဲ့ (၄)မှတ်တန် မေးခွန်း (၈)ပုဒ်မေးပြီး (၅)ပုဒ်၊ နံပါတ် (၈) မှာတော့ (၈)မှတ်တန် (၈)ပုဒ်မေးပြီး (၄)ပုဒ်ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာ စုစုပေါင်း (၁၀၈) မှတ် ထဲက (၆၄) မှတ်ဖိုး၊ စုစုပေါင်း အမှတ်(၁၀၀) ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်း (၁) မှ (၅) အထိဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တဲ့အတွက် ဒီမေးခွန်းတွေ ဖြေဆိုတဲ့အခါမှာ သတိပြုရမယ့်အချက်တွေကို ဦးစွာရှင်းပြပါမယ်။

မေးခွန်း (၁) အမှား အမှန် ရွေးချယ်စေတဲ့မေးခွန်းမှာ အဖြေကို T (သို့) F လို့မရေးဘဲ TRUE (သို့) FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ပြည့်ရနိုင်မှာဖြစ်ပါတယ်။

မေးခွန်း (၂) ကွက်လပ်ဖြည့်တဲ့မေးခွန်းဖြေရာမှာ စာလုံးပေါင်းမှန်ရမယ့်အပြင် ပြည့်စုံရပါမယ်။ ဥပမာ (၁) …… is the purest form of industrial iron. ဆိုတဲ့ မေးခွန်းရဲ့ အဖြေဟာ Wrought iron ဖြစ်ရမယ့်အစား Rought iron (သို့) Wrought ion (သို့) wrought iron လို့ဖြေရင် မှားပါတယ်။ စာကြောင်းရဲ့အစဖြစ်လို့ capital letter နဲ့လည်း ဖြေရပါမယ်။

မေးခွန်း (၃) ရွေးချယ်တဲ့မေးခွန်းကို ဖြေဆိုတဲ့အခါ တိကျဖို့လိုပါတယ်။ အဖြေမှန်တစ်ခုထက် ပိုဖြေမိရင်လည်းကောင်း၊ အဖြေမှန် (၂)ခုကို တစ်ခုတည်းဖြေရင်လည်းကောင်း အမှတ်မရနိုင်ပါဘူး။ ဥပမာ (၂) Effect of pressure on [solids; liquids; gases] is negligible. ဆိုတဲ့မေးခွန်းအတွက် solids နဲ့ liquids လို့ဖြေမှ အမှတ်ပြည့်ရနိုင်ပါမယ်။

မေးခွန်း (၄) List A နဲ့ List B ပါအကြောင်းအရာကို ယှဉ်တွဲခြင်း မေးခွန်းအတွက် ပုဒ်ခွဲနံပါတ်အပြင် စာသားများအားလုံး အပြည့်အစုံဖော်ပြဖြေဆိုရပါမယ်။ ပုဒ်ခွဲနံပါတ်အက္ခရာ (a), (b), (c)... နဲ့ ပုဒ်ခွဲ နံပါတ် (i), (ii), (iii) ... တို့ဖြင့်သာ ယှဉ်တွဲဖော်ပြမယ်ဆိုရင် အမှတ်မရနိုင်ပါဘူး။ တစ်စုံမှားတွဲရင် နောက်တစ်စုံဟာ အလိုလိုအတွဲမှားသွားနိုင်တဲ့အတွက်ကြောင့် ဖြေဆိုရာမှာ သေသေချာချာစဉ်းစားပြီးမှ ယှဉ်တွဲပေးဖို့လိုပါတယ်။

နံပါတ် (၁) မှ (၄) အထိ Objective types မေးခွန်းတွေကို အမှတ်ပြည့်ရအောင် ဖတ်စာအုပ် တစ်အုပ်လုံးကို နှံ့နှံ့စပ်စပ်သိမှ ဖြေနိုင်မှာဖြစ်ပါတယ်။

မေးခွန်း (၅) မှာ (၁) မှတ်တန် Definition တွေ (၈) ပုဒ် ပါပါတယ်။ Definition ကို စာသားနဲ့ပဲ ဖြေဆိုရပါမယ်။ အကြောင်းအရာချင်းတူနေလျှင်ဖြစ်စေ၊ အဓိပ္ပာယ်ပြောင်းလဲမှုမရှိလျှင်ဖြစ်စေ မည်သည့် Definition ကိုမဆို ဖြေဆိုလို့ရပါတယ်။

ဥပမာ (၄) Avogadro's number ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ "The number of carbon atoms present in 12 g of 12_C. (OR) The number of particles present in 12 g of 12_C. (OR) The number of atoms present in the relative atomic mass is the same for all elements. The numerical value of this number is known as Avogadro's number." လို့ ဖြေဆိုနိုင်ပါတယ်။

အခုဆက်လက်ပြီး Section-B မေးခွန်း (၆) မှ (၈) အထိ ဖြေဆိုတဲ့အခါမှာ Chapter အလိုက် သတိပြုရမယ့်အချက်တွေကို ပြောပြပါမယ်။ ဒီ Section-B မှာ definition, law, explanation မေးရင် (၂)မှတ်ပေးတာကြောင့် example တွေ၊ Mathematical expression တွေပါ ထည့်ဖြေရပါမယ်။ ဥပမာ (၅)- State the Boyle's law အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်အပြင် Mathematical expression ကိုပါ ဖြေဆိုရပါမယ်။

Chapter (1) The Electronic Structures of Atoms, Periodic Table and Chemical Bonds အခန်းမှာ ဒြပ်စင်တစ်ခုရဲ့ အက်တမ်တစ်ခုမှာပါတဲ့ p, $\bar{e}$, n အရေအတွက်ကို တွက်တတ်ရမယ်။ ပါဝင်တဲ့ $\bar{e}$ တွေရဲ့ တည်ဆောက်ပုံအမျိုးမျိုး Electronic structures, Complete electronic structures နဲ့ Essential electronic structures၊ ဒီဒြပ်စင်ရဲ့ Periodic Table ရှိတည်နေရာ၊ ဒီဒြပ်စင်ရဲ့ valency, type of element တွေကို ရှာတတ်ရမယ်။ ဒြပ်စင်အချင်းချင်းပေါင်းစပ်တဲ့အခါ ဖြစ်လာမယ့် ဓာတ်စည်းအမျိုးအစား၊ ဒီဖြစ်လာတဲ့ ဒြပ်ပေါင်းရဲ့ electron dot – cross structure တွေကို ရေးတတ်ဖို့လိုပါတယ်။ octet rule ကိုလိုက်နာတဲ့ ဒြပ်ပေါင်းရှိသလို သွေဖည်တဲ့ ဒြပ်ပေါင်းတွေလည်းရှိတယ်ဆိုတာ သိထားရမယ်။ အဲဒီဒြပ်ပေါင်းတွေရဲ့ $\bar{e}$ dot-cross structure တွေကို လေ့ကျင့်ထားဖို့ လိုအပ်ပါတယ်။

ဥပမာ (၆) $_9F$ အတွက်ဆိုရင် Electronic structure ဟာ 2.7 ပဲ ရေးရေး၊ $1s^2\ 2s^2\ 2p^5$ လို့ပဲ ရေးရေး၊ Complete electronic structure ဆိုရင်တော့ $1s^2\ 2s^2\ 2p^5$ လို့ sub-shell တွေနဲ့ အပြည့်အစုံရေးရမယ်။ Essential electronic structure ဆိုရင် outermost shell $2s^2\ 2p^5$ ကိုပဲ ရေးရမယ်။ position ကတော့ Period 2, Group VIIB ဖြစ်ပြီး၊ Valency 1 ဖြစ်တယ်။ type of element ဆိုရင် broken line ရဲ့ညာဘက် p-block element ဖြစ်လို့ non-metal ဖြစ်ပြီး Halogen လည်းဖြစ်တယ်။ ဒီဒြပ်စင် F ဟာ Na metal နဲ့ ပေါင်းစပ်တဲ့အခါ ionic bond ပဲ ဖြစ်မယ်။ $\bar{e}$ dot-cross structure ကိုလည်း ရေးတတ်ရမယ်။

ချွင်းချက်အနေနဲ့ Al ဟာ dark line ရဲ့ ဘယ်ဘက်မှာရှိပြီး p-block element ဖြစ်ပေမယ့် metal ဖြစ်တယ်၊ metal နဲ့ non-metal ပေါင်းရင် ionic bond ဖြစ်တယ်ဆိုပေမယ့် Al metal နဲ့ Cl non metal ပေါင်းရင် covalent bond ဖြစ်တယ်။ ဒါ့အပြင် alkaline earth metal ဖြစ်တဲ့ Be နဲ့ non-metal Cl ပေါင်းရင်လည်း covalent bond ပဲဖြစ်တယ်ဆိုတာတွေကို သတိထားရလိမ့်မယ်။ ဘာကြောင့်လည်းဆိုတော့ ionic bond, covalent bond ဖြစ်နိုင်မှုဟာ ပေါင်းစပ်တဲ့ atom နှစ်ခုရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှု (electronegativity difference) အပေါ်မှာ မူတည်လို့ပဲ။ ဥပမာ- AlF_3 မှာ Al နဲ့ F ဟာ ionic bond ဖြစ်ပြီး၊ $AlCl_3$ မှာ Al နဲ့ Cl ဟာ covalent bond ဖြစ်တယ်။ Al နဲ့ F ရဲ့ လျှပ်စစ်ဓာတ်မဆွဲအား ခြားနားမှုဟာ 1.5 ထက်ကြီးပြီး Al နဲ့ Cl ရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှုဟာ 1.5 ဖြစ်တဲ့အတွက်ကြောင့်ဖြစ်တယ်။ Ionic compounds နဲ့ Covalent compounds တွေရဲ့ ခြားနားချက်တွေကိုလည်း သိထားရမယ်။

နောက်တစ်ခုကတော့ molecule တစ်ခုတည်းရှိ atom ပေါ်မှာ lone pair $\bar{e}$ ရှိပြီး ဒီပစ္စည်းက $\bar{e}$ deficient molecule နဲ့ ပေါင်းစပ်ရင် co-ordinate bond ဖြစ်ကြောင်း သိထားရမယ်။ ဥပမာ (7) NH_3 ရဲ့ nitrogen atom မှာ lone pair $\bar{e}$ ရှိပြီး၊ BF_3 ရဲ့ B atom မှာ $\bar{e}$ ၈ လုံးပြည့်ဖို့ (၂) လုံး လိုနေတာကြောင့် ယင်းဒြပ်ပေါင်း (၂) ခု ပေါင်းစပ်ရင် nitrogen က lone pair $\bar{e}$ စုံကိုပေးပြီး အဲဒီ $\bar{e}$ စုံကို N နဲ့ B တို့ဟာ ဖက်စပ်သုံးကြတယ်။ ဒါကြောင့် co-ordinate bond ကို Special type of covalent bond လို့ ခေါ်တယ်။

Periodic table ရဲ့ group နဲ့ period အလိုက် Periodic properties တွေဖြစ်တဲ့ atomic size, ionization energy, electron affinity, electronegativity နဲ့ electropositivity တွေ ပြောင်းလဲမှုကို လေ့လာတဲ့အခါ Atomတွေရဲ့ size ဟာ အုပ်စုတစ်ခုတည်းမှာ အပေါ်မှ အောက်သို့သွားရင် အရွယ်ကြီးလာပြီး အပိုင်းတစ်ခုတည်းမှာ ဘယ်ဘက်မှ ညာဘက်သို့ သွားရင် အရွယ်ငယ်သွားတာကို တွေ့ရပါမယ်။ Ionization energy နဲ့ electron affinity ကတော့ atomic size နဲ့ ပြောင်းပြန်ပြောင်းလဲခြင်းဖြစ်တာကို တွေ့ရပါမယ်။ period တစ်ခုတည်းမှာ ဘယ်ဘက်မှ ညာဘက်သို့သွားရင် electropositivity နည်းသွားပြီး electronegativity တိုးလာတာကို တွေ့နိုင်ပါတယ်။

ဒါပေမယ့် ခြွင်းချက်တော့ရှိပါတယ်။ Period 2 ထဲမှာ $_4Be$ ရဲ့ ionization energy က $_5B$ ထက်များနေပြီး $_7N$ ရဲ့ ionization energy ဟာ $_8O$ ထက် များနေတဲ့အကြောင်းတွေက Be မှာ fully filled 2s sub-shell ရှိပြီး N မှာတော့ half filled 2p sub-shell ရှိနေလို့ပါပဲ။ ဒါကြောင့် Be နဲ့ N ကတည်မြဲတယ်။ $\bar{e}$ ကိုထုတ်ဖို့မလွယ်ဘူး။ စွမ်းအင်အများကြီးလိုတယ်။ ဒါကြောင့် ionization energy ကြီးတာပေါ့။ Group VII B, halogens တွေထဲမှာ $_9F$ ရဲ့ electron affinity က $_{17}Cl$ ထက်ငယ်နေတဲ့အကြောင်းကတော့ F atom ဟာ အလွန်သေးငယ်တဲ့အတွက် ဝင်လာတဲ့ $\bar{e}$ ကို F atom မှာ ရှိပြီးသား e (9) လုံးက ပြင်းထန်စွာတွန်းကန်ကြတဲ့ F atom ရဲ့ anomalous behaviour ကြောင့်ဖြစ်တယ်။

Periodic table ထဲမှာ ionization energy အနည်းဆုံးအုပ်စုနဲ့ အများဆုံးအုပ်စုရှိသလို electron affinity အနည်းဆုံးအုပ်စုနဲ့ အများဆုံးအုပ်စုလည်း ရှိပါတယ်။ group IA (alkali metals) ဟာ ionization energy ရော electron affinity ပါ အနည်းဆုံးရှိပါတယ်။ Group IA metals တွေရဲ့ အပြင်ဘက်ဆုံးအခွံမှာ electron တစ်လုံးတည်းရှိနေတာကြောင့် စွမ်းအင်အနည်းဆုံးသုံးပြီး electron ကို လွယ်ကူစွာဖယ်ထုတ်နိုင်တဲ့အတွက် ionization energy နည်းပါတယ်။ electron affinity အတွက်ဆိုရင်လည်း အဲဒီ electron တစ်လုံးကို ကောင်းစွာထိန်းချုပ်မထားနိုင်တဲ့အတွက် နောက်ထပ် electron တစ်လုံးထပ်ထည့်ဖို့ ခက်ခဲတဲ့အတွက် ထွက်ပေါ်လာတဲ့ energy က နည်းသွားရခြင်း ဖြစ်ပါတယ်။ Group 0 (noble gases) မှ element တွေဟာ တည်မြဲတဲ့ electron တည်ဆောက်ပုံ ပိုင်ဆိုင်ထားတဲ့အတွက် အပြင်ဆုံးအခွံမှ $\bar{e}$ တစ်လုံးဖယ်ဖို့ခက်ပြီး စွမ်းအင်များများသုံးရလို့ ionization energy များရခြင်းဖြစ်တယ်။ group VII B (halogens) မှ element များမှာတော့ အပြင်ဘက်ဆုံးအခွံမှာ $\bar{e}$ (7) လုံးရှိကြပါတယ်။ နောက်ထပ် $\bar{e}$ တစ်လုံးထပ်ထည့်လိုက်ရင် noble gases တွေရဲ့ $\bar{e}$ တည်ဆောက်ပုံဖြစ်သွားကြလို့ $\bar{e}$ ထည့်ဖို့လွယ်ကူပြီး electron affinity များရခြင်းဖြစ်တယ်ဆိုတာ နားလည်ဖို့လိုအပ်ပါတယ်။

အခန်း (၂) မှာတော့ ဓာတ်ငွေ့နဲ့သက်ဆိုင်တဲ့နိယာမတွေကို အဓိပ္ပာယ်ဖွင့်ဆိုချက်များအပြင် mathematical expression, mathematical formula / equation, constant terms, measurable quantities နဲ့ units တွေပါသိထားဖို့လိုအပ်ပါတယ်။ Law နဲ့ပတ်သက်တဲ့ပုစ္ဆာတွေ တွက်တဲ့အခါမှာလည်း အသုံးပြုရမယ့် gas law equation နဲ့ unit များကို မှန်ကန်စွာ ရေးတတ်ဖို့ လိုပါတယ်။ unit များမလိုပါက မထည့်မိဖို့ သတိထားရပါမယ်။ law တွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် (သို့) mathematical expression/ formula ပေးပြီး law အမည်ကို ပြန်ရေးတဲ့အခါ အပြည့်အစုံဖော်ပြရပါမယ်။ Mathematical expression နဲ့ mathematical equation မတူတာ သေချာသိထားဖို့ လိုပါတယ်။

ဒီအခန်းမှာပါတဲ့ gas laws တွေကို Table 1 မှာ စုစည်းဖော်ပြထားပါတယ်။

ဒါ့အပြင် ဓာတ်ငွေ့ one mole ရဲ့ mass နဲ့ one molecule ရဲ့ mass တွေကို ခွဲခြားတတ်ရမယ်။ One mole of H_2 ရဲ့ mass ဆိုရင် 2 g ဖြစ်ပြီး one molecule of H_2 ရဲ့ mass ဆိုရင် 2 amu ဖြစ်တယ်ဆိုတာ သိရမယ်။

Chapter (3) Stoichiometry မှာတော့ ဓာတ်ပြုခြင်းတစ်ခုမှာပါတဲ့ ဓာတ်ပြုပစ္စည်း/ ဓာတ်ဖြစ်ပစ္စည်းတို့ရဲ့ပမာဏတွေကို law of conservation of mass, relative masses of atoms, the concept of the mole အစရှိတဲ့ ဓာတုနိယာမ၊ စည်းမျဉ်းတွေအပေါ်အခြေခံပြီး တွက်ချက်ရတာတွေ ပါပါတယ်။ ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းတွေရဲ့ formula mass/ formula weight, % composition တွေကိုလည်း တွက်တတ်အောင် လေ့ကျင့်ထားရပါမယ်။ ဓာတ်ပစ္စည်းများရဲ့ molecular mass (formula mass), relative molecular mass နဲ့ molar mass တွေကို တွက်ချက်ခြင်း၊ ဓာတ်ပစ္စည်းတွေရဲ့ ပမာဏကို mole (သို့) millimole နဲ့ တွက်ချက်ခြင်းတို့ကို သိရှိနားလည်ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုမှာပါဝင်တဲ့ ဓာတ်ပြုပစ္စည်းများအနက် ဓာတ်ပြုညီမျှခြင်းအရ လိုအပ်တာထက် နည်းပါးစွာ ပါဝင်နေတဲ့ပစ္စည်းကို limiting substance လို့ ခေါ်ပါတယ်။ အဲဒီဓာတ်ပြုခြင်းကဖြစ်ပေါ်လာတဲ့ ဓာတ်ဖြစ်ပစ္စည်းပမာဏဟာ limiting substance ပေါ်မူတည်နေကြောင်း နားလည်ဖို့ လိုပါတယ်။

Table 1 Summary of Gas Laws

Law	Constant factors	Variable factors	Mathematical expression	Mathematical equation
1. Boyle's law	mass & T	P, V	$V \propto 1/P$ (or) $P \propto 1/V$	$P_1V_1 = P_2V_2$
2. Charles' law	mass & P	V & T	$V \propto T$	$V_1/T_1 = V_2/T_2$
3. P-T relationship	mass & V	P & T	$P \propto T$	$P_1/T_1 = P_2/T_2$
4. Combined gas law	mass	P, V, T	$V \propto T/P$	$P_1V_1/T_1 = P_2V_2/T_2$
5. Gay-Lussac's law of combining volumes of gases	T & P	Volume	-	-
6. Avogadro's theory	T & P	V & no. of molecules	$V \propto n$	-
7. Dalton's law of partial pressures	T	P	-	$P_{total} = P_1+P_2+P_3+\ldots$
8. Graham's law of gaseous diffusion	T & P	Rate of diffusion & density of gas	$r \propto 1/(d)^{1/2}$	$\frac{r_1}{r_2} = \frac{(d_2)^{1/2}}{(d_1)^{1/2}}$ (or) $\frac{r_1}{r_2} = \frac{(M_2)^{1/2}}{(M_1)^{1/2}}$

Volumetric analysis (ထုထည်တိုင်းဓာတ်ခွဲခြင်း)မှာ Burette, Pipette, Conical flask တွေသုံးပြီး ပျော်ရည်အချင်းချင်းဓာတ်ပြုခြင်းကို လေ့လာတာဖြစ်ပါတယ်။ Titration, standardization, molarity, molar solution တို့ကို နားလည်ရမယ့်အပြင် equivalence point နဲ့ end point ခြားနားချက်တို့ကိုလည်း သိရှိရမှာဖြစ်ပါတယ်။ ပျော်ရည်များဖြစ်တဲ့အတွက် ယင်းပျော်ရည်များရဲ့ပြင်းအား (molarity) တွက်ချက်ခြင်း၊ စံပျော်ရည် (ပြင်းအားသိပျော်ရည်) ဖျော်ယူခြင်း၊ စံပျော်ရည်များအသုံးပြုပြီး acid-base titration လုပ်ဆောင်နိုင်ခြင်းတို့ကို သိရှိနားလည်ဖို့လိုပါတယ်။ Molarity (concentration) ရဲ့ unit တွေကိုလည်း သတိထားရမယ်။ amount of solute ကို mole နဲ့ပြရင် ထုထည်ကို dm^3 နဲ့ ထားရပြီး millimole နဲ့ပြရင်တော့ Volume ကို cm^3 နဲ့ ရေးရမှာဖြစ်တယ်။

Dilution of solution (ပျော်ရည်ရေရောခြင်း) ပုစ္ဆာမျိုးကို တွက်မယ်ဆိုရင် ယင်းပျော်ရည်ထဲမှာရှိတဲ့ total amount of substance (mole or millimole) မပြောင်းမှ $M_1V_1 = M_2V_2$ နဲ့ တွက်လို့ရတယ်ဆိုတာ သတိပြုရပါမယ်။ Titration ပုစ္ဆာတွေတွက်ရင် balanced equation ကို မှန်ကန်အောင်ရေးနိုင်ဖို့ အရေးကြီးပါတယ်။ Chemical formula မှားရင် equation မှားမယ် (သို့) formula မှန်နေပေမယ့် equation ညီတာမညီခဲ့ရင် mole ratio မှားနိုင်တာကြောင့် ပုစ္ဆာတစ်ပုဒ်လုံး မှားနိုင်တယ်ဆိုတာ အထူးဂရုစိုက်ရပါမယ်။ Molarity ရှာတဲ့အခါ Molarity ပုံသေနည်းကို မှန်ကန်ပြည့်စုံစွာ ရေးပြီးမှ တွက်ရပါမယ်။

Chapter (4) Electrolysis အခန်းကတော့ ပျော်ရည်အခြေအနေအမျိုးမျိုးတို့ကို လျှပ်ခေါင်းတိုင် အမျိုးမျိုးပြောင်းပြီး လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းတွေကို လေ့လာတဲ့အကြောင်းအရာဖြစ်ပါတယ်။ ဒီအခန်းမှာ conductor နဲ့ insulator ခြားနားချက်၊ electrolytes နဲ့ non-electrolytes ခြားနားချက်တွေကို နားလည်သဘောပေါက်ရန် လိုအပ်ပါတယ်။ Conductor ဟာ အခဲအခြေအနေဖြစ်စေ၊ အရည်အခြေအနေဖြစ်စေ၊ လျှပ်ကူးနိုင်တယ်။ metallic lattice ထဲမှာ valence $\bar{e}$ တွေရှိလို့ဖြစ်တယ်။ Cu, Ag တို့ဟာ solid conductor ဖြစ်ပြီး mercury ကတော့ liquid conductor ဖြစ်တယ်။ Insulator ကတော့ metallic lattice မရှိတဲ့အတွက် လျှပ်မကူးနိုင်ပါဘူး။ ဥပမာ-သစ်သား၊ ရော်ဘာ၊ ပလတ်စတစ်တွေပေါ့။

Electrolyte တွေကတော့ electrovalent compound ဖြစ်ပြီး သူတို့ရဲ့ အခဲရည်ပျော် သို့မဟုတ် ရေမှာဖျော်ထားသောပျော်ရည်မှာ ion တွေ ရွေ့လျားလို့ လျှပ်ကူးနိုင်တယ်။ ဥပမာ-NaCl အခဲရည်ပျော်နဲ့ NaCl ရေပျော်ရည်တွေဖြစ်တယ်။ non-electrolyte တွေက covalent compound ဖြစ်ပြီး molecule တွေဖြစ်တယ်။ ion တွေမပါလို့ လျှပ်မကူးနိုင်ပါဘူး။ ဥပမာ-သကြားပျော်ရည်၊ ယူရီယားပျော်ရည်တွေပေါ့။

Electrolysis လုပ်ရာမှာ molten salt (အခဲရည်ပျော်)နဲ့ aqueous salt solution (ဆားပျော်ရည်) ဘယ်လိုကွာခြားသလဲဆိုတာ သိထားရပါမယ်။ molten salt မှာ salt မှ ထွက်လာတဲ့ cation တစ်မျိုးနဲ့ anion တစ်မျိုး စီသာပါပြီး aqueous salt solution မှာတော့ အဲဒီ ion များအပြင် ရေမှ ထွက်လာတဲ့ H^+ နဲ့ OH^- ions တွေ ပါလာမယ်ဆိုတာသိရှိထားရပါမယ်။ electrode reaction ရေးရင် ထည့်သွင်းစဉ်းစားရပါမယ်။ ပျော်ရည်အမျိုးမျိုးကို လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းမှရလာတဲ့ ဓာတ်ဖြစ်ပစ္စည်းများဟာ electrochemical series မှာရှိတဲ့ သတ္တုများနဲ့ အုပ်စုများရဲ့တည်နေရာ၊ လျှပ်လိုက်ပစ္စည်းများရဲ့ ပါဝင်ကိန်း၊ လျှပ်ခေါင်းတိုင်များရဲ့

စာမျက်နှာ (ခ)သို့

စာမျက်နှာ (က)မှ

သဘာဝစတဲ့အချက်များက လွှမ်းမိုးနေကြောင်း ရှင်းရှင်းလင်းလင်းသိထားဖို့ လိုပါတယ်။

ဒါမှ cathode နဲ့ anode reactions များရေးနိုင်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက cathode မှာ ထွက်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက anode မှာထွက်မယ်ဆိုတာ မှန်ကန်စွာဆုံးဖြတ်နိုင်ပါမယ်။ ဥပမာ- fused (သို့) molten NaCl ဆိုရင် ရေမပါဘူး။ Na^+ နဲ့ Cl^- ion တွေပဲရှိတယ်။ ဒါကြောင့် cathode မှာ Na^+ ကပ်တင်ပြီး anode မှာ Cl_2 gas ထွက်မယ်။ Dilute NaCl ဆားပျော်ရည်ဖြစ်ရင်တော့ Na^+, Cl^- အပြင် H^+, OH^-တို့ကိုပါ စဉ်းစားရမယ်။ electrochemical series (E.C.S) ရဲ့ position အောက်ဘက်ရောက်လေ discharge ဖြစ်လွယ်လို့ H_2 နဲ့ O_2 gas တွေထွက်မယ်။ Moderately concentrated NaCl solution ဆိုရင်တော့ concentration effect ကြောင့် anode မှာ O_2 မထွက်ဘဲ Cl_2 ထွက်မယ်။ Brine (saturated NaCl solution) ကို Pt or graphite electrodes သုံးပြီး electrolysis လုပ်မယ်ဆိုရင်လည်း NaCl ရဲ့ ပြင်းအားများတာကြောင့် concentration effect ရှိတယ်။ Anode မှာ Cl_2 ပဲထွက်မယ်။ ဒါပေမယ့် brine ကို graphite anode နဲ့ mercury cathode သုံးပြီး electrolysis လုပ်ရင်တော့ nature of electrode နဲ့ concentration effect တွေပေါ်မှာ မူတည်ပြီး product တွေထွက်မယ်။ Electrolysis products အပေါ်မှာ သက်ရောက်တဲ့ အချက်တွေကို Table (4) မှာ ဖော်ပြထားပါတယ်။

Table 4 Factors Influencing Electrolysis Products

Electrolytes & theirs ions	Electrodes	Reactions at Anode	Reactions at Cathode	Anode product	Cathode product	Deciding factor
1) Fused NaCl (Na^+, Cl^-)	Pt (or) graphite	$2Cl^- \rightarrow Cl_2 + 2\bar{e}$	$Na^+ + \bar{e} \rightarrow Na$	$Cl_2\uparrow$	Na deposited	-
2) Dilute Aqueous NaCl solution (Na^+, Cl^-, H^+, OH^-)	Pt (or) graphite	$4OH^- \rightarrow 2H_2O + O_2 + 4\bar{e}$	$2H^+ + 2\bar{e} \rightarrow H_2$	$O_2\uparrow$	$H_2\uparrow$	E.C.S. effect
3) Saturated NaCl solution (brine) (Na^+, Cl^-, H^+, OH^-)	graphite	$2Cl^- \rightarrow Cl_2 + 2\bar{e}$	$2H^+ + 2\bar{e} \rightarrow H_2$	$Cl_2\uparrow$	$H_2\uparrow$	Concentration effect
	graphite anode & mercury cathode	$2Cl^- \rightarrow Cl_2 + 2\bar{e}$	$Na^+ + \bar{e} \rightarrow Na$ $Na + Hg \rightarrow Na/Hg$	$Cl_2\uparrow$	sodium amalgam	Nature of electrode & concentration effects

Faraday's laws တွေကို အသုံးပြုပြီး သတ္တုဒြပ်စင်တွေရဲ့ relative molecular mass၊ cathode ပေါ်မှာကပ်တင်တဲ့ သတ္တုပမာဏ၊ electrolysis လုပ်နေစဉ် ဖြတ်သန်းတဲ့လျှပ်စစ်ပမာဏနဲ့ anode မှာ ထွက်လာတဲ့ဓာတ်ငွေ့ထုထည်တွေကို တွက်ယူနိုင်ပါတယ်။ Electroplating လုပ်ငန်းများဖြစ်တဲ့ ကြေးရည်စိမ်ခြင်း၊ ငွေရည်စိမ်ခြင်းနှင့် ခရိုမီယမ်စိမ်ခြင်းတွေမှာလည်း Faraday's first law သုံးပြီး သတ္တုရည်စိမ်မယ့်ပစ္စည်းပေါ်မှာ ကပ်တင်စေမယ့် သတ္တုပမာဏ၊ လျှပ်စစ်ဖြတ်သန်းစေရမယ့်အချိန်၊ ဖြတ်သန်းရမယ့် လျှပ်စစ်ပမာဏတို့ကို ကြိုတင်တွက်ယူနိုင်ပါတယ်။ ဒ့ါအပြင် electroplating (၃)မျိုးမှာ အသုံးပြုထားတဲ့ electrolytes တွေ၊ anode မှာ သုံးတဲ့ metal တွေ၊ electrode reactions တွေကို Table (5) မှာ လေ့လာနိုင်ပါတယ်။ object ကိုတော့ cathode မှာပဲ ထားရမယ်ဆိုတာ သေချာစွာမှတ်သားထားစေလိုပါတယ်။

Table 5 Electroplating (for appearance and resistance to corrosion)

Name of Electroplating	Electrolytes used	Electrodes used as Cathode	Electrodes used as Anode	Reactions Cathode	Reactions Anode
(i) Cu plating	$CuSO_4$soln.	Object (article)	Cu	$Cu^{2+} + 2\bar{e} \rightarrow Cu$	$Cu \rightarrow Cu^{2+} + 2\bar{e}$
(ii) Ag plating	$KAg(CN)_2$	Object	Ag	$Ag^+ + \bar{e} \rightarrow Ag$	$Ag \rightarrow Ag^+ + \bar{e}$
(iii) Cr plating	$Cr_2(SO_4)_3$ in H_2SO_4 and water	Steel object	Pb	$Cr^{3+} + 3\bar{e} \rightarrow Cr$	$4OH^- \rightarrow 2H_2O + O_2 + 4\bar{e}$

Chapter (5) Oxidation and Reduction အခန်းမှာတော့ oxidation နဲ့ reduction တွေရဲ့အဓိပ္ပာယ်ကို ရှုထောင့်အမျိုးမျိုးမှ ဖွင့်ဆိုသတ်မှတ်နိုင်ပါတယ်။ ဒြပ်စင်တွေ၊ ဒြပ်ပေါင်းတွေနဲ့ ions တွေမှာရှိတဲ့ element တွေရဲ့ Oxidation number တွက်ပုံတွက်နည်းကို လေ့ကျင့်ထားရပါမယ်။ Oxidation no. ရေးရင် သင်္ချာဂဏန်းရဲ့ရှေ့မှာ (+) (-) လက္ခဏာထည့်ပြီး ဖော်ပြရပါမယ်။ Ion တွေရဲ့ charge ကိုရေးရင် သင်္ချာဂဏန်းရဲ့နောက်မှာ လက္ခဏာထည့်ရမယ်။

Oxidizing agent (ဓာတ်တိုးစေသောပစ္စည်း)နဲ့ reducing agent (ဓာတ်လျှော့စေသောပစ္စည်း) ခြားနားချက်တွေကတော့ $\bar{e}$ တွေကို လက်ခံတဲ့ပစ္စည်းဟာ Oxidizing agent ဖြစ်ပြီး $\bar{e}$ ထုတ်ပေးတဲ့ပစ္စည်းက reducing agent ဖြစ်တယ်။ တခြားပစ္စည်းများကို ဓာတ်တိုးစေပြီး ကိုယ်တိုင်ဓာတ်လျှော့ရင် Oxidizing agent ဖြစ်တယ်။ တခြားပစ္စည်းများကို ဓာတ်လျှော့စေပြီး ကိုယ်တိုင်ဓာတ်တိုးရင် reducing agent ဖြစ်တယ်ဆိုတာ သိထားသင့်တယ်။ Oxidizing agent နဲ့ reducing agent တွေ ပေးထားရင်လည်း ရွေးတတ်ရမယ်။

Redox reaction တွေမှာ reducing agent ရှိ $\bar{e}$ တွေက oxidizing agent ဆီ ကူးပြောင်းသွားတာကို သဘောပေါက်နားလည်ရမယ်။

Chapter (4) Electrolysis အခန်းမှာတွေ့ခဲ့ရတဲ့ Electrolytic process တွေမှာ Redox reaction တွေ ပါဝင်နေတယ်။ ဓာတ်ဖို ion (cation) တွေက cathode (ဓာတ်မတိုင်)မှာ ဓာတ်လျှော့ခြင်း ဖြစ်ပေါ်ကြပြီးတော့ ဓာတ်မ ion (anion) တွေက anode (ဓာတ်ဖိုတိုင်)မှာ ဓာတ်တိုးခြင်းဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိထားမှ electrode တွေပေါ်မှာဖြစ်ပေါ်တဲ့ half-reaction တွေကို မှန်မှန်ကန်ကန်ရေးနိုင်ပါမယ်။

ဓာတ်တိုးဓာတ်လျှော့ညီမျှခြင်းညှိရာမှာ ညှိပုံ (၂)မျိုး oxidation number method နဲ့ half-reaction method ရှိပါတယ်။ မေးခွန်းမှာ ဘယ်နည်းနဲ့မေးမေး၊ အဆင့်ဆင့်ဖြေဆိုနိုင်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ oxidation number method နဲ့ ဖြေမယ်ဆိုရင် ပေးထားတဲ့ညီမျှခြင်းမှာပါတဲ့ ဓာတ်တိုးဓာတ်လျှော့ဖြစ်တဲ့ element (သို့) ion များအပေါ်မှာ element/atom တစ်လုံးရဲ့ oxidation number ကို ဖော်ပြခြင်း၊ oxidize ($-\bar{e}$) / reduce ($+\bar{e}$) ရေးပေးရခြင်း၊ $\bar{e}$ transfer အရေအတွက် (oxidation ဖြစ်တဲ့ atom အတွက် $\bar{e}$ ဆုံးရှုံးမှုနဲ့ reduction ဖြစ်တဲ့ atom က $\bar{e}$ ရရှိမှု)တွေကို မှန်မှန်ကန်ကန် ရေးပေးရပါမယ်။ ခဲတံနဲ့မရေးမိဖို့လည်း သတိပြုရပါမယ်။ Oxidation number ကို သက်ဆိုင်ရာ အက်တမ်ရဲ့အပေါ်မှာပဲ ရေးခွင့်ရှိပါတယ်ဆိုတာ သေသေချာချာမှတ်ထားပေးဖို့လိုပါတယ်။

Half-reaction method ဆိုရင်တော့ oxidation နဲ့ reduction ဖြစ်တဲ့ half-reaction နှစ်ကြောင်းခွဲရေးပြီး အဆင့်ဆင့်မှန်ကန်စွာ ဖြေဆိုပေးရပါမယ်။ နောက်ဆုံးအဖြေထုတ်တဲ့ညီမျှခြင်းကို အသေးငယ်ဆုံး mole အရေအတွက်နဲ့ ဖော်ပြရမယ်။

Chapter (6) Rates of Reactions and Equilibria အခန်းမှာတော့ ဓာတ်ပြုနှုန်းနဲ့ ဓာတ်ပြုမျှခြေဆိုင်ရာအကြောင်းအရာတွေ ပါပါတယ်။ ဓာတ်ပြုနှုန်းဆိုတာ အချိန်တစ်ယူနစ်အတွင်း ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းများရဲ့ ပြောင်းလဲခြင်းဖြစ်တယ်။ ဓာတ်ပြုနှုန်းနှေးရင် အချိန်ကြာပြီး ဓာတ်ပြုနှုန်းမြန်ရင် အချိန်တိုပါတယ်။ ဒါကြောင့် ဓာတ်ပြုနှုန်းဟာ အချိန်နဲ့ပြောင်းပြန်အချိုးကျတယ်။ လုံလောက်တဲ့စွမ်းအင်နဲ့ ဓာတ်ပြုခြင်းဖြစ်စေမယ့် သင့်လျော်တဲ့အနေအထားမှာ ဓာတ်ပြုပစ္စည်းများ အချင်းချင်းထိတိုက်မှု အကြိမ်များလေလေ ဓာတ်ပြုနှုန်းမြန်လေလေဖြစ်တယ်။

ဓာတ်ပြုခြင်းတစ်ခုရဲ့မြန်ခြင်း၊ နှေးခြင်းအပေါ် သက်ရောက်တဲ့အချက်(၆)ချက်ရှိတယ်။ ဓာတ်ပြုပစ္စည်းများရဲ့ ပါဝင်ကိန်း၊ ဖိအား၊ အပူချိန်၊ ဓာတ်ကူပစ္စည်းများ၊ ရောင်ခြည်နဲ့ ဓာတ်ပြုပစ္စည်းများရဲ့ မျက်နှာပြင်ဧရိယာတို့ဖြစ်တယ်။

Mg ribbon 1 g နဲ့ 0.5 M HCl တို့ရဲ့ ဓာတ်ပြုနှုန်းဟာ Mg ribbon 1 g နဲ့ 1 M HCl တို့ ဓာတ်ပြုနှုန်းထက် နှေးတာကိုတွေ့ရတယ်။ အဲဒါဟာ effect of concentration of reactants ဖြစ်တယ်။ HCl ရဲ့ ပါဝင်ကိန်းကိုတူအောင်ထားပြီး Mg ribbon အစား powder သုံးရင် ဓာတ်ပြုနှုန်းမြန်တာတွေ့ရပါမယ်။ ဒါက effect of surface area of reactants ဖြစ်ပါတယ်။

Effect of pressure ကတော့ ဓာတ်ပြုခြင်းတစ်ခုတည်းမှာ ဓာတ်ငွေ့များနဲ့သာ သက်ဆိုင်တယ်။ Solids, liquids နဲ့ aqueous solutions များ ပါဝင်ခဲ့ရင် ဖိအားသက်ရောက်မှုမရှိနိုင်ပါ။ သံစလေးတွေဟာ oxygen ၂၀% သာပါတဲ့လေထဲမှာ ဖြည်းညင်းစွာလောင်ကျွမ်းပြီး pure oxygen မှာတော့ မီးပွားများထွက်ပြီး ပြင်းထန်စွာလောင်ကျွမ်းတာကိုတွေ့ရပါတယ်။ oxygen ပါဝင်မှုများလေလေ ယင်းဓာတ်ငွေ့ရဲ့ဖိအားလည်း များလေလေဖြစ်ပြီး ဓာတ်ပြုနှုန်းလည်းမြန်လာတယ်။

Effect of temperature မှာတော့ ဓာတ်ပြုခြင်းများဟာ နိမ့်တဲ့အပူချိန်ထက်မြင့်တဲ့ အပူချိန်မှာ လျင်မြန်စွာ ဓာတ်ပြုနိုင်ကြတယ်။ ဒါကြောင့် ရေခဲသေတ္တာထဲမှာ သိမ်းဆည်းထားတဲ့ အစားအစာတွေဟာ အခန်းအပူချိန်မှာထားတဲ့ အစားအစာတွေထက် ပုပ်သိုးပျက်စီးမှုနှေးတာကို တွေ့နိုင်ပါတယ်။ အပူချိန် ၁၀ ဒီဂရီ မြင့်လာရင် ဓာတ်ပြုနှုန်းဟာ ၂ ဆ ပိုမြန်လာတယ်လို့ ဆိုပါတယ်။

Effect of catalysts မှာ positive catalyst နဲ့ negative catalyst (၂)မျိုးရှိတယ်။ H_2O_2 ကို MnO_2 အပေါ်တစ်စက်ချင်းချလိုက်ရုံနဲ့ ရေနဲ့ အောက်ဆီဂျင်အဖြစ် အမြန်ဆုံးပြိုကွဲသွားနိုင်လို့ MnO_2 ဟာ positive catalyst ဖြစ်တယ်။ ဒါပေမယ့် glycerine ကတော့ H_2O_2 ပြိုကွဲနှုန်းကို နှေးစေလို့ negative catalyst ဖြစ်တယ်။

Enzyme (biocatalyst) ကို သက်ရှိများရဲ့ တစ်ရှူးများမှာတွေ့ရတယ်။ အစာခြေအင်ဇိုင်းများဖြစ်တဲ့ တံတွေးထဲမှ ptyalin နဲ့ အစာအိမ်အရည်ထဲမှ pepsin enzymes တွေဟာ starch နဲ့ proteins တို့လို မော်လီကျူးကြီးတွေကို ခန္ဓာကိုယ်ဆဲလ်များမှ အသုံးပြုနိုင်တဲ့ sugar လို သေးငယ်တဲ့ မော်လီကျူးများအဖြစ်ခြေဖျက်ရာမှာ လျင်မြန်စေတဲ့အတွက် ယင်းအင်ဇိုင်းများဟာ positive catalysts များဖြစ်ကြတယ်။

Effect of radiation ကို ဓာတ်ပြုခြင်းတချို့မှာ တွေ့နိုင်ပါတယ်။ H_2 နဲ့ Cl_2 gas တို့ဟာ တောက်ပတဲ့ နေရောင်အောက်မှာ ပြင်းထန်စွာပေါက်ကွဲပြီးဓာတ်ပြုနိုင်တယ်။ အလင်းရောင်စုပ်ယူပြီးမှဖြစ်တဲ့ ဓာတ်ပြုခြင်းကို photo-chemical reaction လို့ခေါ်ပါတယ်။

Chapter (6) ရဲ့ နောက်ပိုင်းက မျှခြေ (equilibrium) အပိုင်းဖြစ်တယ်။ ဓာတ်ပြုခြင်းတစ်ခုမျှခြေရောက်ဖို့ ဒီဓာတ်ပြုခြင်းဟာ အပြန်အလှန်ဓာတ်ပြုခြင်းအမျိုးအစား ဖြစ်ရပါမယ်။ Reversible reaction မှာ ရှေ့သို့ဓာတ်ပြုခြင်း (forward reaction) ဆိုတာ product ဖြစ်တဲ့ဘက်၊ ညာဘက်သို့ သွားခြင်းဖြစ်တယ်။ ရှေ့သို့ ဓာတ်ပြုခြင်းနဲ့ ဆန့်ကျင်ဘက်သွားတဲ့ ဓာတ်ပြုခြင်းကို reverse reaction လို့ခေါ်တယ်။ product တွေပြန်ပြိုကွဲပြီး reactant ပြန်ဖြစ်သွားတာပါ။ မျှခြေရောက်ပြီဆိုရင်တော့ ဓာတ်ပြုခြင်း (၂)ခုလုံးရဲ့ ဓာတ်ပြုနှုန်းကတူသွားပြီး ပါဝင်ပစ္စည်းများရဲ့ ပါဝင်ကိန်းတွေ မပြောင်းတော့ပါဘူး။ ဒါပေမယ့် reaction က ရပ်သွားတာမဟုတ်ဘဲ ရှေ့သို့နဲ့ နောက်ပြန်ဓာတ်ပြုခြင်းတွေဖြစ်နေဆဲပဲ။ ဒါကို dynamic equilibrium လို့ ခေါ်တယ်။ ဒီ dynamic equilibrium ပေါ်ကို သက်ရောက်မှုတွေပေးလိုက်ရင် မျှခြေလားရာပြောင်းလဲပုံကို LeChatelier's principle က ဖော်ပြထားတယ်။

ဒီမျှခြေကိုပျက်စီးစေတဲ့ သက်ရောက်မှု (၃)ခု ရှိပါတယ်။ temperature, pressure နဲ့ concentration တို့ပဲ ဖြစ်ပါတယ်။ မျှခြေကို ရောက်နေတဲ့ ဓာတ်ပြုခြင်းတစ်ခုမှာ အပူချိန်မြှင့်လိုက်ရင် အပူစုပ်တဲ့ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်ပြီး မျှခြေယာယီပျက်သွားပါတယ်။

ထို့နည်းတူပဲ ဖိအားမြှင့်ပေးခဲ့ရင် ဓာတ်ငွေ့ပါတဲ့ဓာတ်ပြုခြင်းတွေမှာ Boyle's law အရ ထုထည် ကျုံ့တဲ့ဘက်ကို ဦးတည်ပြီး ဓာတ်ပြုခြင်းဖြစ်ကာ မျှခြေယာယီပျက်သွားပါတယ်။ ဓာတ်ငွေ့ reactant နဲ့ product တွေရဲ့ mole (သို့) volume တူရင် ဖိအားသက်ရောက်မှုမရှိပါဘူး။ LeChatelier's principle နဲ့ပတ်သက်တဲ့ ပုစ္ဆာတွေကိုလည်း လေ့ကျင့်ထားဖို့လိုပါတယ်။

ပါဝင်ပစ္စည်းများဖြစ်တဲ့ reactant နဲ့ product တွေရဲ့ပါဝင်ကိန်းတွေကို ပြောင်းပေးရင် ပါဝင်ကိန်းများတဲ့ဘက်မှ နည်းတဲ့ဘက်ကို ဦးတည်ပြီးမျှခြေယာယီပျက်သွားပါတယ်။ ဒါပေယ့် တစ်ချိန်ချိန်မှာ မျှခြေကို ပြန်ပြီးရောက်သွားပါတယ်။ ဒါကြောင့် reversible reaction တွေဟာ အချိန်ဘယ်လောက်ကြာကြာ ဓာတ်ပြုပစ္စည်းကုန်ဆုံးသွားတာမျိုး မရှိပါဘူး။

Chapter (7) မှာတော့ Energy changes in chemical reactions (ဓာတ်ပြုခြင်းများနဲ့ သက်ဆိုင်တဲ့ စွမ်းအင်ပြောင်းလဲခြင်း) တွေကို ဖော်ပြထားပါတယ်။ Energy အမျိုးအစားများနဲ့ ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်ရင် အပူထွက်ခြင်း (သို့) အပူစုပ်ခြင်းအကြောင်းတွေကို တွေ့ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုဖြစ်လို့ ပတ်ဝန်းကျင်ကိုအပူတွေထွက်လာရင် exothermic reactions လို့ခေါ်ပြီး အပူပြောင်းလဲခြင်း $\triangle H^\theta$ တန်ဖိုးကို အနုတ်လက္ခဏာနဲ့ဖော်ပြရတယ်။ အကယ်၍ ဓာတ်ပြုခြင်းတစ်ခုဖြစ်ဖို့ ပတ်ဝန်းကျင်မှ အပူကိုစုပ်ယူရရင် Endothermic reaction လို့ခေါ်ပြီး $\triangle H^\theta$ တန်ဖိုးကို အပေါင်းလက္ခဏာနဲ့ ပြရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်တဲ့အခါ heat absorbed (သို့) heat released ဖြစ်ခြင်းကို constant pressure မှာလေ့လာခဲ့ရင် Enthalpy change ($\triangle H$) လို့ သတ်မှတ်တယ်။ အကယ်၍ standard temperature (25 °C/ 298K) နဲ့ standard pressure (1 atm/ 760 mmHg) မှာ လေ့လာမယ်ဆိုရင် Standard enthalpy change ($\triangle H^\theta$) ဖြစ်တယ်ဆိုတာ သတိပြုရပါမယ်။ Thermochemical equations တွေကို ရေးသားတဲ့အခါမှာ ဓာတ်ပစ္စည်းတွေရဲ့ အပူပြောင်းလဲခြင်း (အပေါင်း (သို့) အနုတ်လက္ခဏာ)များ၊ physical states တွေကို ထည့်ပေးဖို့ လိုအပ်ပါတယ်။

ဓာတ်ပြုခြင်းအမျိုးမျိုးမှရလာတဲ့ heat change တွေမှာ heat of combustion, heat of formation of a compound နဲ့ heat of neutralization ဆိုပြီး (၃) မျိုးရှိပါတယ်။ ယင်းတို့ရဲ့ symbol တွေ၊ $\triangle H^\theta$ တန်ဖိုးကို (+) (သို့) (-) လက္ခဏာဖော်ပြခြင်းတွေ၊ unit တွေကို ခွဲခြားပြီးမှတ်သားထားရပါမယ်။

Hess's law ပုစ္ဆာတွေနဲ့ပတ်သက်ပြီး သတိထားရမယ့်အချက်တွေကတော့ ပေးထားချက်နဲ့ နောက်ဆုံးအဖြေဟာ heat of formation (သို့) heat of combustion လားဆိုတာကို မေးခွန်းမှာ သေသေချာချာဖတ်ပြီးမှ ဓာတ်ပြုညီမျှခြင်းရေးခြင်း၊ ညှိခြင်း၊ $\triangle H^\theta$ တန်ဖိုးများရေးခြင်းတို့ လုပ်ရပါမယ်။ physical state, heat change ($\triangle H^\theta$) ရဲ့ လက္ခဏာတွေနဲ့ unit များကို ပြည့်ပြည့်စုံစုံထည့်သွင်း ဖော်ပြရပါမယ်။ heat of combustion ဖြစ်တဲ့ element (or) compound က 1 mole သာဖြစ်ရမယ်။ heat of formation ဖြစ်တဲ့ compound က 1 mole ဖြစ်တဲ့အပြင် ယင်း compound မှာပါတဲ့ elements တွေသာ ပေါင်းပြီး ဓာတ်ပြုရမယ် ဆိုတာတွေကို သတိပြုရပါမယ်။

Heat of combustion နဲ့ heat of formation တွေအတွက် unit က $kJmol^{-1}$ ဖြစ်ပြီး heat of formation ကို သင်္ကေတ $\triangle H^\theta_f$ နဲ့ ဖော်ပြရမယ်။ ဓာတ်ပြုညီမျှခြင်းများကို မြှောက်ဖော်ကိန်းတစ်ခုခုနဲ့ မြှောက်လိုက်ရင် unit ဟာ kJ ဖြစ်သွားပြီး မူလအပူတန်ဖိုးပြောင်းလဲသွားပါမယ်။ ဓာတ်ပြုညီမျှခြင်းများကို ပြောင်းပြန်ရေးလိုက်ရင်လည်း heat change ရဲ့ unit မှာ kJ ဖြစ်ပြီး လက္ခဏာပါ ပြောင်းပေးရပါမယ်။ နောက်ဆုံးအဖြေမှာ heat of combustion ဆိုရင် သင်္ကေတက $\triangle H^\theta$ နဲ့ heat of formation ဆိုရင် သင်္ကေတဟာ $\triangle H^\theta_f$ ဖြစ်ပါတယ်။ unit တွေမှာ $kJmol^{-1}$ ဖြစ်ရမယ်ဆိုတာ သေသေချာချာ သိထားဖို့ လိုပါတယ်။ heat change ပါတဲ့ thermochemical equation ပေးပြီး ၎င်း equation ရှိ substance တွေရဲ့ mass ကို မေးတဲ့ ပုစ္ဆာတွေကိုလည်း လေ့လာထားရပါမယ်။

Chapter (8) Some important metals and their compounds နဲ့ Chapter (9) Metal reactivity ကတော့ metallurgy (သတ္တုဗေဒ) နဲ့ ပတ်သက်တဲ့အခန်းတွေဖြစ်တယ်။ Metal တွေကို သူတို့ရဲ့ သတ္တုရိုင်း (Ores) တွေမှ ထုတ်ပုံ၊ metal တွေရဲ့ reactivity ပေါ်မူတည်ပြီး ဘယ်သတ္တုတွေကို electrolysis နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို reduction နည်းနဲ့ ထုတ်မယ်၊ ဘယ်သတ္တုတွေကို သဘာဝအတိုင်း တွေ့ရှိနိုင်တယ်ဆိုတာကို လေ့လာထားရပါမယ်။

သတ္တုတွေနဲ့ အက်ဆစ်၊ လေ (အောက်ဆီဂျင်)၊ ရေ၊ ရေငွေ့တို့နဲ့ ဓာတ်ပြုနိုင်စွမ်းသတ္တိတွေကို ဖော်ပြထားတဲ့ reactivity series ကိုလည်း သေသေချာချာသိထားရပါမယ်။ ores တွေနဲ့ ores ထဲမှာ အများဆုံးပါတဲ့ ဒြပ်ပေါင်းတွေရဲ့ အမည်တွေ၊ Chemical formula ၊ သတ္တုရိုင်းမှ သတ္တုထုတ်ဖော်ပုံတွေ၊ ယင်းသတ္တုများပါတဲ့ ဒြပ်ပေါင်းထုတ်ဖော်ပုံတွေ၊ ယင်းတို့ရဲ့အသုံးပြုပုံတွေအပြင် ဓာတ်ပြုညီမျှခြင်းတွေကိုလည်း လေ့လာထားရမှာ ဖြစ်ပါတယ်။

Steel အမျိုးအစား (၅) မျိုး၊ alloys (သတ္တုစပ်များ)နဲ့ ယင်းတို့ရဲ့ composition တွေ၊ properties တွေနဲ့ အသုံးဝင်ပုံတွေကိုလည်း သေသေချာချာသိဖို့လိုပါတယ်။ ပြီးတော့ သံချေးတက်ခြင်းအကြောင်းနဲ့ သံချေးတက်ခြင်းကို ကာကွယ်ခြင်း၊ recycling metals (Al & Fe) အကြောင်းတွေကို လေ့လာထားဖို့ လိုပါတယ်။

Chapter (10) Nitrogen and its compounds, Chapter (11) Sulphur and its compounds နဲ့ Chapter (12) The halogens အခန်းများကတော့ nitrogen ဆိုင်ရာ ဓာတ်ခွဲခန်း ဓာတ်ငွေ့ (N_2, NH_3, NO, N_2O, NO_2) ထုတ်ဖော်ပုံ၊ sulphur နဲ့သက်ဆိုင်တဲ့ ဓာတ်ငွေ့(H_2S, SO_2) ထုတ်ဖော်ပုံ၊ halogen များဖြစ်တဲ့ Cl_2, Br_2, I_2 ထုတ်ဖော်ပုံတွေအပြင်၊ ammonia, nitric acid, sulphuric acid, mining sulphur, chlorine အမြောက်အမြားထုတ်ဖော်ပုံတွေကို သိရှိထားရမယ်။ ဓာတ်ခွဲခန်းမှာ ဓာတ်ငွေ့ထုတ်ဖော်ပုံတွေမှာ အညွှန်းမှန်ကန်ပြည့်စုံတဲ့ပုံ၊ မှန်ကန်တဲ့ စာသားညီမျှခြင်းနဲ့ သင်္ကေတညီမျှခြင်း၊ မှန်ကန်တဲ့ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ပြုအခြေအနေ၊ ဓာတ်ငွေ့စုဆောင်းပုံ၊ ဓာတ်ငွေ့ပြည့်မပြည့် စမ်းသပ်နည်း၊ လိုအပ်လျှင် ဓာတ်ငွေ့ကို ခြောက်သွေ့အောင်ပြုလုပ်နည်းတို့နဲ့တကွ လေ့လာကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

ဓာတ်ငွေ့စုဆောင်းတဲ့နည်းတွေကိုလည်း သက်ဆိုင်ရာဓာတ်ငွေ့တွေရဲ့ ရုပ်ဂုဏ်သတ္တိတွေနဲ့ ယှဉ်တွဲပြီး မှတ်ထားရပါမယ်။ ထုတ်ယူမယ့်ဓာတ်ငွေ့ဟာ အက်စစ်ဂုဏ်သတ္တိရှိလား၊ ဗေ့စ်ဂုဏ်သတ္တိရှိလား၊ ဂုဏ်မဲ့လား၊ ပျော်ဝင်သတ္တိဘယ်လိုရှိသလဲ၊ လေထက်လေးသလား၊ ပေါ့သလားစတဲ့ ဂုဏ်သတ္တိတွေနဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ဓာတ်ငွေ့စုဆောင်းနည်းကို မှန်ကန်စွာရေးရပါမယ်။

ဓာတ်ခွဲခန်းတွေတွင် bromine ထုတ်ဖော်ခြင်းမှာ အရည်အဖြစ်စုဆောင်းလိုတာကြောင့် ရီတော့ပေါင်းအိုးကို သုံးရခြင်းဖြစ်ပါတယ်။ nitrogen, sulphur, halogen တွေနဲ့ဆိုင်တဲ့ ဒြပ်ပေါင်းတို့ရဲ့ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနဲ့ အသုံးဝင်ပုံတွေကိုလည်း သိမှတ်ထားဖို့လိုပါတယ်။

Chapter (13) Acids, Bases and their Neutralization မှာတော့ အဓိပ္ပာယ်ဖွင့်ချက်အမျိုးမျိုး၊ proton လွယ်ကူစွာထုတ်နိုင်မှုအပေါ် အခြေခံတဲ့ strong acid နဲ့ weak acid၊ pure acid ပါဝင်မှု (သို့) solvent ပါဝင်မှုပေါ်အခြေခံတဲ့ concentrated acid နဲ့ dilute acid တို့ရဲ့ ခြားနားမှု၊ conjugate acids နဲ့ conjugate bases တို့ကို Bronsted & Lowry theory အရ ခွဲခြားသတ်မှတ်ခြင်းတို့

စာမျက်နှာ (ဂ)သို့

စာမျက်နှာ (ခ) မှ

ပါဝင်ပါတယ်။ Ionic product of water (K_w) ရဲ့ mathematical expression, numerical value တို့ကို သိထားရပါမယ်။ အပူချိန်တစ်ခုမှာ K_w တန်ဖိုးကိန်းသေဖြစ်တယ်။ အပူချိန်ပြောင်းရင် K_w တန်ဖိုးပြောင်းတယ်ဆိုတာလည်း သိရမယ်။

ပျော်ရည်တစ်ခုဟာ အက်စစ်လား၊ ဗေ့စ်လားခွဲဖို့ pH နဲ့ pOH ကို အသုံးပြုနိုင်ပါတယ်။ pH တန်ဖိုး 7 ထက်ငယ်ရင်တော့ acid ပျော်ရည်၊ pH တန်ဖိုး 7 ထက်ကြီးရင်တော့ alkali/base ပျော်ရည်များ ဖြစ်တယ်။ pH 7 မှာဆိုရင်တော့ ရေသန့် (သို့) ဓာတ်ပြယ်တဲ့ပျော်ရည်ဖြစ်ပါတယ်။ acid တွေရဲ့ ပြင်းအားကို K_a/pK_a နဲ့ ပြနိုင်သလို Base / alkali ပျော်ရည်တွေရဲ့ ပြင်းအားကို K_b/pK_b နဲ့ ဖော်ပြနိုင်ပါတယ်။ ပျော်ရည်တစ်ခုတည်းမှာ $[H^+]$ များမယ်၊ K_a တန်ဖိုးကြီးပြီး pK_a တန်ဖိုးငယ်ခဲ့ရင် acid strength ကောင်းပြီးတော့ $[H^+]$ နည်းမယ်၊ K_a တန်ဖိုးငယ်ပြီး pK_a တန်ဖိုးကြီးခဲ့ရင် acid strength နည်းမယ်ဆိုတာ နားလည်သဘောပေါက်ဖို့ လိုပါတယ်။

ဆားအမျိုးအစား (၄) မျိုးဖြစ်တဲ့ အားပြင်းအက်စစ်နဲ့ အားပြင်းဗေ့စ်၊ အားပြင်းအက်စစ်နဲ့ အားပျော့ဗေ့စ်၊ အားပျော့အက်စစ်နဲ့ အားပြင်းဗေ့စ်၊ အားပျော့အက်စစ်နဲ့ အားပျော့ဗေ့စ်တို့ရဲ့ ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းရင်းတွေကို ဆားနမူနာတွေ ရေးပေးပြီး အကျိုးအကြောင်းဆက်စပ်ဖြေရှင်းတတ်ဖို့ လိုပါတယ်။

Buffer solution နဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ examples နဲ့ ပုစ္ဆာတွေကို မှန်ကန်စွာရေးနိုင်၊ တွက်နိုင်ဖို့လိုပါတယ်။ Buffer ပျော်ရည်များက acid/base အနည်းငယ်ထည့်သော်လည်း ပျော်ရည်တစ်ခုရဲ့ pH ကို ဘာကြောင့် မပြောင်းအောင်ထိန်းနိုင်တာလဲဆိုတာ ရှင်းလင်းချက်ကို သိထားဖို့ လိုပါတယ်။ Buffer solution ပုစ္ဆာတွက်တဲ့အခါ အက်စစ်ပျော့တွေရဲ့ ပြိုကွဲမှုကို အပြန်အလှန်ညီမျှခြင်း၊ ဆားတွေရဲ့ပြိုကွဲမှုကို တစ်ဖက်သွားညီမျှခြင်း၊ concentration ကို square bracket, [ ] နဲ့ ဖော်ပြရပြီး unit ကို M (သို့) mol dm^{-3} နဲ့ဖော်ပြခြင်း၊ pH, pOH, pK_a နဲ့ pK_b တို့မှာ unit ဖော်ပြရန် မလိုအပ်ခြင်းစတဲ့ သတိထားရမယ့်အချက်တွေကို နားလည်ဖို့လိုအပ်ပါတယ်။ acid, base တွေရဲ့ pH, pOH, $[H^+]$, $[OH^-]$, pK_a, pK_b ရှာတဲ့ပုစ္ဆာတွက်တွေကိုလည်း mathematical formula တွေ မှန်ကန်စွာရေးပြီး တွက်နိုင်ရပါမယ်။

Chapter (14) Organic Chemistry အခန်းမှာတော့ alkane, alkene, alkyne နဲ့ alcohol တွေကို ပါဝင်တဲ့ carbon လုံးရေအလိုက် graphic structure, molecular structure နဲ့ molecular formula ရေးပုံ၊ Isomer တွေရဲ့ တည်ဆောက်ဖွဲ့စည်းပုံ၊ ယင်းတို့ကို trivial နဲ့ IUPAC system တွေနဲ့ အမည်ပေးပုံ၊ ယင်း H/C ဒြပ်ပေါင်းတွေကို ဓာတ်ခွဲခန်းမှာ ထုတ်ယူနည်းများနဲ့ ယင်းတို့ရဲ့ ဂုဏ်သတ္တိတွေ လေ့လာထားရပါမယ်။ ယင်းဒြပ်ပေါင်းများထုတ်ယူနည်းနဲ့ ဂုဏ်သတ္တိတွေထဲပါတဲ့ အမည်ရှိဓာတ်ပြုခြင်းတွေ၊ ဒြပ်ပေါင်းတစ်ခုမှတစ်ခု ပြောင်းလဲခြင်းတွေ၊ ညဏ်စမ်းပုစ္ဆာတွေ၊ ခွဲခြားခြင်းတွေကို သေသေချာချာ လေ့ကျင့်ထားရမယ်။ ခွဲခြားခြင်းတွေမှာတော့ alkane & alkene, alkane & alkyne, alkene & alkyne, alkynes အချင်းချင်း ခွဲခြားတတ်အောင်၊ ခွဲခြားရာမှာ မျက်စိဖြင့်မြင်ရပြီး သိသာထင်ရှားတဲ့အရောင်ပြောင်းလဲမှု၊ အနည်ကျမှုတို့ပါတဲ့ ဓာတ်ပြုခြင်းတွေကိုသာ အသုံးပြုရပါမယ်။

နောက်ထပ်သတိပြုရမယ့်အချက်ကတော့ ဓာတ်ပြုညီမျှခြင်းများကို ရေးရင် အော်ဂဲနစ်ဒြပ်ပေါင်းများရဲ့ အမည်၊ ဓာတ်ပြုအခြေအနေ အပြည့်အစုံထည့်ရေးပေးဖို့လိုအပ်ပါတယ်။

Petroleum industry and petrochemicals အကြောင်းနဲ့ပတ်သက်ပြီး non-renewable energy များဖြစ်တဲ့ fossil fuels (crude oil, natural gas, coal) ဖြစ်ပေါ်ပုံ၊ renewable energy များဖြစ်တဲ့ biodiesel & biogas, crude oil ကို fractional distillation နည်းစဉ်ဖြင့် သန့်စင်ခြင်း၊ ယင်းနည်းစဉ်ဖြင့် ရလာတဲ့ H/Cs နဲ့ ယင်းတို့ရဲ့ အသုံးဝင်ပုံ၊ kerosene, diesel တို့ကို catalytic cracking နည်းစဉ်သုံးပြီး gasoline ပြောင်းလဲနိုင်ပုံ၊ gasoline (liquid fuel) ရဲ့ flash point နဲ့ ignition temperature ခြားနားချက်တွေကို သိထားဖို့လိုပါတယ်။

အစားထိုးလောင်စာဆီများဖြစ်တဲ့ methanol မှ ထုတ်ယူရရှိတဲ့ gasoline, diesel, LPG, CNG, biodiesel, biogas တွေရဲ့ အကြောင်းအရာများကို လေ့လာမှတ်သားထားဖို့ လိုပါတယ်။ ဒါ့အပြင် transesterification နည်းစဉ်ဖြင့် biodiesel ထုတ်ယူခြင်း၊ anaerobic fermentation နည်းဖြင့် biogas ထုတ်ယူခြင်း၊ ကျောက်မီးသွေးဖြစ်စဉ်အမျိုးမျိုးနဲ့ ကျောက်မီးသွေးမှ ရနိုင်တဲ့ Chemicals တွေအကြောင်း၊ အဲဒီ Chemical တွေရဲ့ အသုံးဝင်ပုံ၊ crude oil, diesel, LPG, CNG, biodiesel, biogas, zeolite, coal နဲ့ coal gas တွေမှာ အဓိကပါတဲ့ elements တွေနဲ့ compounds တွေကို သိရှိထားရပါမယ်။

နောက်ဆုံး Chapter (15) Chemistry in Society ဆိုတဲ့လူနေမှုဘဝနဲ့ ဓာတုဗေဒဘာသာရပ်တို့ ဆက်သွယ်နေပုံကို လေ့လာတဲ့အခန်းမှာတော့ အပင်တွေကြီးထွားဖို့ လိုအပ်နေတဲ့ elements အကြောင်းတွေ၊ အပင်တွေအသက်ရှင်နေနိုင်ဖို့ လိုအပ်တဲ့ သကြားဓာတ်ကို photosynthesis မှရရှိပုံ၊ သဘာဝမြေသြဇာနဲ့ ဓာတ်မြေသြဇာတို့ဟာ အပင်တွေရဲ့ အသီး၊ အပွင့်၊ အရွက်ကြီးထွားမှုကို အားပေးပုံ၊ insecticides အမျိုးအစားတွေနဲ့ အပင်ကြီးထွားမှုကိုအားပေးတဲ့ growth substances တွေအပြင် cement ထုတ်ဖော်ပုံအဆင့်ဆင့်၊ cement ထုတ်ဖော်ရာမှာ သုံးတဲ့ကုန်ကြမ်းပစ္စည်းတွေ၊ Plaster of Paris မှာ ပါတဲ့ composition၊ ထုတ်ဖော်ပုံနဲ့ ဂုဏ်သတ္တိတွေ၊ ပင်လယ်ရေထဲမှာပါဝင်တဲ့ ဆားများနဲ့ ပင်လယ်ရေမှ ဆားထုတ်ဖော်နည်းများအကြောင်းတွေ ပါဝင်ပါတယ်။

ဒါ့အပြင် plastics and polymers အပိုင်းမှာတော့ natural polymers နဲ့ synthetic polymers တွေ၊ မျိုးတူတဲ့ monomer အချင်းချင်းပေါင်းပြီး homopolymer (addition polymer) ဖြစ်ပေါ်လာပုံ၊ မျိုးမတူတဲ့ monomers အချင်းချင်းပေါင်းပြီး copolymer (condensation polymer) ဖြစ်ပေါ်လာပုံတွေ၊ မျိုးတူ monomer တွေကို addition polymerization reaction သုံးပြီး PE, PP, PVC, PTFE, PS အစရှိတဲ့ addition polymer ပြုလုပ်ပုံ၊ မျိုးမတူတဲ့ monomer နှစ်ခုပေါင်းပြီး ရေမော်လီကျူးဖယ်တဲ့ condensation polymerization နည်းဖြင့် Nylon, polyester စတဲ့ condensation polymer ပြုလုပ်ပုံနဲ့ ပါဝင်တဲ့ ဓာတ်စည်းအမျိုးအစား၊ addition နဲ့ condensation polymer တွေရဲ့ ဂုဏ်သတ္တိနဲ့ အသုံးပြုပုံတွေကို လေ့လာကျက်မှတ်ထားရပါမယ်။ Thermoplastic နဲ့ Thermosetting polymer တွေကို ပြန်လည်အသုံးချတဲ့ နည်းတွေကိုလည်း လေ့လာမှတ်သားထားဖို့လိုပါတယ်။ နောက်ဆုံးအနေနဲ့ ဆပ်ပြာချက်ခြင်းအကြောင်း၊ soapless detergent အကြောင်းနဲ့ ယင်းတို့ရဲ့ ချေးချွတ်နိုင်စွမ်း သတ္တိအကြောင်းတွေကို တည်ဆောက်ပုံများနဲ့တကွ ရှင်းလင်းထားတာတွေကို သိရှိထားသင့်ပါတယ်။ Addition polymers၊ Condensation polymers တို့နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို Table (6) မှာ ဖော်ပြပေးထားပါတယ်။

Table 6 Summary of Polymers

Type of Polymers (based on structures)	Name of polymers	Monomers present	Properties of polymers	Uses
Addition polymers	Polyethene/ Polyethylene (PE)	ethene $CH_2=CH_2$	tough, durable	plastic bags, bowls, bottles, packaging
	Polypropene/ Polypropylene (PP)	propene $CH_3CH=CH_2$	tough, durable	crates and boxes, plastic rope
	Polychloroethene/ Polyvinylchloride (PVC)	chloroethene $CH_2=CHCl$	strong, hard	insulation, pipes & guttering
	Polytetrafluoroethene/ Teflon (PTFE)	tetrafluoroethene $CF_2=CF_2$	non-stick surface, withstands high temperature	non-stick frying pans, non-stick taps & joints
	Polyphenylethene/ Polystyrene (PS)	Styrene $C_6H_5CH=CH_2$	light, poor conductor of heat	insulation, packaging (foam)
Condensation polymers	Nylon/Polyamide	a diamine & a dicarboxylic acid	-	making shirts, ties, sheets & racquet strings
	Terylene/Polyester	diol & dicarboxylic acid	-	fibre, clothing

အကြံပြုချက်

အခု Chapter တစ်ခုချင်းအလိုက် လေ့လာကျက်မှတ်ရမယ့်အကြောင်းအရာနဲ့ သတိပြုရမယ့်အချက်တွေကို အသေးစိတ်ဆွေးနွေးပေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာကျက်မှတ်သင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်း အသေးစိတ်နှံ့နှံ့စပ်စပ်ကျက်မှတ်ဖို့၊ ကျိုးကြောင်းဆက်စပ် တွေးခေါ်တတ်ဖို့လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ ပုစ္ဆာတွေ၊ မေးခွန်းဟောင်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို အတိုကောက်မရေးမိဖို့၊ အပုဒ်တိုင်းရဲ့ သက်ဆိုင်ရာမေးခွန်းပုစ္ဆာနံပါတ်ကို ဖော်ပြရေးသားပေးဖို့ သတိပြုရပါမယ်။ အထူးသတိပြုရမယ့်အချက်ကတော့ မေးခွန်းနံပါတ် (၁) မှ (၆) အထိဟာ လုံးဝရွေးချယ်ခွင့်မရှိတဲ့အတွက် အမှတ်များများလိုချင်ရင် အခန်း (၁၅)ခန်းလုံးကို နှံ့နှံ့စပ်စပ် သိထားဖို့လိုပါတယ်။

နောက်ဆုံးအနေနဲ့ ဆရာ၊ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခု ဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၁၆ ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်း အမျိုးအမည်
(က)	12(T)17/MR(RBE)	(RBE) In-Service Rail Bus (18) Nos ဝယ်ယူရန်
(ခ)	၈၆/မမ/CME	အင်းစိန်စက်ခေါင်းစက်ရုံတွင် Computerized စနစ်သုံး Inventory Control System, Time Attendance and Payroll System နှင့် Network လုပ်ငန်းများဆောင်ရွက်ရန်

စဉ်(က) တင်ဒါပိတ်မည့် နေ့/အချိန် - ၁၅.၂.၂၀၁၆ (တနင်္လာနေ့)(၁၂. ၃၀)နာရီ
စဉ်(ခ) တင်ဒါပိတ်မည့် နေ့/အချိန် - ၁.၃.၂၀၁၆ (အင်္ဂါနေ့)(၁၂. ၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁.၂.၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် (၅၁)လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- 291985, 294352, 291994

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၂-၂၀၁၆ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၄-၂-၂၀၁၆ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

မြေကွက်များ ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များရှိ မြေကွက်များ ဝယ်ယူလိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊ ၀၉-၂၆၀၆၆၄၄၉၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 2G/6380 Nissan CV 45 BNN Bowser(6× 2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးသူ ၁၀/မလမ(နိုင်)၂၀၈၈၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

“ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ ”

လှိုင်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-၅/ဗ-၄၆ (၁-၂)၊ မြေကွက်တည်နေရာ-အမှတ် (၁၄)၊ သီရိမင်္ဂလာလမ်း၊ (ဂ)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဧရိယာ(၀.၀၅၇)ဧက (မြေပိုင်မြေ)အမည်ပေါက် ဒေါ်စိုးကြည်မြေအား အမည်ပေါက်နှင့်ခပ်သွန်ဦးလှတင်တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်ခင်သက်ကြည် (၁၄/မမန (နိုင်) ၀၆၃၆၀၇)၊ (၂)ဒေါ်ကြည်ကြည်ဝင်း(၁၂/လမန (နိုင်) ၀၄၅၁၆၃)၊ (၃) ဦးမြင့်ကြွယ် (၁၄/မမန (နိုင်) ၀၆၃၆၀၅)၊ (၄) ဦးသောင်းထွန်း (၉/မတလ (နိုင်) ၁၅၆၄၃၃)၊ (၅) ဒေါ်နီ (၁၂/လမန (နိုင်) ၀၄၇၄၆၆) တို့က အမည်ပေါက် ဒေါ်စိုးကြည်၏သေစာရင်း၊ ဖခင် ဦးလှတင် သေဆုံးကြောင်း (မြို့နယ်ရပ်ကွက်) တိုင်းကျန်းမာရေးဦးစီးဌာန ထောက်ခံချက်၊ ကျမ်းကျိန်လွှာ (၁)စောင်တို့ကို တင်ပြ၍ ကိုယ်တိုင်နှင့် GP ရရှိသူ ဒေါ်နီမှ ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်းအသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၅/ည+၁၅/ဋ)၊မြေကွက်တည်နေရာအမှတ်(၄/ခ)၊စံချိန်သစ်လမ်း၊ဂ/ကရပ်ကွက်၊ သင်္ဃန်းကျွန်း၊ဒေါ်လှ(၁၂/တမန(နိုင်)၀၀၉၆၆၂) အမည်ပေါက်ဘီလ/နှ၃(ခ)မြေအားအမည်ပေါက် ဒေါ်လှ(မိခင်)နှင့်ဦးလင်းချမ်းဟင်(ခ)ဦးမောင်လှ(ဖခင်) တို့ကွယ်လွန်သဖြင့်ဦးသိန်းစံ(၁၂/တမန(နိုင်)၀၉၀၇၂၀)၊ဦးသိန်းဝင်း(၁၂/ဒဂတ(နိုင်)၀၀၉၉၅၁)၊ဒေါ်ခင်ခင်မော်(၁၂/တမန(နိုင်)၀၉၀၇၂၁)တို့ကသား/သမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊သေစာရင်း၊ ထောက်ခံချက်ကျမ်းကျိန်လွှာတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါရှိသည့် နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေ လူ့မိတ်ဆွေ

သစ်တောဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပုံစံ(၈)ဝင်
ကျွန်းခွဲသားနှင့်အခြားသားများအား ရောင်းချရန် လေလံကြော်ငြာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ သစ်တောဦးစီးဌာန မော်လမြိုင်ကျွန်းမြို့နယ်မှ ပုံစံ(၈)ဝင် ကျွန်းခွဲသား ၀ဒသမ၉၃၂၄ တန်နှင့် အခြားခွဲသား ၄ဒသမ၀၀၆၆ တန်အား မြို့နယ်ဦးစီးဌာနမှူးရုံး၊ သစ်တောဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့၌ ၈-၂-၂၀၁၆ရက် နံနက် ၁၀:၀၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့်လေလံရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **အထက်ပါလေလံတင်ရောင်းချသည့် ပုံစံ(၈)ဝင် ကျွန်းခွဲသားနှင့် အခြားခွဲသားများအား တိုင်းကျော်သယ်ယူခွင့်မပြုပါ။**

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မြို့နယ်ဦးစီးဌာနမှူးရုံး၌ ကြော်ငြာပါသည့်ရက်မှစ၍ ၇-၂-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးထားဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၂-၅၀၃၄၈၊ ၀၉-၇၉၆၄၂၇၀၀၆၊ ၀၉-၇၉၃၄၂၃၀၅၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီအဖွဲ့

ဝယ်ယူလိုပါသည်

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ HP Laptop (၅၆လုံး)၊ HP Desktop (၁၂၆ လုံး)၊ Monitor (၁၇ လုံး) နှင့် UPS (၂၄ လုံး)တို့ကို ဝယ်ယူလိုပါသည်။
စုံစမ်းရန် - အမှတ် (၅/၅၉)၊ အေးရတနာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၀၁-၈၅၅၁၂၆၄၊ ၀၁-၈၅၅၀၈၂၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၀၁၀၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧက ဒေါ်အေးအေးဝင်း အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၅၅/၂၀၁၅ဖြင့် ဒေါ်အေးအေးဝင်း၏ အထူးကိုယ်စားလှယ် ဦးအောင်စိုး ၁၄/ပသန(နိုင်)၀၇၆၀၆၄ (ဘ)ဦးမောင်နီမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ဥ-၅၀၅၄)၊ ဧရိယာဝဒသမ၂၂၉ဧက ဦးအောင်မြင့် အမည်ပေါက်နှစ် ၃၀အငှားဂရန်မြေကွက်အား ဒေါ်မင်းမင်းသွယ် ၇/တငန (နိုင်) ၀၉၈၉၂၉ (ဘ) ဦးချန်စိန်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ဒ/၂၂၂၁၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ပါမစ်မြေကွက်အား ဒေါ်တင်တင်ဝင်း (ဘ)ဦးလှမော် ၉/ပမန(နိုင်)၁၇၆၂၉၈ မှ ပိုင်ဆိုင်မှုအထောက်အထားများတင်ပြ၍ မြေကွက်နေရာယာယီချထားပေးသည့် လက်မှတ်ပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်မှုမရှိပါက ဒေါ်တင်တင်ဝင်းအမည်ပေါက် မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် မူရင်းအားပယ်ဖျက်၍ မိတ္တူမှန်ထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် အသုံးပြုရန်လိုအပ်သော **Vein Detector, Pleural Biopsy Needle နှင့် Renal Biopsy Needle** တို့ကို ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၃-၂-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင် ရယူနိုင်ပြီး ၁၇-၂-၂၀၁၆ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဇမ္ဗူသီရိအထူးကုဆေးရုံကြီး

ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ကျိုင်းတုံခရိုင်၊ သစ်တောဦးစီးဌာန အခြားခွဲသားနှင့် ဆက်စပ်ပစ္စည်းများလေလံတင်ရောင်းချရန် လေလံကြော်ငြာအမှတ် (၁/၂၀၁၆)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ရှမ်းပြည်နယ်(ကျိုင်းတုံ)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ ပုံစံ (၈)ဝင် အခြားခွဲသား ၇ဒသမ၈၆၀၉တန်နှင့် သစ်ခွဲစက်၊ သစ်ဖြတ်စက်၊ ရွှေဘော်စက်နှင့် ဆက်စပ်ပစ္စည်းများအား လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကျိုင်းတုံမြို့တွင် ၁၅-၂-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့တွင် ၁၀-၂-၂၀၁၆ရက်မှစတင်ဝယ်ယူနိုင်ပြီး လေလံလျှောက်လွှာတင်ခြင်းနှင့် စပေါ်ငွေပေးသွင်းခြင်းအား ၁၃-၂-၂၀၁၆ရက်တွင် နောက်ဆုံးထားတင်ပြရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကျိုင်းတုံမြို့၏ ဖုန်း-၀၈၄-၂၃၃၁၈၊ ၀၈၄-၂၁၀၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ဒ/၂၀၉၈၊ ဧရိယာ ၀ ဒသမ၂၂၉ ဧကရှိ ပါမစ်မြေကွက်အား ဒေါ်ထားထားခိုင် (ဘ) ဦးအိခိုင် (ခ) ဦးလှမောင် ၉/ပမန(နိုင်) ၀၁၀၆၃၈မှ ပိုင်ဆိုင်မှုအထောက်အထားတင်ပြ၍ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ် ပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်မှုမရှိပါက ဒေါ်ထားထားခိုင်အမည်ပေါက် မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် မူရင်းအားပယ်ဖျက်၍ မိတ္တူမှန်ထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
အမှတ်–၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့။

ရက်စွဲ ။ ၂၀၁၆ ခုနှစ်၊ဖေဖော်ဝါရီ လ (၁)ရက်

ကြေညာချက်

၁။ ၂၀၁၅ ခုနှစ်မတ်လ တွင် ဖွင့်လှစ်သော (၃၁၄) ကြိမ်မြောက် ၂၀ဝိ/–တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ရရှိသည့် အောက်ပါဆုလက်မှတ်ပေါင်း (၃၇၃၃)ဆုကို ယနေ့တိုင် တောင်းခံခြင်း မရှိသေးပါ။

၂။ ဖော်ပြပါ ဆုရလက်မှတ်များကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်နေ့အထိ ရန်ကုန်မြို့ နှင့် မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ရုံးများသို့ တင်ပြ၍ ဆုငွေများကို တောင်းခံနိုင်ပါသည်။

၃။ ကျပ် ၁၀၀၀၀၀ဝိ/–အထက်ဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ တွင်သာ ထုတ်ပေးပါမည်။ ကျန်ဆုငွေများကို အထက်ပါရုံးများအပြင်နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ တွင်လည်း ထုတ်ယူနိုင်ပါသည်။ မည်သည့်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ထုတ်ယူလိုကြောင်း သက်ဆိုင်ရာမြို့နယ်အခွန် ဦးစီးရုံး၏ စစ်ဆေးစိစစ်ချက်၊ ထောက်ခံချက်များနှင့်အတူ အထက်ပါ နေ့မတိုင်မီအကြောင်းကြား တောင်းခံနိုင်ပါသည်။

၄။ ကျပ် ၅၀၀၀ဝိ/– အပါအဝင် ဆုမဲစာရင်းများကို ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးဌာနရုံးများ၊ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးများ အသီးသီးရှိ ကြော်ငြာသင်ပုန်းများနှင့် www.irdmyanmar.gov.mm တွင် ကြေညာထားသည်။

၅။ အထက်ပါနေ့ကျော်လွန်ပြီးနောက် တောင်းခံလာသော ဆုရလက်မှတ်များကို စဉ်းစားမည်မဟုတ်ဘဲ ပြည်သူ့ဘဏ္ဍာငွေအဖြစ် သိမ်းသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(၃၁၄)ကြိမ်ဘဏ္ဍာသိမ်း

ကျပ်(၅၀၀၀၀၀၀ဝိ/–)ဆု

ကစ–၆၃၈၈၂၉

ကျပ်(၃၀၀၀၀၀၀ဝိ/–)ဆု

ဠ – ၉၁၄၈၈၉

ကျပ်(၁၀၀၀၀၀၀ဝိ/–)ဆုများ

ဃ – ၉၅၉၀၀၇
န – ၇၄၆၄၅၃
ယ – ၈၆၅၆၈၉

ကျပ်(၅၀၀၀၀ဝိ/–)ဆုများ

ဋ – ၄၅၂၁၅၅
ဋ – ၈၇၇၇၉၆
ဒ – ၅၈၉၈၁၃

ကျပ်(၂၅၀၀၀ဝိ/–)ဆုများ

ဈ – ၂၁၆၈၉၇
ဃ – ၇၂၁၇၄၄
ဋ – ၉၄၃၇၁၀
ဠ – ၄၁၇၂၅၂

ကျပ်(၁၀၀၀၀ဝိ/–)ဆုများ

င – ၄၃၁၈၄၈
ဃ – ၅၄၃၀၈၅
ဗ – ၆၈၆၀၆၅
စ – ၈၂၆၇၆၇
ဏ – ၉၄၃၁၃၇
ဘ – ၂၈၂၈၆၇
ဓ – ၉၁၇၀၃၉
ဖ – ၉၀၅၈၅၄
ဘ – ၃၇၅၂၆၀
ဟ – ၄၃၁၅၀၂
ကဃ – ၁၈၄၀၀၁

ကျပ်(၅၀၀၀ဝိ/–)ဆုများ

ခ – ၁၈၉၆၅၆
ခ – ၆၁၄၂၇၆
ဗ – ၄၆၉၃၃၄
ရ – ၉၆၅၉၉၉
ခ – ၂၉၄၆၅၁
င – ၉၂၆၅၉၃
ဘ – ၈၉၇၅၁၈
သ – ၄၁၉၃၁၀
ခ – ၂၉၅၃၂၅
ဒ – ၃၆၆၁၀၅
ရ – ၅၂၉၁၅၃
ဠ – ၇၉၃၄၇၃
ကက – ၄၀၃၅၅၅